# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၈၅)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ ဧပြီ ၃ ရက်၊ သောကြာနေ့။


**အပ္ပမာဒ မင်္ဂလာ**

ကုသိုလ်ကောင်းမှု တရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

## နိုင်ငံရေးဆွေးနွေးပွဲတွေကိုဦးတည်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကြီး ဖွင့်လှစ်နိုင်ပြီ

“ဒီမိုကရေစီကျင့်စဉ်များအရ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်မှုတွေကို အသိအမှတ်ပြုရမှာဖြစ်တဲ့နည်းတူ တည်ဆဲဥပဒေတွေနဲ့ စည်းကမ်းများကို လေးစားလိုက်နာကြဖို့လို”

စာမျက်နှာ-၃



## အိုင်စီတီအသုံးချမှု ယခုထက်ပိုမိုတိုးတက်လာစေရေး မြှင့်တင်ဆောင်ရွက်ပေးရန်လို



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Myanmar Software Showcase 2015 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာ-၈) (သတင်းစဉ်)

ကျွန်တော်တို့လည်း ငြိမ်းချမ်းချင်လှပြီ စာ » ၄

အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်တဲ့အတွက် ဝမ်းသာ စာ » ၁၁




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ထာဝရငြိမ်းချမ်းရေးဆီသို့ အရောက်လှမ်းကြပါစို့

လူအများအတွက် ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံ၍ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြသူများကို သူရဲကောင်းဟု ဆိုကြပါသည်။ စစ်ရေး၌ဖြစ်စေ၊ နိုင်ငံရေး၌ဖြစ်စေ၊ နိုင်ငံနှင့်လူမျိုး ကြီးပွားတိုးတက်ရေးအတွက်ဖြစ်စေ၊ ကိုယ်ကျိုးစွန့်ကြိုးပမ်းအားထုတ်ကြသူများသည် သူရဲကောင်းများဟု ဆိုရမည်သာ ဖြစ်ပါသည်။ သူရဲကောင်းတို့၏ ကြိုးပမ်းအားထုတ်မှုတိုင်းသည် သမိုင်းမော်ကွန်းတွင်ကျန်ရစ်နေမည်သာ ဖြစ်ပါသည်။ ရဲဝံ့ပြောင်မြောက်စွာ လုပ်ကိုင်ဆောင်ရွက်မှုကို ပြည်သူအပေါင်းက ချီးကျူးလေးစားနေမည်သာဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် နှစ်ပေါင်း ၆၀ ကြာ တိုင်းရင်းသားလက်နက်ကိုင် ပြည်တွင်းရေးပဋိပက္ခသည် ခေါင်းဆောင်အသီးသီး၏ မဆုတ်မနစ် ကြိုးစားအားထုတ်မှုများဖြင့် ပစ်ခတ်တိုက်ခိုက်မှုတို့ရပ်စဲ ချုပ်ငြိမ်းကာ ထာဝရငြိမ်းချမ်းရေးဆီသို့ အရောက်လှမ်းနိုင်ရန် ဦးတည်ခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ကြိုးစားအားထုတ်မှုကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးခဲ့ပြီဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ခြင်းကပင် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်ကြသူများသည် သူရဲကောင်းများပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြီးခဲ့သည့်မတ်လအတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် မိမိတို့ငြိမ်းချမ်းရေးဆောင်ရွက်သည်ဆိုသည်မှာ ပြည်သူများ၏ ငြိမ်းချမ်းလိုသည့်ဆန္ဒကို ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရန်၊ မရရန် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များသည် မိမိတို့နှစ်ဖက်သောအဖွဲ့ အစည်းများမှ (key Player) များပင်ဖြစ်ပါကြောင်း၊ သို့သော် အကျိုးသက်ရောက်မှုများသည် ပြည်သူအားလုံးကို အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း၊ လက်နက်နှင့်တိုက်ခိုက်နေရုံမျှနှင့် မပြီးဆုံးနိုင်ပါကြောင်း၊ ပြည်သူများပင် ဒုက္ခရောက်ကြရပါကြောင်း၊ ပြည်သူများသည် မိမိတို့အားလုံးနှင့် သက်ဆိုင်သည့် ညီအစ်ကိုမောင်နှမများပင်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည် ပြည်သူများ၏ ပြင်းပြဆန္ဒ၊ ပြည်သူများ အမှန်တကယ်လိုလားနေသော ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးရယူသွားရန် လိုအပ်နေပြီဖြစ်ပါသည်။ သဘောတူညီမှုရရှိထားပြီဖြစ်သည့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးအတည်ပြုနိုင်ရန်သာ ရှိတော့သည်။ ဆက်လက်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာသော ဒီမိုကရေစီယဉ်ကျေးမှုသစ်နှင့်အညီ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရန် ပြည်သူအားလုံးက မျှော်လင့်စောင့်စားနေကြပြီဖြစ်သည်။ ရွှေပြည်တော် မျှော်လေတိုင်း မဝေးစေရန်မှာမူ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ပါဝင်သူများ၊ ဆုံးဖြတ်သူများ၏ စေတနာ စေတသိက်က အဓိကဖြစ်ပါလိမ့်မည်။ မည်သို့ပင် ဆိုစေကာမူ ပြင်းပြသောဆန္ဒ၊ ထက်သန်သောဝီရိယ၊ ခိုင်မာသောသန္နိဋ္ဌာန်စိတ်နှင့် ဆင်ခြင်တုံတရားပြည့်ဝသော ပညာ (ဝီမံသ)တို့ကို အခြေခံလျက် အများအကျိုးကို ရှေးရှုကာ ငြိမ်းချမ်းရေးသူရဲကောင်းများပီသစွာ ထာဝရငြိမ်းချမ်းရေးဆီသို့ အရောက်လှမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## ပြည်တွင်းသတင်း

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေး

**ဖျာပုံ ဧပြီ ၂**

စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများ မြှင့်တင်ရေး၊ စာကြည့်တိုက်များအပေါ် ပြည်သူများ၏ ထင်မြင်ယူဆချက်အသစ်များဖြစ်ပေါ်လာရေးနှင့် စာကြည့်တိုက်လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးမည့်သူများကို ဆက်သွယ်ရှာဖွေ ဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသော စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ကျေးရွာပေါင်း ၁၀ရွာမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲကိုကိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးဇော်မင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖျာပုံခရိုင်တွင် အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို ဒေးဒရဲမြို့နယ် ညောင်တစ်ပင်ကျေးရွာနှင့် ကျိုက်လတ်မြို့နယ် တမံကြီးကျေးရွာများ၌လည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**



# အသိပညာပေးဟောပြော

**နေပြည်တော် ဧပြီ ၂**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်၌ သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဧပြီ ၁ ရက်က ဇဝနဒီပရပ်ကွက်မြောရုံနှင့် ကျည်တောင်ကန်အုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင်ကျင်းပသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်၊ စိတ်ကြွဆေးဝါးများ၏ အန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲ ခြင်းနှင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း အန္တရာယ်အကြောင်း၊ မှုခင်းပိုင်းဆိုင်ရာ ကျဆင်းရေး အကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ဇော်မျိုးနိုင်**

# လားရှိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဧပြီ ၂**

နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန် ကျန်နေသူများအတွက် မိုးပွင့် (အထူး)စီမံချက်ဖြင့် လားရှိုးမြို့နယ်ရုံးမှ ဒုလဝကမှူး ဦးရန်ဝင်းအောင်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ လိုက်ပါလျက် မတ် ၁၀ နှင့် ၁၁ ရက်များတွင် လွယ်တောက်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာငါးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ကျေးရွာနေလားဟူ၊ ရှမ်း၊ ကချင် တိုင်းရင်းသား ပြည်သူ ၁၇၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိသူများကို မြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့်ဝန်ထမ်းများက ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# ယောမင်းကြီး ဦးဘိုးလှိုင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**ဗန်းမော် ဧပြီ ၂**

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာတွင်ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်းနှင့်ကျေးရွာပြည်သူများစုပေါင်း လှူဒါန်းငွေများဖြင့် ဆောက်လုပ်သော ၃၂ သိန်းခန့်တန်ဖိုးရှိ ယောမင်းကြီး ဦးဘိုးလှိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂ ရက်နံနက် ၉ နာရီမင်္ဂလာအချိန်၌ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# ပျားရည်ဘဏ်တိုက်စာကြည့်တိုက်ဖွင့်

**လယ်ဝေး ဧပြီ ၂**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများ စုပေါင်း လှူဒါန်းငွေကျပ် ၁၁၅၀၀၀၀ တို့ဖြင့် ဆောက်လုပ်ခဲ့သည့် ပျားရည်ဘဏ်တိုက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ်နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ ပြန်/ဆက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒက္ခိဏခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေး၊ မြို့နယ် ထွေ/အုပ် ဒုတိယဦးစီးမှူး ဦးအေးဇော်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံများ တက်ရောက်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရုံးတော၊ ငှက်ပျောတော၊ သာဝတ္တိ၊ တောင်စဉ်အေး၊ ရေလည်ကွေ့၊ ဂုဏ်မင်းအိုင်၊ ခရိုင်းကိုင်း အစရှိသည့် စာကြည့်တိုက်များသို့ သွားရောက်ကာစာကြည့်တိုက် ကော်မတီဝင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၁၅၄)**



**ကမာရွတ်မြို့နယ် မိုးပွင့်(အထူး)စီမံချက်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ကွင်းဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ မတ် ၃၁ ရက်က အမှတ်(၈)ရပ်ကွက်တွင် အိမ်တိုင်ရာရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးစဉ်။** ခင်မောင်သော်(ကမာရွတ်)

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်ကျင်းပ

**ပွင့်ဖြူ ဧပြီ ၁**

ပွင့်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ်၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်း ဗိုလ်ဥတ္တမခန်းမ၌ နှစ်ပတ်လည်အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာကြသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ခဲ့ရာ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၁ သိန်းရှိကြောင်း သိရသည်။ ပွင့်ဖြူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် တပ်မတော်၏ အရန်အင်အားအဖြစ် လိုအပ်သောတာဝန်များကို ပူးတွဲထမ်းဆောင်သွားကြရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဌေး(ပွင့်ဖြူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၃ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၅၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၄၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၀၀-၁၇၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၉၀-၈၇၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၁၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၆၀-၈၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

ရေဒီယိုမိန့်ခွန်း

# မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**၃-၄-၂၀၁၅**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှ တစ်ဆင့်အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မတ်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ လေးနှစ်တာကာလကို ပြန်ပြောင်းကြည့်ရှုတဲ့အခါ နိုင်ငံရေးဖြစ်ထွန်းမှုများထဲမှာ အဓိကကျတဲ့ ဖြစ်ထွန်းမှုကတော့ ပြည်သူလူထုအနေနဲ့ နိုင်ငံရေးမှာပါဝင်ခွင့်ရခြင်းဆိုတဲ့ပကတိအခြေအနေပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေကိုရောက်ရှိဖို့အတွက် ကျွန်တော်တို့အားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုတွေနဲ့ တည်ဆောက်ခဲ့ရတယ်ဆိုတာကလည်း ငြင်းဆိုလို့မရတဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ဖြစ်ထွန်းမှုများရဲ့ တန်ဖိုးမှန်ကိုသိရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့အတွက် အနာဂတ်ကိုမျှော်ပြီး ကြည့်ရှုနိုင်ရမှာလည်း ဖြစ်ပါတယ်။ နောက်ထပ်တစ်ဆင့်ကို တက်လှမ်းတယ်ဆိုရာမှာ ပြည်သူအားလုံး လိုလားတဲ့၊ ပိုင်ဆိုင်လိုတဲ့၊ ဒီမိုကရေစီထွန်းကားတဲ့လူ့အဖွဲ့အစည်းကို ရောက်ရှိရေးဆိုတဲ့ မျှော်လင့်ချက်ကို အဆင့်ဆင့်တည်ဆောက်ခြင်းဆိုတဲ့ နိုင်ငံရေးအနာဂတ်ကိုဖန်တီးခြင်းပဲဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်ကို အဆင့်ဆင့်ဖန်တီးတဲ့အခါမှာ အဓိကကျတဲ့ နိုင်ငံရေးဖြစ်စဉ်ကတော့ ရွေးကောက်ပွဲနည်းလမ်းတွေနဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေကို ခိုင်မာအောင်တည်ဆောက်ခြင်းကသာလျှင် နည်းလမ်းမှန်ဖြစ်တယ်ဆိုတာကို ရှုမြင်ပြီး ယုံကြည်ချက်အပြည့်နဲ့ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲများဟာ လိုအပ်တဲ့ နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းများ တည်ဆောက်ရေးဆိုတဲ့ လုပ်ငန်းစဉ်များရဲ့ အစပြုဖြစ်စဉ်ပဲဖြစ်ပါတယ်။ အခုလက်ရှိ အခြေအနေဟာဆိုရင်လည်း ရွေးကောက်ပွဲအကြိုကာလများကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ အထက်မှာ ကျွန်တော်ညွှန်းဆိုခဲ့တဲ့ ပြည်သူလူထုနိုင်ငံရေးတွင် ပါဝင်ခွင့်ရခြင်းဆိုတာကို လက်လွတ်ဆုံးရှုံးမှုမခံဘဲ နောက်တစ်ဆင့် တက်လှမ်းရမယ့်အဆင့်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကိုမျက်ခြည်မပြတ်စေဘဲ ပြင်ဆင်ကြိုးပမ်းဆောင်ရွက်ကြရမယ့် အချိန်ကာလပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် **ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဆင်နွှဲကြတဲ့နိုင်ငံတိုင်း ကြုံတွေ့ဖြတ်ကျော်ရသလိုပဲ တိုင်းပြည်ရဲ့ လက်ရှိပကတိနိုင်ငံရေးအခြေအနေများအပေါ် လက်တွေ့ကျကျ ရှုမြင်ပြီးတော့ ချောမွေ့ညင်သာပြီး အောင်မြင်တဲ့ အသွင်ကူးပြောင်းရေး တစ်ရပ်ဖြစ်ရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းကြရမယ့် အချိန်ကာလပဲဖြစ်**ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်တည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို နှစ်ပေါင်းများစွာ ကြုံတွေ့လာခဲ့ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာအရှည်ကြာဆုံးနဲ့ အရှုပ်ထွေးဆုံး လက်နက်ကိုင်ပဋိပက္ခတစ်ခုအဖြစ် နိုင်ငံတကာ ပညာရှင်များကလည်း သုံးသပ်၊ လက်ခံထားကြပါတယ်။ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိဖို့ လျှောက်လှမ်းရတဲ့လမ်းဟာ အခက်အခဲပေါင်း များစွာရှိပြီး လွယ်ကူတဲ့အဖြေဆိုတာလည်း မရှိပါဘူး။

သို့သော်လည်း ဒီကနေ့အချိန်မှာတော့ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့အတွက် အရေးအကြီးဆုံး မှတ်တိုင်တစ်ခုဖြစ်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် စာချုပ်ပါအချက်အလက်များအားလုံးကို သဘောတူညီမှုရရှိသွားပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ပါအချက်အလက်များအားလုံးကို ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ အပြန်အလှန် အတည်ပြုချက်ရယူပြီး သဘောတူညီထားကြောင်း ပဏာမအဆင့် လက်မှတ်ရေးထိုးပွဲကို ကျွန်တော်ကိုယ်တိုင် တက်ရောက်အသိအမှတ်ပြုခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုတွေရရှိအောင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပါဝင်ဆွေးနွေးသူ ခေါင်းဆောင်တစ်ဦးချင်းစီအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များမှာ ပေါ်ပေါက်လာတဲ့ အခက်အခဲများကို စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနဲ့ လေးစားမှုတို့ကို အခြေခံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တာဝန်ကျေမှုများကိုလည်း လေးစားဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။ များမကြာမီ ကာလအနည်းငယ်အတွင်းမှာပဲ နှစ်ဖက်ဆွေးနွေးဖက်များ သဘောတူအတည်ပြုထားတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်တော့မှာ ဖြစ်တဲ့အကြောင်းလည်း ငြိမ်းချမ်းရေးကို စိတ်ဆန္ဒပြင်းပြစွာ လိုလားတောင့်တနေကြတဲ့ ပြည်သူများထံ သတင်းကောင်းပါးလိုပါတယ်။ ခက်ခဲတဲ့အကျပ်အတည်းတွေကို ကျော်လွှားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးတည်တဲ့ငြိမ်းချမ်းရေး လမ်းကြောင်းကြီးကို ဖွင့်လှစ်နိုင်ပြီလည်းဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုးကန့်အရေးနဲ့စပ်လျဉ်းပြီးတော့ အနည်းငယ်ပြောကြားလိုပါတယ်။ လက်ရှိအချိန်မှာ ကိုးကန့်ဒေသမှာ အရေးကြီးလုပ်ငန်းစဉ်အနေနဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေးကို အဓိကထား လုပ်ဆောင်နေတဲ့အဆင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်နေတဲ့ နိုင်ငံတော်သစ်မှာ တိုင်းရင်းသားများ၊ လူနည်းစုများရဲ့ အခွင့်အရေးကို အကာအကွယ်ပေးဖို့ဆိုတဲ့ ကိစ္စရပ်တွေကိုလည်း ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုနဲ့ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေသာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ဆက်ဆံရေးကောင်းရှိဖို့ လိုအပ်နေတဲ့အချိန်မှာ ဒီလိုပဋိပက္ခတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို အထိခိုက်ခံမှာမဟုတ်ဘူးဆိုတာကိုလည်း ပြောကြားလိုပါတယ်။

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ဆန္ဒပြတဲ့နည်းလမ်းနဲ့ ကြိုးပမ်းတဲ့ကိစ္စရပ်များမှာ စိတ်မကောင်းစရာ၊ ဝမ်းနည်းဖွယ်ရာကိစ္စရပ်တွေ များစွာဖြစ်ပွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်တွေမှာ ကျွန်တော်တို့အားလုံး သင်ခန်းစာတစ်ရပ်အနေနဲ့ ရယူဖော်ထုတ်နိုင်တာကတော့ ဒီမိုကရေစီရဲ့ကျင့်စဉ်တစ်ရပ်ဖြစ်တဲ့ သည်းခံနိုင်စွမ်းရှိခြင်းဆိုတာကို အနေဝေးခဲ့တဲ့ အကျိုးဆက်တွေပဲဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို သင်ခန်းစာယူပြီးတော့ အင်အားစုအားလုံးဟာ နောင်ကြုံတွေ့လာရမယ့် ဖြစ်စဉ်များမှာ ပိုမိုပြီးစည်းကမ်းတကျ ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ရဲ့ အရည်အသွေးတွေကို မြှင့်တင်ကြရမှာလည်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီကျင့်စဉ်များအရ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်မှုတွေကို အသိအမှတ်ပြုရမှာဖြစ်တဲ့နည်းတူ တည်ဆဲဥပဒေတွေနဲ့ စည်းကမ်းများကို လေးစားလိုက်နာကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ မတ်လအတွင်းကဖြစ်ပွားခဲ့တဲ့ အောင်တံခွန်ရေယာဉ်နစ်မြုပ်ခဲ့တဲ့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်နဲ့ ပတ်သက်ပြီးတော့ မိသားစုဝင်များ ဆုံးရှုံးခဲ့ရတဲ့ ကျန်ရစ်တဲ့မိသားစုများနဲ့ ထပ်တူဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါတယ်။ မည်သည့်အကြောင်းနဲ့အခုလို ဖြစ်ရပ်ပေါ်ပေါက်ခဲ့ရသည်ဖြစ်စေ ဆုံးရှုံးနစ်နာသွားရတဲ့ပြည်သူများရဲ့ အသက်တွေဟာ အလွန်အမင်းနှမြောစရာ တန်ဖိုးတွေပဲဖြစ်ပါတယ်။ အစိုးရဌာနများ၊ ဝန်ထမ်းအဖွဲ့အစည်းများရဲ့လိုအပ်ချက်၊ အားနည်းချက်နဲ့ ပေါ့ဆမှုတွေကြောင့် နောက်နောင်မှာ အခုလိုဝမ်းနည်းစရာဖြစ်ရပ်တွေ ထပ်မံမပေါ်ပေါက်စေဖို့အတွက် လိုအပ်တဲ့ စီမံဆောင်ရွက်မှုတွေ လုပ်ဆောင်ကြဖို့ အဆင့်ဆင့်ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ကူးသန်းသွားလာရေးမှာ ပြည်သူများအနေနဲ့ လုံခြုံစိတ်ချစွာသွားလာနိုင်ဖို့အတွက် လက်ရှိပေါ်ပေါက်နေတဲ့ အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှု၊ နည်းပညာဆိုင်ရာ အားနည်းချက်တွေကို အလျင်အမြန် ဖြည့်ဆည်းဆောင်ရွက်သွားကြရမှာလည်း ဖြစ်ပါတယ်။



မတ်လအတွင်းမှာ တပ်မတော်နေ့အခမ်းအနားကို နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့လွတ်လပ်ရေးကြိုးပမ်းမှု ဖြစ်စဉ်အတွင်းမှာ အဓိကကျခဲ့တဲ့ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ မြန်မာ့တပ်မတော်ဟာ နှစ်ပေါင်း(၇၀)သက်တမ်းကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် အထူးသဖြင့် ကျွန်တော်တို့လို မဟာဗျူဟာကျတဲ့နေရာမှာတည်ရှိပြီး သေးငယ်တဲ့ နိုင်ငံငယ်တွေအတွက် ကျစ်လျစ်ပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာလည်း ဒီကနေ့ ကမ္ဘာ့အခြေအနေများနဲ့ ဒေသတွင်းအခြေအနေများက အခိုင်အမာ သက်သေထူလျက်ရှိပါတယ်။

ဒီကနေ့ မြန်မာ့တပ်မတော်အနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရေးနဲ့ မူလတာဝန်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာတဲ့အခါမှာ ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ဖို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးဆိုတဲ့ ကိစ္စရပ်များမှာ ပြည်သူလူထုအနေနဲ့ ကြိုဆိုအားပေးမှုများ ပြုလုပ်ပေးကြရမှာလည်း ဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ မိမိတို့ရဲ့အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရေးဆိုတာကို မျက်ခြည်မပြတ်ဖို့ လိုအပ်ပါတယ်ဆိုတဲ့အချက်ကို ထပ်လောင်းပြောကြားလိုပါတယ်။ ဒါမှသာလျှင် မိမိတို့အဓိကထား တည်ဆောက်နေတဲ့ နိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာမှာလည်း ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးပြီး လူ့အဖွဲ့အစည်းအတွက် ရေရှည်မှာ အကျိုးဖြစ်ထွန်းမယ့် နေရောင်ခြည်စွမ်းအင်သုံး နည်းပညာတွေဟာ ဒီကနေ့ ကမ္ဘာမှာအထူးအလေးပေးပြောဆိုလာကြရပါတယ်။ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုပြီး ပထမဆုံးကမ္ဘာတစ်ပတ် လှည့်လည်မောင်းနှင်တဲ့ လေယာဉ်ရဲ့အရှေ့တောင်အာရှ ရပ်နားစခန်းအဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ခဲ့ပြီး မန္တလေးမြို့မှာ ခေတ္တဝင်ရောက်ရပ်နားခဲ့ပါတယ်။ ဒီလို ကမ္ဘာ့ခေတ်ရှေ့ပြေးနည်းပညာကို ကမ္ဘာသူ ကမ္ဘာသားများအကြား မြှင့်တင်တဲ့နေရာမှာ မြန်မာနိုင်ငံက ထူးခြားစွာပါဝင်ခွင့်ရခဲ့တာကိုလည်း ဂုဏ်ယူဝမ်းမြောက်တဲ့အတွက် ကျွန်တော်ကိုယ်တိုင် သွားရောက်လေ့လာပြီး အားပေးခဲ့ပါတယ်။ အထူးသဖြင့် ဂုဏ်ယူမိတာကတော့ မန္တလေးတိုင်းဒေသကြီးနဲ့ အခြားဒေသများက လူငယ်မျိုးဆက်သစ်များဟာ ဒီကနေ့ ကမ္ဘာမှာ အထူးအလေးပေးပြောဆိုလာနေတဲ့ ခေတ်မီသိပ္ပံနဲ့နည်းပညာဆိုင်ရာ အခွင့်အလမ်းကောင်းတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရခဲ့ခြင်းပဲဖြစ်ပါတယ်။

များမကြာမီ ရက်ပိုင်းအတွင်းမှာ မြန်မာနိုင်ငံသားအားလုံး ပါဝင်နွှဲပျော်ကြတဲ့ မြန်မာတို့ရဲ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ နှစ်သစ်ကူးအခါသမယမှာ ပြည်သူများအားလုံး အတာသင်္ကြန်ကို နွှဲပျော်ရင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နှစ်သစ်ဖြစ်စေဖို့လည်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မိမိတို့ နိုင်ငံသားအားလုံးရဲ့ အမျိုးသားရေးလက္ခဏာများထဲက တစ်ခုဖြစ်တဲ့ သင်္ကြန်ပွဲတော်ကို အကျည်းတန်စေမယ့် ပျော်ပါးမှုမျိုးအစား နိုင်ငံသားများအကြား ချစ်ခင်ရင်းနှီးမှုများကို တိုးပွားစေမယ့်၊ နိုင်ငံတကာက လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေအမြင်မှာလည်း ပျော်ရွှင်မှုနဲ့ စည်းကမ်းရှိမှုကို ထင်ဟပ်ပြီးမြန်မာနိုင်ငံရဲ့ပုံရိပ်ကို ကောင်းမွန်စေမယ့် ပွဲတော်တစ်ရပ်ဖြစ်အောင် နိုင်ငံသားတာဝန်တစ်ရပ်အနေနဲ့ ခံယူပြီး ပျော်ရွှင်စွာ ဆင်နွှဲကြပါလို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ **ပြည်တွင်းငြိမ်းချမ်းရေးရအောင် ပြည်သူများရဲ့ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**တဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ဝန်ကြီးဌာနများမှ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်နေသော ဝန်ထမ်းများအား Dell အာရှဒေသတွင်းနည်းပညာရှင်များက နည်းပညာသင်တန်းဖွင့်လှစ်ပို့ချ

**နေပြည်တော် ဧပြီ ၂**

Dell အာရှဒေသတွင်းနည်းပညာရှင်များက အစိုးရဝန်ကြီးဌာနများမှ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်နေသော ဝန်ထမ်း ၇၀ အား ယနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ Dell Networking နှင့် Dell Power Edge Server နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချပြီး သင်တန်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် Dell Thailand မှ Enterprise Consultant ဖြစ်သူ Mr.Santi က Dell Power Edge Server Solution အကြောင်းကိုလည်းကောင်း၊ Network Consultant ဖြစ်သူ Mr. Aukrid က Dell Campus Networking အကြောင်းကိုလည်းကောင်း၊ Dell System Consultant ဖြစ်သူ Mr.Kenny Ooi က Dell Data Protection Solutions အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံမေးမြန်း

# ကျွန်တော်တို့လည်း ငြိမ်းချမ်းချင်လှပြီ

မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းကို အပြီးသတ်ညှိနှိုင်းသဘောတူညီခဲ့ကြပြီး နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။



ဦးစိန်ဝင်းအောင်



ဦးလှဆွေ



ဦးသန်းထွန်း



ဦးကျော်ဝင်းထွန်း



ဦးစောလင်း



ဦးစိုင်းဇော်ဇော်

ယင်းသို့ ပဏာမသဘောတူညီမှုရရှိခြင်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အခြေခံကျသည့် ပထမခြေလှမ်းကို စတင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးပထမခြေလှမ်းအတွက် ငြိမ်းချမ်းရေး မျှော်လင့်စကားသံများကို မြန်မာ့သတင်းစဉ်မှ စုစည်းတင်ပြလိုက်ပါသည်။

**ဦးစိန်ဝင်းအောင် (ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့)**

အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူချက်မူကြမ်းကိုလက်မှတ်ထိုးနိုင်တာက မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှာ အခုလို ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် သမ္မတကြီးရဲ့ အောင်ပွဲဖြစ်သလို ငြိမ်းချမ်းရေးကို လိုလားသူများအားလုံးရဲ့ အောင်ပွဲလည်းဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိဖို့ အားလုံးပါဝင်တဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေနဲ့ လိုချင်တဲ့ အောင်ပွဲကို ရအောင် အေးအေးချမ်းချမ်းနဲ့ ဆက်လက်ဆောင်ရွက်ကြဖို့ လိုပါတယ်။

၁၉၄၇ ခုနှစ် နောက်ပိုင်း လက်နက်ကိုင် အင်အားစုအားလုံး ပါဝင်ပြီး အခုလို ညှိနှိုင်းဆောင်ရွက်နိုင်တာကိုလည်း ကျေးဇူးတင်မိပါတယ်။ ဒီလုပ်ငန်းစဉ်ကို အောင်မြင်အောင် စိတ်ရှည်လက်ရှည်နဲ့ ထိန်းကျောင်းလမ်းညွှန်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အလားတူ ငြိမ်းချမ်းရေးကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ပေးတဲ့ ပြည်သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးလှဆွေ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ဒီလိုလုပ်ငန်းစဉ်က အစိုးရသစ်တက်လာပြီး တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းနေတဲ့အတွက် ရလဒ်တစ်ခုပေါ်ထွက်လာတယ်လို့ ယူဆရမှာပါ။ ဒါနဲ့ သာယာမနေဘဲ ဆက်တိုက်ထက်ကြပ်မကွာ လိုက်ရမှာပါ။ ဒါပြီးရင် ဘာလုပ်မယ်ဆိုတာတွေကို ဆက်တိုက်လုပ်ရမှာပါ။ ဒါမှသာ နောက်ဆုံးမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးက အောင်မြင်စွာ ပြီးဆုံးမှာပါ။

အရေးကြီးဆုံးအချက်က ဘာလဲဆိုတော့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်က လက်နက်ကိုင် ခေါင်းဆောင်ကြီးကို နမူနာယူစရာရှိပါတယ်။ သူဟာ မီဇိုရမ်ပြည်နယ်က ဒေသခံတွေရဲ့ ထောက်ခံမှုတွေကို ရရှိခဲ့ပြီး မီဇိုရမ်ပြည်နယ် ဝန်ကြီးချုပ်အထိ ဖြစ်လာခဲ့ဖူးပါတယ်။ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ ရှုံးနိမ့်ပေမယ့်လည်း ပျော်ပျော်ပါပဲ။ အခုဆိုရင် ကမ္ဘာအရပ်ရပ်မှာ လက်နက်ကိုင်အဖွဲ့အစည်းတွေကို လူထုခေါင်းဆောင်တွေဖြစ်အောင်နဲ့ ပါတီထောင်ပြီး နိုင်ငံရေးလုပ်ဖို့ စည်းရုံးဆောင်ရွက်နေတာကို တွေ့ရမှာပါ။ ဒါကိုကြည့်လိုက်ရင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ပါတီထောင်ခဲ့တယ်။ ပြီးတော့ ရွေးကောက်ပွဲဝင်ရဲတဲ့ သတ္တိနဲ့ သူ့ဒေသရဲ့ လူထုထောက်ခံမှုကို ရအောင်ယူခဲ့တယ်။ ပြီးတော့မှ ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါ့ကြောင့် လက်နက်ကိုင်ခဲ့တဲ့ အဖွဲ့အစည်းတွေအနေနဲ့ လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ လူထုရဲ့ထောက်ခံမှုနဲ့ ဒေသခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး ဒေသဖွံ့ဖြိုးမှုတွေ ရရှိအောင် လုပ်သင့်တယ်လို့ ပြောလိုပါတယ်။

**ဦးသန်းထွန်း (အင်ဂျင်နီယာချုပ် ကုန်းလမ်းပို့ဆောင်ရေး)**

အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်မူကြမ်းကို လက်မှတ်ထိုးနိုင်ခဲ့တာ အင်မတန်ကောင်းတဲ့အချက်ပါ။ အားလုံးကလည်း ဒါကိုပဲမျှော်လင့်နေကြတာ။ မြန်မြန်ငြိမ်းချမ်းလေလေ တိုင်းပြည်ကလည်း မျက်နှာပန်းလှလေပဲ။ ဒီအပစ်အခတ်ရပ်စဲရေးကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကလည်းကောင်းပြီး ဒီလို ငြိမ်းချမ်းရေးရပြီးမှ ကျန်တဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်မှာပါ။ ကျွန်တော်တို့လည်း ငြိမ်းချမ်းချင်လှပြီ။ အခုဆိုရင် အသက်က ၆၀ နီးပါးရှိနေပြီ။ ကျွန်တော်တို့ မွေးစကတည်းက ပြည်တွင်းစစ်ကြီး ဖြစ်လာတာ၊ ကျွန်တော်တို့ အလုပ်တွေကနေ ပင်စင်တွေ ယူတော့မယ်။ နောက်ဆုံးမှာ နိုင်ငံတော်အတွက် အလုပ်လုပ်ပြီးရင် ကိုယ့်အတွက် လုပ်ရတော့မယ်။ အဲလိုအချိန်မှာ အေးအေးချမ်းချမ်းနဲ့ ငြိမ်းချမ်းရေးအသံတွေကိုကြားရတာ နိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ကိုဝမ်းသာတာပေါ့ဗျာ။

**ဦးကျော်ဝင်းထွန်း ( အငှားယာဉ်မောင်း၊ နေသိဒ္ဓိရပ်ကွက် နေပြည်တော်)**

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေးကို အခြေခံအားဖြင့် သဘောတူညီသွားပြီဖြစ်တဲ့အတွက် သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော် တော်တော်လေးကို ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ နိုင်ငံအတွက် အမှန်တကယ်လိုအပ်တဲ့ ပညာရေးဆိုင်ရာကဏ္ဍမှာလည်း ငြိမ်းချမ်းရေးရရှိခြင်းနဲ့အတူ ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေကို ခံစားကြရမှာပါ။ ပြီးတော့ စီးပွားရေးဆိုင်ရာမှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံတည်ငြိမ်အေးချမ်းမှုဆိုတာ လူတိုင်းသိကြမှာပါ။ ဘာပဲပြောပြော ကျွန်တော့်အနေနဲ့ကတော့ အခုလို တစ်တိုင်းပြည်လုံး အတိုင်းအတာအထိ အပစ်အခတ်ရပ်စဲသွားအောင် စွမ်းဆောင်ကြိုးစားပေးခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူအားလုံး၊ ပါဝင်ပတ်သက် လက်မှတ်ရေးထိုးပေးခဲ့သူအားလုံးကို ကျေးဇူးတင်မိပါတယ်။

**ဦးစောလင်း (ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နေသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်)**

ရှစ်နှစ်သားအရွယ်လောက်တုန်းက ကြားဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ ရွှေပြည်တော် မျှော်လေတိုင်းဝေးတဲ့။ မျှော်နေရင်တော့ ဝေးမှာပဲလေ၊ သွားရင်တော့ ရောက်မှာပဲ။ အနှစ် ၅၀ ကျော် ၆၀ နီးပါးလောက် မငြိမ်းချမ်းခဲ့ဘဲ အခုရည်မှန်းချက်ဆီ တစိုက်မတ်မတ်သွားတော့ ရောက်တော့မှာပါပဲ။ ငြိမ်းချမ်းတဲ့ ရွှေပြည်တော်ကြီးဖြစ်ဖို့ မြင်နေရပါပြီ။ ဒါဟာ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး တိုင်းပြည်အတွင်းမှာရှိတဲ့ လူမျိုးစုတွေအားလုံး မျှော်မှန်းချက်ကြီးပါ၊ အခု ရတော့မယ်။ ဒီထက်ဝမ်းသာစရာ ဘာမှ မရှိတော့ဘူး။ ပြောရရင် သုဝဏ္ဏသာမဇာတ်တော်ထဲကလို သားရွှေအိုးထမ်းလာတာ မြင်လိုက်ရသလိုပါပဲ။ ပြောရရင် တွေးမိတိုင်း ဝမ်းသာလွန်းလို့ မျက်ရည်တောင် လည်လောက်ပါတယ်။ ကျွန်တော့် အသက် (၇၂) နှစ် ရောက်တဲ့အချိန်မှာ ငယ်ငယ်က ကြားခဲ့ဖူးတဲ့ စကားဟာ မဟုတ်တော့ဘူးဆိုတာ သိလိုက်ရပြီ၊ မျှော်နေရင်တော့ ဝေးမှာပဲ။ သွားနေရင်းနဲ့ ရောက်တော့မယ်။ ရှေ့ဆက်ပြီး တက်ညီလက်ညီနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားကြမယ်ဆိုရင် သေချာပေါက် ရောက်တော့မယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့အားလုံး ကြီးကြီး ငယ်ငယ် ရွယ်ရွယ်လတ်လတ် လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ညီအစ်ကိုမောင်နှမတွေ ဆက်ပြီး အားကြိုးမာန်တက်နဲ့ဆက်ပြီး သွားကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။ အားလုံးကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီကြပါ၊ ဆောင်ရွက်ကြပါလို့လည်း ပြောချင်ပါတယ်။ နိုင်ငံတော်ကြီးကောင်းဖို့အတွက် ကောင်းတာတွေကို ပြောကြ၊ ဆိုကြ၊ အကြံပြုကြမယ်ဆိုရင် ဒီထက်ပိုပြီးကောင်းတဲ့ ပန်းတိုင်ကြီးကို မကြာမတင်ရောက်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဒါဆိုရင် လူတိုင်းဟာ ထမင်းရည်ချောင်းစီး၊ မောင်းတီးပြီး လျှိုနိုင်မယ်၊ နိုင်ငံတော်အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍတွေမှာ တိုးတက်လာမယ်။ ဒီလိုတိုးတက်လာခြင်းအားဖြင့် ကျွန်တော်တို့ သားသမီးတွေ၊ မြေးမြစ်တွေ၊ မျိုးဆက်သစ်တွေ အနာဂတ်က ရွှေရောင်လိုဝင်းပြီး လှပလာပါလိမ့်မယ်။ ဒါကြောင့် အခုလို တစ်နိုင်ငံလုံး အတိုင်းအတာအထိ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

**ဦးစိုင်းဇော်ဇော် (နေသိဒ္ဓိရပ်ကွက်)**

တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးကို အခြေခံအားဖြင့် သဘောတူညီရုံတင်မကဘူး။ တကယ့်ကို အပြီးသတ်သဘောတူပြီး လိုက်နာဆောင်ရွက်လိုက်စေချင်တာ။ ဘာဖြစ်လို့လဲဆိုတော့ အပစ်အခတ်မရပ်စဲဘဲနဲ့ တစ်ဖက်နဲ့တစ်ဖက် ဆက်လက်ပစ်ခတ် တိုက်ခိုက်နေမယ်ဆိုရင် အသက်တွေ ဆုံးရှုံးကြရမယ်။ ဘယ်သူ့ ဘယ်သူရဲ့ အသက်ကိုမှ မထိခိုက် မဆုံးရှုံးစေချင်ဘူးဗျာ။

စာမျက်နှာ ၅ ကော်လံ ၁ သို့


## အိတ်ဖွင့်လေလံခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ မြို့ဆိပ်ကမ်းများအလိုက် ရေယာဉ်ဆိုက်ကပ်ခွန်နှင့် ဆိပ်ကမ်းသာယာလှပရေးအခွန်များအား လေလံဝယ်ယူကြရန် ဖိတ်ခေါ်အပ်ပါသည်။

ဆိပ်ကမ်းအမည်

၁။ မုံရွာ
၂။ မင်းကင်း
၃။ ကလေးဝ
၄။ မော်လိုက်
၅။ ဖောင်းပြင်
၆။ ဟုမ္မလင်း
၇။ ခန္တီး
၈။ ထီးချိုင့်
၉။ ကသာ
၁၀။ မြင်းမူ
၁၁။ စစ်ကိုင်း
၁၂။ စစ်ကိုင်း(မင်းကွန်း)

**လေလံပုံစံရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊
**လေလံပုံစံယူရမည့်ရက်** - ၁-၄-၂၀၁၅ ရက်မှ ၇-၄-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း)
**လေလံလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၇-၄-၂၀၁၅ ရက်(အင်္ဂါနေ့)၁၆း၀၀ နာရီ
**လေလံဖွင့်လှစ်မည့်ရက်/အချိန်** - ၈-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)၁၀း၀၀နာရီ
**လေလံတင်သွင်းရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
**လေလံဖွင့်လှစ်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့

အိတ်ဖွင့်လေလံပုံစံ၊ လေလံစည်းကမ်းချက်များ၊ ဆိပ်ကမ်းကပ်ခနှုန်းထားများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)စစ်ကိုင်းတိုင်းဒေသကြီးရုံး ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပထမ(၃)လပတ်လုပ်ငန်းများအတွက် ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းကျောက်ရွယ်စုံ၊ ဘိလပ်မြေ၊ သံချောင်း၊ ဒီဇယ်ဆီများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၄-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၃-၄-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၄-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုသည့် အချက်များကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကသာမြို့။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**



## အမည်ပြောင်း

ဦးခင်မောင်ဦး၏သား ပဲခူးတိုင်းဒေသကြီး၊ ဥသျှစ်ပင်မြို့ အထကတက္ကသိုလ်ဝင်တန်းမှ မောင်နန္ဒအောင်အား ယနေ့မှစ၍ မောင်နန္ဒမင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နန္ဒမင်းထက်**




## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မငြိမ်းငြိမ်းအိ ၁၄/အဂပ(နိုင်)၂၀၁၈၁၀၏ ဖခင်အမည်မှန်မှာ ဦးအေး ၁၄/အဂပ(နိုင်)၀၀၇၁၀၆နှင့် ဦးကိုအေး တို့မှာ တစ်ဦးတည်းသာဖြစ်ပါသည်။

**ဦးအေး(ခ)ဦးကိုအေး**








## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၂၁၉၈/က၊ မြေကွက်တည်နေရာအမှတ်(၂၁၉၈)၊ ဇေယျာဝတီ ၅လမ်း၊ ၁၀/တောင်(၁၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးခွေး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခွေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်စိန်မြိုင် ၁၂/သကတ(နိုင်)၀၈၉၁၂၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၅၃၁/၁၄)ရသူ ဒေါ်စိန်မြင့် ၁၂/သကတ(နိုင်)၀၈၉၇၉၅ မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၂၁၀၄/ခ၊ မြေကွက်တည်နေရာအမှတ်(၂၁၀၄/ခ)၊ ဇေယျာဝတီ၂လမ်း၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးခွေး)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခွေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အေးရီ ၁၂/သကတ(နိုင်)၀၅၃၈၆၈ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၃/၁၄)ရရှိသူ ဒေါ်မမာသီ ၁၂/သကတ(နိုင်)၁၉၇၃၁၂ မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်း

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီဖွဲ့စည်းပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင်နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။**



အဆိုပါ အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UNDP နှင့် MDRI တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုသည် နိုင်ငံရေး၊ စီးပွားရေး စသည့် ကဏ္ဍအားလုံးနှင့် သက်ဆိုင်နေပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကြိုးစားပမ်းစား ဆောင်ရွက်နေသော်လည်း ကဏ္ဍအားလုံးကို အချိန်တိုအတွင်း ပြုပြင်ပြောင်းလဲရန် စိန်ခေါ်မှုများစွာရှိနေပါကြောင်း။

ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် ချက်ချင်းဆောင်ရွက်ရမည့်ကဏ္ဍနှင့် လွယ်ကူသည့်ကဏ္ဍများကို ဦးစားပေးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များဖြင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်အစည်းအဝေးများတွင် Quick Win ရရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တင်ပြခဲ့သည့် ပြုပြင်ပြောင်းလဲရန်အတွက် အကြံပြုချက်များကိုညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပြန်လည်တင်ပြရန် လိုအပ်ပါကြောင်း။

ယနေ့ အစည်းအဝေးသည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင် (Framework for Administrative ReformFAR) သတ်မှတ်ရေးဆွဲပြီး ရှေ့လုပ်ငန်းစဉ်များ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပညာရှင်များကလည်း အကူအညီပေးရန် အသင့်ရှိနေကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေအဖြင့် ပကတိအခြေအနေအပေါ်အခြေခံ၍ လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ကော်မတီတွဲဖက်အတွင်းရေးမှူးက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ထည့်သွင်းဆွေးနွေးလိုသည့် အကြံပြုတင်ပြချက်များ အကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ အကြံပေး ဒေါက်တာအောင်ထွန်းသက်က အကြံပြုအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေး၊ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက်လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်၊ ဒုတိယရှေ့နေချုပ်နှင့် တက်ရောက်လာကြသူများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင် အောင်မြင်စွာ ရေးဆွဲနိုင်ရေးအတွက် ဌာနအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများကလည်း အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးပြီး မိမိတို့ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ရည်မှန်းချက်၊ ရည်ရွယ်ချက်များ သတ်မှတ်ပြီး မူဘောင်ရေးဆွဲကာ စနစ်တကျဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်သူများအားလုံး သိရှိနားလည်၍ မိမိတို့နှင့်အတူ လိုက်ပါဆောင်ရွက်နိုင်အောင် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့်ပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၄ မှ*

တိုင်းပြည်မငြိမ်းချမ်းလို့ တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်တိုက်ခိုက်နေကြတဲ့အခါ ကိုယ့်တိုင်းရင်းသားညီအစ်ကိုတွေပဲ ထိခိုက်နစ်နာကြရတာဖြစ်လို့ပဲ။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို တကယ်ခံစားရပြီဆိုရင် နိုင်ငံအတွင်းမှာ တစ်နေရာနဲ့တစ်နေရာ အလွယ်တကူကူးသန်းသွားလာနိုင်မယ်။ ရောင်းဝယ်ဖောက်ကား စီးပွားရှာရတာ ပိုလွယ်ကူချောမွေ့လာမယ်။ နိုင်ငံတွင်းစီးပွားရေး တောင့်တင်းခိုင်မာလာတာနဲ့အမျှ ဒေသတွင်း စီးပွားရေး ရပ်ဝန်းထဲမှာလည်း ခိုင်မာတဲ့နေရာတစ်နေရာ ရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အခုလို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို အခြေခံအားဖြင့် သဘောတူညီထားနိုင်ခဲ့မှုအပေါ် ကြိုဆိုပါတယ်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမသားချင်းများ အနေဖြင့် တစိုက်မတ်မတ် မျှော်လင့်တောင့်တခဲ့သည့် ငြိမ်းချမ်းရေးအလင်းရောင်သည်ကား လှပသာယာသော ပြည်မြန်မာ ကောင်းကင်ယံထက်တွင် ဝဲလှည့်ချေတော့မည်။ ယုံကြည် မျှော်လင့်ခြင်းများဖြင့် မမှိတ်မသုန် စောင့်မျှော် ကြိုဆိုလျက်ရှိသည့် ရွှေပြည်တော်ကြီးသည်ကား အနာဂတ်ကာလတွင် မဝေးတော့ချေဟု မျှော်လင့်မိပါကြောင်း။

**မြန်မာ့သတင်းစဉ်**

**(သတင်းအဖွဲ့)**

# သင်္ကြန်တွင်းမူခင်းမဖြစ်ပွားရေး ကြိုတင်ကာကွယ်အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဧပြီ ၂**

၁၃၇၆ ခုနှစ် မြန်မာနှစ်ကူး အတာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူ စိတ်အေးချမ်းမြေ့စွာ ရေကစားနိုင်ရေးအတွက် သင်္ကြန်အကြိုကာလဖြစ်သည့် မတ် ၁၉ ရက်မှစ၍ တရားမဝင်ကာမစိတ်ကြွဆေးဝါးများ ရောင်းချခြင်းမပြုစေရေး အသိပညာပေးဟောပြောပွဲများနှင့် မူခင်းကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်မှဧပြီ ၂ ရက်အထိ တိုင်းဒေသကြီးအတွင်း အသိပညာပေး ဟောပြောပွဲများကို အရှေ့ပိုင်းခရိုင်တွင် (၁၄၈)ကြိမ်၊ အနောက်ပိုင်းခရိုင်တွင် (၉၉)ကြိမ်၊ တောင်ပိုင်းခရိုင်တွင် (၂၁) ကြိမ်၊ မြောက်ပိုင်းခရိုင်တွင် (၂၀၉)ကြိမ် ကျင်းပခဲ့သည်။ **(ယာပုံ)**

ယင်းပြင် မူခင်းကြိုတင် ကာကွယ်ရေးအတွက် ထိရောက်သော ကြိုတင်ကာကွယ်မှုများကို ဖမ်းဆီးအရေးယူလျက်ရှိရာ မတ် ၂၃ ရက်မှဧပြီ ၁ ရက်အထိ လောင်းကစားမှု ၂၀၊ လက်နက်ပုန်း ၃၅ မှု၊ ယစ်မျိုး ၂၂၇မှု၊ ပြည့်တန်ဆာ ၁၅ မှု၊ မူးယစ်ဆေးဝါး ၁၆ မှု၊ ခြေချုပ် ၅၄ မှု၊ ရဲအက် ၄၃၉ မှု၊ ခါးပိုက်နှိုက်မသင်္ကာ ၁၆ မှု၊ ခိုးမှုမသင်္ကာ ၄၃ မှု၊ ဆင်ဆာမဲ့ဗီဒီယို ၁၃ မှု စုစုပေါင်း ၈၇၈ မှုနှင့် ပြေး ၄ ပြေး ၁၀၉ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ တရားမဝင် လိင်စိတ်ကြွဆေးဝါးများ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိရသဖြင့်အမှု ၁၀ မှု အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်-မော်လမြိုင်ကားလမ်း တံတားဖြူကွေ့အနီး ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂**

ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင် အမှတ် (၁၁၀/၀) တံတားဖြူကွေ့အနီး၌ ဧပြီ ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့တွင်းဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း ချမ်းအေး (၂၆) နှစ် (ဘ) ဦးသန်းအေး ကျွန်းတောကျေးရွာနေသူ၏ Forland အမျိုးအစား ကျောက်စရစ်ခဲများ တင်ဆောင်လာသည့် အပြာရောင်ယာဉ်အမှတ်(5I/---) ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှလာသော ယာဉ်မောင်းအမည်မသိ အသက် (၅၀) နှစ်ခန့် အမျိုးသားတစ်ဦး၏ ဟိုင်းလတ်မာတီအိပ်စ်အမျိုးအစား နက်ပြာရောင်ယာဉ်အမှတ် (၃ခ/---) ခရီးသည်တင်ယာဉ်ကို အရှိန်ပြင်းစွာ ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဟိုင်းလတ်မာတီအိပ်စ်ယာဉ် ယာဉ်မောင်းအပါအဝင် အမျိုးသား ကိုးဦး၊ အမျိုးသမီး သုံးဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေး လေးဦး စုစုပေါင်း ကိုးဦးတို့သည် နေရာတွင်ပင် သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး၊ ကလေးနှစ်ဦး စုစုပေါင်း သုံးဦးသည် စိုးရိမ်ရဒဏ်ရာများ ရရှိပြီး ကျိုက်ထိုပြည်သူ့ဆေးရုံမှတစ်ဆင့် ပဲခူးဆေးရုံသို့ ဆေးဝါးကုသရန် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းချမ်းအေးကို ကျိုက်ထိုမြို့မရဲစခန်း၌ ဖမ်းဆီးအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

"ဘုရားသခင်အကြောင်း" The God's Story ဇာတ်လမ်းအား

တိုင်းရင်းသား လူမျိုးများရုပ်သံလိုင်း (NRC)မှတဆင့်

ရှင်ပြန်ထမြောက်ရာနေ့ "Easter Sunday" အထိမ်းအမှတ်အဖြစ်

**ပထမပိုင်း**ကို ၄-၄-၂၀၁၅(စနေနေ့)ညနေ(၄း၀၀ မှ ၅း၀၀)နာရီကြားတွင် မြန်မာစကားပြော "ဝ"ဘာသာစာတန်းထိုးဖြင့် တစ်ကြိမ်၊ ညနေ(၆း၀၀ မှ ၇း၀၀)နာရီကြားတွင် မြန်မာစကားပြော"ကချင်"ဘာသာစာတန်းထိုးဖြင့် တစ်ကြိမ်နှင့်

**ဒုတိယပိုင်း**ကို ၅-၄-၂၀၁၅(တနင်္ဂနွေနေ့)ညနေ(၄း၀၀ မှ ၅း၀၀)နာရီကြားတွင် မြန်မာစကားပြော "ဝ"ဘာသာစာတန်းထိုးဖြင့် တစ်ကြိမ်၊ ညနေ(၆း၀၀ မှ ၇း၀၀)နာရီကြားတွင် မြန်မာစကားပြော"ကချင်"ဘာသာစာတန်းထိုးဖြင့် တစ်ကြိမ်ထုတ်လွှင့်ပြသမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေများအားလုံး ကြည့်ရှုအားပေးနိုင်ပါရန် အသိပေးအပ်ပါသည်။

**မှတ်ချက်။** ။ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)သည် 5-Movies Digital Channel နှင့် 4HD Receiver မှတဆင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်ဝင်းမော် ၁၂/ရကန(နိုင်) ၀၈၁၇၈၁ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၅၇၈၀၆

**စက်မှုဇုန်မြေ ရောင်းမည်**

တောင်ဒဂုံ ဇုန်(၂)၊ (၆၃)ရပ်ကွက်၊ ပေ(၈၀×၆၀)၊ မြေကွက်သီးသန့်

ဖုန်း-၀၉-၈၆၂၅၅၀၀

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကျွ

တွေ့ဆုံမေးမြန်း

# “ဒီနေ့ဖိုရမ်မှာ ခေါင်းစဉ်တွေအများကြီးရှိတဲ့အထဲက ကိုယ်ကြိုက်တဲ့ခေါင်းစဉ်ကို ဆွေးနွေးနိုင်ပါတယ်၊ အသက်မွေးဝမ်းကျောင်းနဲ့ဆိုင်တာတွေ အများကြီးလေ့လာသိရှိရပါတယ်”

မအေးအေးမြင့်(မဟာတန်း၊ မန္တလေးကွန်ပျူတာတက္ကသိုလ်)

**အမေးအရေး-ဟန်နီဝင်း**
**သတင်းဓာတ်ပုံ-ကျော်ရဲဆွေ**

မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲနည်းပညာလုပ်ငန်း အဆောက်အအုံသည် တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်နှင့်အမျှ လူငယ်များအကြားတွင် ဘဝခရီးလမ်း၌ ခိုင်မာသေချာသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် ရွေးချယ်လုပ်ကိုင်လျက်ရှိကြပေသည်။ မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည့် အခြေခံ



ဦးဇော်မင်းဦး

အဆောက်အအုံများကို ပံ့ပိုးပေးနေသည့်အပြင် လူငယ်များအကြား နည်းပညာဆိုင်ရာ အသိအမြင်များ တိုးတက်စေရေးအတွက် အိုင်တီဆိုင်ရာ နည်းပညာပြပွဲများနှင့် ဆွေးနွေးပွဲကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိသည်။

အဆိုပါ ပြပွဲများအနက် Myanmar Software Showcase 2015 အမည်ဖြင့် နည်းပညာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ရာ နည်းပညာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၄၀၀ ဦး တက်ရောက်လေ့လာပြီး မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။ နည်းပညာပြပွဲ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည် -

**ဦးဇော်မင်းဦး (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်)**

Myanmar Software Showcase 2015 ပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာရှိတဲ့ လူငယ်စွန့်ဦးတီထွင်သူတွေရဲ့ လုပ်နိုင်တဲ့ စွမ်းအားတွေကို ပြသမြေတောင်မြှောက်ပေးဖို့နဲ့ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်တွင်း ဆော့ဖ်ဝဲကုမ္ပဏီတွေက ရေးသားထားတာတွေကို အစိုးရဝန်ကြီးဌာနတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေကို အသိပေးချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ပြီးတော့ မြန်မာလူငယ်တွေလုပ်တဲ့ ဆော့ဖ်ဝဲတွေကို အဓိကပြသချင်တယ်။ ကျွန်တော်တို့မှာ အလွန်ကောင်းမွန်တဲ့ ICT Industry အနာဂတ်ရှိပါတယ်။ သိပ်မကြာခင်ကာလအတွင်းမှာ တိုင်းပြည်ရဲ့ဝင်ငွေကို အထောက်အပံ့



မအေးအေးမြင့်

ပေးနိုင်တဲ့ Industry ဖြစ်လာမှာပါ။

ဒါပေမယ့် ကျွန်တော်တို့မှာ လူရှားပါးတဲ့အခက်အခဲကို ရင်ဆိုင်နေရတယ်။ ဒီ Industry ထဲက ကလေးတွေဟာ ကျောင်းပြီးတဲ့အခါ ဒီအလုပ်နဲ့ပြန်ပြီး အသက်မမွေးကြဘူး။ သူတို့တွေကို ဒီ Industry ထဲမှာနေစေချင်တယ်။ တခြားစိတ်ပါဝင်စားသူတွေကိုလည်း Industry ထဲမှာ လာရောက်လုပ်ကိုင်စေချင်တယ်။

ဒီပွဲကိုစီစဉ်နေတာ တော်တော်ကြာပါပြီ။ ဒီပွဲကို နိုင်ငံတော်အဆင့် ကျင်းပမှာဖြစ်တဲ့အတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လွန်ခဲ့တဲ့ လေးလလောက်ကတည်းက စီစဉ်ဆောင်ရွက်ခဲ့တာပါ။ အခု ဒီလိုပြုလုပ်တဲ့အခါမှာလည်း နိုင်ငံအတွင်းမှာရှိတဲ့ Entrepreneur ပေါင်း ၄၀ ပါဝင်ပါတယ်။ အခု ဒီနေ့ ပြုလုပ်တဲ့ဖွင့်ပွဲမှာလည်း ရည်ရွယ်ချက်တစ်ခုအနေနဲ့ Presentation ပေးချင်တဲ့အတွက် စွန့်ဦးတီထွင်လူငယ်တစ်ယောက် ရေးထားတဲ့ စစ်သူကြီးဂိမ်းနဲ့ ဖွင့်လှစ်ပေးခဲ့တယ်။ တစ်ဖက်ကလည်း လူငယ်တွေရဲ့ အနာဂတ်နဲ့ တိုင်းပြည်ကိုတည်ဆောက်ရမှာဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင်လုပ်ထားတဲ့ ဂိမ်းနဲ့ဖွင့်တယ်။ ပြီးတော့လည်း သူတို့ကို ဖော်ညွှန်းတဲ့ တေးသီချင်းလေးနဲ့ ဖျော်ဖြေပါတယ်။

ဒီပွဲမှာ ကျောင်းသား ကျောင်းသူတွေတက်ဖို့ နိုင်ငံတော်သမ္မတက စီစဉ်ပေးတာပါ။ ကျွန်တော့်အနေနဲ့ ကျောင်းသားတွေကို ဒီလိုလာပြီး လေ့လာစေဖို့က ခက်ခဲတဲ့ကိစ္စပါ။ နိုင်ငံတော်က စီစဉ်ပေးပြီး တစ်တိုင်းပြည်လုံးက ကျောင်းသားတွေကို ဖိတ်ခိုင်းတာပါ။ ဒါပေမယ့် စာမေးပွဲရက်နဲ့ တိုက်တာတွေလည်းရှိတော့



မောင်ညီုဝင်းအောင်

အားလုံးတော့ မလာရောက်နိုင်ဘူး။

နောက်တစ်ကြိမ် မှာတော့ စာမေးပွဲတွေ လွတ်တဲ့အချိန်မှာ တက္ကသိုလ်တွေအားလုံး ဖိတ်ကြားသွားမှာပါ။ ဒီလိုပွဲမျိုးကို တစ်နှစ်တစ်ခေါက်လောက်လုပ်နိုင်ဖို့မျှော်မှန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လုပ်တဲ့ပွဲမှာ အဓိကကတော့ ဒီလူငယ်တွေကို ကျွန်တော်တို့ ဘယ်လိုတိုးတက်အောင်နဲ့ လူငယ်တွေ အနာဂတ်တိုင်းပြည်ကို တည်ဆောက်တဲ့နေရာမှာ စွန့်ဦးတီထွင်စိတ်တွေကို မွေးထုတ်စေချင်တယ်။ ယုံကြည်မှုတွေလည်း ရှိလာစေချင်တယ်။

**မအေးအေးမြင့် (မဟာတန်းကျောင်းသူ၊ မန္တလေးကွန်ပျူတာ တက္ကသိုလ်)**

ဒီနေ့ဖိုရမ်မှာ ခေါင်းစဉ်တွေ အများကြီးရှိပါတယ်။ ဒီအထဲကမှ ကိုယ်ကြိုက်တဲ့ခေါင်းစဉ်ကို ဆွေးနွေးနိုင်ပါတယ်။ ကျွန်မက ဖိုရမ်မှာ Game Industry အကြောင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားပါတယ်။ ပြီးတော့ IT Carrier ရယ် Game Developer ရယ်နဲ့ Mobile Health Care အကြောင်းတွေနဲ့ ပတ်သက်ပြီး seminar သုံးခုတက်ခဲ့ပါတယ်။ ဒီနေ့ဖိုရမ်က ကျွန်မတို့ ဗဟုသုတတွေ အများကြီးရပါတယ်။ ကိုယ်တက်နေတာ ဘာကြောင့်တက်ဖြစ်နေတာလဲဆိုတာရယ် ပြီးတော့ ကိုယ့်အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်တာတွေ အများကြီးလေ့လာသိရှိရပါတယ်။ Game Developer ကို လေ့လာခဲ့ပြီးတော့ အားလုံးကို ပျော်ရွှင်စေနိုင်တဲ့ Game တစ်ခုကို ရေးခွင့်ရရင် ရေးချင်ပါတယ်။

**မောင်ညီုဝင်းအောင် (စွန့်ဦးတီထွင်လူငယ်တစ်ဦး)**

ကျွန်တော် သင်တန်းကျောင်းတွေ တက်ချင်တယ်။ ဘယ်သင်တန်းတက်ရမလဲဆိုတာ အပြည့်အစုံ



မနန့်သဇင်ဇော်

ဖော်ပြပေးတဲ့ Website ဆိုတာ ရှာလို့မရဘူး။ ကျွန်တော့်လိုပဲ အခက်အခဲတွေ့မယ့်သူတွေ ရှိမှာပဲလို့ စဉ်းစားမိတာကနေ အခုလို ရေးဖြစ်ခဲ့တာပါ။ သင်တန်းတက်ဖို့သာမကဘူး သင်တန်းတက်ပြီးရင် ဘယ်လိုအလုပ်အကိုင် ရနိုင်သေးလဲဆိုတာကို တစ်ခါတည်းတွဲပြီး ဖော်ပြရင်ကောင်းမယ်လို့ အလုပ်ပါ တစ်ခါတည်း ထည့်လိုက်တယ်။ သင်တန်းတက်တဲ့သူက သင်တန်းပြီးရင် ဘာအလုပ်အကိုင်ရမလဲဆိုတာကို တစ်ခါတည်းတွေ့ရမယ်။ အလုပ်ရှာချင်တဲ့သူကလည်း ဒီလိုအလုပ်မျိုးရဖို့ ဘယ်သင်တန်းတွေ တက်ရမယ်ဆိုတာကို တစ်ခါတည်း တွေ့ရပါမယ်။ လောလောဆယ်တော့ Website ဝင်တဲ့ ဦးရေက ၇၀၀ ကျော်သွားပါပြီ။

လောလောဆယ် မှာတော့ ကျွန်တော် အဓိကရည်ရွယ်တာက လုပ်ငန်းခွင်ကိုသွားနိုင်မယ့် သင်တန်းမျိုးပေါ့။ ဥပမာ-ဘွဲ့ရပြီးတော့ Academic ဘွဲ့တော့ရှိပြီ။ ဒါပေမယ့် လုပ်ငန်းအတွေ့အကြုံတော့ လိုသေးတယ်။ အတွေ့အကြုံသင်ပေးတဲ့ သင်တန်းတွေရှာတာကို အဓိကထားပါတယ်။ နောက်ပိုင်းကျရင်တော့ နိုင်ငံတကာကျောင်းမှာ ဆက်လုပ်ဖို့တော့ရှိတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ကျွန်တော်တို့အဓိကက အလုပ်တန်းဝင်လို့ရမယ့် သင်တန်းတွေကို ဦးစားပေးထားပါတယ်။

**မနန့်သဇင်ဇော် (မော်ဘီနည်းပညာတက္ကသိုလ်ကျောင်းသူ)**

ကျောင်းက ဆရာမတွေကနေပြီးတော့ နေပြည်တော်မှာ ဆော့ဖ်ဝဲပြပွဲရှိတယ်ဆိုတော့ စိတ်ဝင်စားလို့ လာခဲ့တယ်။ တပ်မတော်ခန်းမမှာ လုပ်တဲ့ပွဲတွေကိုလည်း သွားဘူးပါတယ်။ တချို့ကိုယ်မသိတာတွေ



ဒေါ်အေးအေးသင်း

နည်းနည်းပါးပါး သိလာတယ်။ နောက်ပြီး ခေတ်လည်း နောက်မကျဘူးပေ့ါ။ သူများနည်းတူ ရင်ပေါင်တန်းနိုင်တာပေ့ါ။ ဆော့ဝဲလ်အသစ်တွေကနေတစ်ဆင့် သမီးတို့ Project မှာ ဘယ်လိုပေါင်းစပ်အသုံးပြုရမလဲဆိုတဲ့ အသိအမြင်ကျယ်စေပါတယ်။ ဒါကြောင့် အခုလိုပွဲမျိုးတွေကို များများလုပ်စေချင်ပါတယ်။ ညီမတို့ သင်ကြားနေတဲ့ ဘာသာရပ်မှာ ကွန်ပျူတာနဲ့ ပုံတွေဆွဲရတဲ့ Auto Card ဆော့ဖ်ဝဲကို အသုံးပြုရပါတယ်။ သုံးနေရင်း ပုံတွေအလွန်များသွားရင် မနိုင်တာတို့ဘာတို့ရှိတယ်။ ကွန်ပျူတာတွေဆိုရင် ညီမတို့က အသစ်တွေ အသစ်တွေ လေ့လာတယ်။

**ဒေါ်အေးအေးသင်း (အကြံပေး၊ MyanmarICT Development Corporation Co., Ltd)**

ပြပွဲမှာ အဓိကပြသထားတာက မြန်မာနိုင်ငံရဲ့ Digital Certificate တွေ ထုတ်ပေးတာကို ပြသခဲ့ပါတယ်။ Digital Certificate တွေကို Online မှာ တစ်ယောက်နဲ့ တစ်ယောက် e-mail နဲ့ Message တွေပို့တဲ့အခါမှာ လုံခြုံစိတ်ချရအောင် ဝန်ဆောင်မှုပေးတာပါ။ တကယ်လို့ အပြင်မှာရောက်နေချိန် အရေးကြီးတဲ့ စာရွက်စာတမ်းတွေမှာ လက်မှတ်ရေးထိုးဖို့ လိုတဲ့အခါမှာလည်း အလွယ်တကူ Digital Singnature Sign ထိုးနိုင်အောင် Certificate တွေကို ထုတ်ပေးတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက Myanmar Payment Union ဘဏ်အချင်းချင်းငွေပို့ငွေယူ NPU Network မှာလည်း အသုံးပြုနေပါတယ်။ အဓိက အများဆုံးသုံးနေတာက ဘဏ်တွေကအစ



မောင်ထက်အောင်

သုံးတယ်။ ငွေပေးငွေယူ ကိစ္စတွေဆိုတော့ လုံခြုံရေးလိုအပ်တဲ့အတွက် အများဆုံး အသုံးပြုကြပါတယ်။ ဒါကြောင့် ဒီပွဲမှာ လူငယ်တွေအနေနဲ့ အွန်လိုင်း လုံခြုံမှုဆိုင်ရာ ဆော့ဖ်ဝဲတွေ ရင်းနှီးအကျွမ်းဝင်အောင် မိတ်ဆက်ပြသပေးခြင်းဖြစ်ပါတယ်။

**မောင်ထက်အောင် (မန္တလေးနည်းပညာတက္ကသိုလ်)**

ကျွန်တော်က မန္တလေးနည်းပညာတက္ကသိုလ်မှာ ဇီဝသုကာပညာ အဓိကနဲ့ နောက်ဆုံးနှစ် တက်ရောက်နေပါတယ်။ အခုပြပွဲမှာ ကွန်ပျူတာဆော့ဝဲလ်မျိုးစုံကို လေ့လာထိတွေ့ခွင့်ရတဲ့အပြင် ကွန်ပျူတာပရော်ဖက်ရှင်နယ်ပညာရှင်များရဲ့ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံဆွေးနွေးပွဲတွေကို တက်ရောက်နားထောင်ရလို့ အလွန်ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တက်ရောက်နေတဲ့ ပညာရပ်ကို ကွန်ပျူတာဆော့ဖ်ဝဲရေးသားအသုံးပြုတဲ့အတွက် ဘယ်လောက်အကျိုးသက်ရောက်တယ်။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ကျွန်တော်တို့ ဘာသာရပ်ဆိုင်ရာ ဆော့ဖ်ဝဲအကြောင်းတွေကို သိရှိနားလည်ခဲ့ရပါတယ်။ အခုလိုပွဲမျိုးတွေ များများကျင်းပပေးစေချင်ပါတယ်။ ။

❁ *ကျော်ဖုံးမှ*

ကျွန်တော်ယုံကြည်တယ်။ အခုလို မူကြမ်းမှာ လက်မှတ်ရေးထိုးကြပြီဆိုတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ အထူးသဖြင့် နိုင်ငံတွင်းမှာ ပြုပြင်ရမယ့်အရာတွေ၊ တည်ဆောက်ရမယ့်အရာတွေ အများကြီးရှိတယ်။ ပစ်ခတ်နေကြမယ့်အစား မကြိုက်မနှစ်သက်တဲ့ အရာတွေကို ပွင့်ပွင့်လင်းလင်းရှင်းလင်းညှိနှိုင်းပြီး အဖြေရှာမယ်ဆို အကောင်းဆုံးပါ။ အထူးသဖြင့် တိုင်းရင်းသားတွေအတွက် အထူးအခွင့်အရေးတစ်ရပ်ဖြစ်လာပါပြီ။ မည်သူမဆို လွတ်လပ်စွာ သင်ယူလေ့လာခွင့်၊ ပြောဆိုထုတ်ဖော်ခွင့်၊ စွမ်းအားရှိသမျှ တတ်စွမ်းရာ နယ်ပယ်အသီးသီးမှာ ဝင်ဆန့်နိုင်ဖို့အရေး ပထမဆုံးက သေနတ်သံတွေ ရပ်တန့်သွားဖို့ပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ ရင်သွေးလူငယ်တွေ လက်ထက်မှာ အားလုံးငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ကြဖို့ တာဝန်က နိုင်ငံတော်မှာရော တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေပေါ်မှာရော ရှိနေတာကြောင့် တိုင်းရင်းသားအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းပေးကြပါလို့ ပြောချင်ပါတယ်။

**Ross Cormack (အမှုဆောင်အရာရှိချုပ်)**
**အော်ရီဒူးမြန်မာ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း**

မြန်မာနိုင်ငံကို ကျွန်တော်တို့ဝင်ရောက်တာ နှစ်နှစ်မပြည့်သေးပါဘူး။ အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွေကြောင့် လုပ်ငန်းချဲ့ထွင်ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ ကြိုးစားပြီး အကောင်းဆုံးဝန်ဆောင်မှုတွေကို ပေးအပ်မယ်လို့ခံယူထားတယ်။ ပြီးခဲ့တဲ့နေ့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမူကြမ်းကို လက်မှတ်ရေးထိုးခဲ့တယ်။ သမ္မတအပါအဝင် အစိုးရခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအကြား အခုလို နားလည်မှုရရှိတာ ကျွန်တော်တို့ ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံသူတွေက ဝမ်းသာစွာကြိုဆိုတယ်။ အကြောင်းက ကျွန်တော်တို့ အော်ရီဒူးကိုယ်တိုင်ပင်လျှင် မြန်မာနိုင်ငံကို ဝင်ရောက်ဖို့အတွက် လေ့လာရာမှာ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုကို လေ့လာခဲ့ရတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ကျန်တဲ့အရာတွေ ဆက်လက်ဆောင်ရွက်နိုင်မှာ။ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံသားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှု စတာတွေအားလုံးဟာ အေးချမ်းပြီးတရားဥပဒေစိုးမိုးခြင်း၊ ပြည်တွင်းစစ်ပွဲတွေ ရပ်စဲခြင်းတို့ပြီးမြောက်မှသာ ရရှိနိုင်မှာမို့ အခုလိုမူကြမ်းချုပ်ဆိုပြီးသွားတာဟာ ကောင်းမွန်တဲ့ ရလဒ်လို့ ယုံကြည်ပါတယ်။ အချောသပ် ချုပ်ဆိုနိုင်ပြီဆိုရင်တော့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေက အများကြီး ဝင်လာကြဦးမယ်လို့ ယုံကြည်တယ်။

**နန်းနီနီထွန်း (အထည်ဆိုင်ပိုင်ရှင်)**
**တာလော့ဈေး၊ တာချီလိတ်မြို့**

ကျွန်မကလေးဘဝကတည်းက တိုက်ပွဲတွေကို ကြုံခဲ့ရဖူးတယ်။ အခုထိလည်း ရှိနေတုန်း။ မနေ့က တီဗွီမှာ သမ္မတကြီးနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေက တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်တွေ တွေ့ကြတာကို ကြည့်ရတယ်။ ကျွန်မတို့ သိပ်ပျော်တယ်။ ယုံကြည်ချက်ကြောင့် လက်နက်စွဲကိုင်ကြတယ်။ အလေ့အထ၊ ယုံကြည်ချက်၊ ခံစားမှုတွေအားလုံးမတူညီတာကို ကျွန်မတို့လက်ခံပါတယ်။ တစ်ဖက်မှာလည်း မြေစာပင်ဖြစ်ရတဲ့ ဘဝတွေ၊ ပညာသင်ကြားရေးခက်ခဲရသူတွေ၊ မိဘနဲ့ ဝေးကွာတဲ့အရပ်တွေကို ရောက်ရှိသွားကြတဲ့ ကလေးတွေ အားလုံးဟာ သေနတ်သံတွေကို လုံးဝမကြားလိုတော့ပါဘူး။ မကြာမီ ယမ်းနံ့တွေ ရပ်သွားတော့မယ်လို့ ယုံကြည်ပြီး မျှော်လင့်ဝမ်းသာနေပါတယ်။ တိုက်ပွဲတွေပြီးဆုံးမှသာ စီးပွားရေးလုပ်ကိုင်ရတာ၊ ကူးသန်းရောင်းဝယ်ရတာ ပိုပြီးအဆင်ပြေမှာ။ ဒါမှလည်း ကျွန်မတို့တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာမယ်။

(မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကြမ်းကိုပြင်ဆင်သည့်ဥပဒေကြမ်းတွင် ကျောင်းသားလူငယ်များတောင်းဆိုသည့် အချက်(၁၁)ချက်ပါဝင်

**နေပြည်တော် မေ ၂၀**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်၏ **ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းစုမှ ပိုင်ဆိုင်ခဲ့သော ပုဂံဟိုတယ်အား ပုဂ္ဂလိကပိုင်အဖြစ်သို့ပြောင်းလဲပါက မည့်သည့်ဘောင်နှင့် ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့ပါသလဲ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ပုဂံသမဝါယမဟိုတယ်ကို ထက်အာကာကျော် သမဝါယမအသင်းစုသို့ လွှဲပြောင်းပေးရန် အထူးအရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းဝင်ကိုယ်စားလှယ်များအားလုံးဖြင့် အတည်ပြုဆုံးဖြတ်



**ဒုတိယဝန်ကြီး ဦးသန်းထွန်း ရှင်းလင်းဖြေကြားစဉ်။** (သတင်းစဉ်)

ခဲ့ပါကြောင်း၊ သမဝါယမအသင်းများသည် နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းထားသည့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသောအစိုးရ မဟုတ်သည့်အဖွဲ့အစည်းဖြစ်သည့်အတွက် အသင်း၏ကိစ္စအရပ်ရပ်ကို အသင်းသားများမှ စီမံခန့်ခွဲပိုင်ခွင့်ရှိပါကြောင်း၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုသည် ပုဂံသမဝါယမဟိုတယ်ကို အသင်းသားအချင်းချင်း ရောင်းချရန်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဆိုပါဟိုတယ်ကို ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲထားခြင်းမဟုတ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့သည်။

"အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ကျောင်းသားလူငယ်များ



**ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း ဖတ်ကြားရှင်းလင်းစဉ်။** (သတင်းစဉ်)

တောင်းဆိုသည့် အချက်(၁၁)ချက်မှာ အကျုံးဝင်နေကြောင်း" ဦးစောလှထွန်းက ယနေ့အစည်းအဝေးအပြီးတွင်ပြောသည်။

"အမျိုးသား လွှတ်တော်က အတည်ပြုချက်နဲ့ ပေးပို့တဲ့ဥပဒေကြမ်းမှာ အပုဒ်ပေါင်း ၅၈ ပုဒ်ပါတယ်၊ ပြင်ဆင်ချက် ၁၀၅ ချက်ပါ ပါတယ်။ ကျွန်တော်တို့ကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁၀၅ အနက် ၅၇ ချက်ကို သဘောတူပါတယ်။ ၄၈ ချက်ကိုတော့ အကျိုးအကြောင်းများနဲ့ ပြင်ဆင်ခဲ့ပါတယ်။ ဒီဥပဒေကို (၆)ရက်နေ့မှာ ဆွေးနွေးပြီးတော့ (၇)ရက်နေ့၊ (၈)ရက်နေ့လောက်မှာ အတည်ပြုပါမယ်၊ အတည်ပြုပြီးရင်တော့ အမျိုးသားလွှတ်တော်ကို ပြန်လည်ပေးပို့မှာဖြစ်ပါတယ်"ဟုဎင်းက ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER) မှကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသား ကိုယ်စားလှယ်များပါဝင်သော လေးပွင့်ဆိုင်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျောင်းသားများ၏ တောင်းဆိုချက်(၁၁)ချက်ပေါ် မူတည်ပြီး ယင်းဥပဒေကိုပြင်ဆင်နိုင်ရန် ဆွေးနွေးခဲ့ရာ ကျောင်းသားများနှင့် NNER တို့၏ ပြင်ဆင်ရေးဆွဲတင်ပြသည့် **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ၎င်းတို့၏တောင်းဆိုချက်အရ လွှတ်တော်သို့ တင်ပြရန် လေးပွင့်ဆိုင်အဖွဲ့က မူအားဖြင့် သဘောတူညီခဲ့ပါကြောင်းဖြင့် ယနေ့ဖတ်ကြားသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသည်။

ယခုပြင်ဆင်သည့် ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော်သို့တင်သွင်းခဲ့ရာ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ကြားနာဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေ၏ **"တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်ရန် စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ရှင်းလင်းဖြေကြားရာတွင် တရားရုံးအဆင့်ဆင့်သည် တရားစွဲဆိုလာသည့် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုခင်းများကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ကြရပါကြောင်း၊ ပြစ်မှုဆိုင်ရာ အမှုများမှာ အချုပ်တရားခံအမှုများပါဝင်သဖြင့် ကြန့်ကြာမှုမရှိစေရန်၊ မြန်ဆန်စွာ ပြီးပြတ်စေရန် ဦးစားပေး စစ်ဆေးစီရင်ကြရပါကြောင်း၊ အလားတူ တရားမမှုခင်းများကိုလည်း မှန်ကန်မြန်ဆန်စွာ ပြီးပြတ်စေရေးအတွက် စစ်ဆေးစီရင်ကြရပါကြောင်း၊ သို့သော် တရားမမှုခင်းများမှာ ပုဂ္ဂလိကအချင်းချင်း၊ ပုဂ္ဂိုလ်ရေးအရ ပစ္စည်းခန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ဖြစ်ပွားကြသည့် အမှုများဖြစ်သဖြင့် နှစ်ဖက်အပြိုင်အဆိုင် အငြင်းပွားကြခြင်း၊ ရှေ့နေများ ငှားရမ်း၍ အမှုပြိုင်ဆိုင်ကြခြင်း၊ ကြားဖြတ်အမိန့်များ မကြာခဏချမှတ်ရခြင်း၊ ထိုကြားဖြတ်အမိန့်အတိုင်း ရှေ့နေများက အထက်တရားရုံးအဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုများ တက်ရောက်ခြင်းကြောင့် တရားမမှုခင်းများမှာ မလိုလားအပ်ဘဲ အချိန်ကြန့်ကြာနေရသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ တရားရုံးချုပ်က တရားမမှုများကို မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်ရန်အတွက် တရားမမှုများပြားသည့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် တရားမမှုခင်းများကို သီးခြားစစ်ဆေးစီရင်ရန်အတွက် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်(၂၀)နှင့် မန္တလေးတိုင်းအတွင်းရှိ (၄)မြို့နယ်တို့၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် တရားမ မူလမှုများကို တရားမတရားသူကြီးများဖြင့် သီးခြားစစ်ဆေးစီရင်ရန် တရားရုံးချုပ်က အမိန့်အမှတ် ၁/၉၂ ဖြင့် စမ်းသပ်တာဝန်ပေး ဆောင်ရွက်စေခဲ့ပါကြောင်း၊ သို့သော်လည်း တရားမမှုခင်းများကို သိသိသာသာ မြန်ဆန်ပြီးပြတ်စေရန် စစ်ဆေးစီရင်နိုင်ခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ တရားမမှုများကို သီးခြားတရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်းအားဖြင့် ပိုမိုထူးခြားလာမှုမရှိသဖြင့် တရားမမှုများကို သီးခြားတရားရုံးများဖြင့် စစ်ဆေးစီရင်သည့်စနစ်ကို ၁၉၉၈ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့ရပါကြောင်း။

ထို့ကြောင့် ယခင်တရားရုံးချုပ်က တရားမတရားရုံးများ ဖွဲ့စည်း၍ တရားမမှုများကို သီးခြားစစ်ဆေးစီရင်စမ်းသပ်ခဲ့သည့် အတွေ့အကြုံအရ ပိုမိုထူးကဲ၍ တရားမမှုများ မြန်ဆန်



**ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြေကြားစဉ်။** (သတင်းစဉ်)

ပြီးပြတ်သွားမှု မရှိသကဲ့သို့ တရားသူကြီးများ၏ တရားမမှုနှင့် ပြစ်မှုနှစ်မျိုးစလုံးကို ကျွမ်းကျင်စွာ စစ်ဆေးစီရင်နိုင်ရမည့် အရည်အချင်းကိုလည်းထိခိုက်လာစေနိုင်သောကြောင့် တရားမမှုများကို သီးသန့်စစ်ဆေးစီရင်ရသော တရားရုံးများ ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ်မရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ထဲတွင် နှစ်ချီကြာနေသည့် တရားမမှု အမြန်ပြီးပြတ်ရေး၊ အမှုများကြန့်ကြာမှုမရှိဘဲ ပြီးပြတ်သင့်သည့်အချိန်တွင် ပြီးပြတ်စေရေးစီမံချက်များပါရှိပါကြောင်း၊ စီမံချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း၏ **"လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် အစီအစဉ် ရှိ/မရှိနှင့် လက်ရှိ အသုံးပြုတပ်ဆင်ထားသည့် မီးပွိုင့်(၄)ခုအနက် ပျက်စီးနေသော မီးပွိုင့်(၃)ခုအား အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် လားရှိုးမြို့တွင်ရှိသော အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့စုအနေဖြင့် လားရှိုးမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်ကာ လားရှိုးကြီးလမ်းဆုံမီးပွိုင့်၊ နမ့်တူလမ်းဆုံမီးပွိုင့်၊ ခိုလောင်း လမ်းဆုံမီးပွိုင့်၊ မန္တလေးလမ်းဆုံမီးပွိုင့်တို့ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ယာဉ်စည်းကမ်းရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲကာ အသုံးပြုခဲ့ပါကြောင်း။

အဆိုပါ မီးပွိုင့်များမှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ စတင်ကာ ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ သုံးစွဲသည့်ကာလ ကြာမြင့်လာသောကြောင့်လည်းကောင်း မီးပွိုင့်အား ထိန်းသိမ်းထားရှိသော Control



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ မေးမြန်းစဉ်။** (သတင်းစဉ်)

ပိုင်းများနှင့် Service ကြိုးပိုင်းများမှာ ပျက်စီးခဲ့ပါကြောင်း၊ ပျက်စီးယိုယွင်းနေသော မီးပွိုင့်အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်၍ သုံးစွဲဆောင်ရွက်လျက်ရှိရာ ခိုလောင်းလမ်းဆုံမီးပွိုင့်နှင့် နမ့်တူလမ်းဆုံမီးပွိုင့်တို့မှာ လက်ရှိအသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် လားရှိုးမြို့ပေါ်တွင် လူနေမှုထူထပ်သိပ်သည်းလာ၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ များပြားလာသည့်အတွက်ကြောင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မီးပွိုင့်များ မတိုးချဲ့မီ အချက်ပြသတိပေး (မှိတ်တုတ်မီးဝါ)များအား မယ်တန်လမ်းဆုံတွင်(၃)ခု၊ ရေပန်းလမ်းဆုံတွင်(၃)ခု တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ လားရှိုးမြို့ပေါ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်ကြောရှုပ်ထွေးသည့်နေရာများအား ကွင်းဆင်း၍ မီးပွိုင့်များ၊ Slow Down များအား ထပ်မံတပ်ဆင် အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအသုံးပြုနေသော မီးပွိုင့်များအား လက်ရှိအနေအထားထက် ကောင်းမွန်စေရန် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးနေသော မီးပွိုင့်များအား ပြုပြင်၍ မရပါက အသစ်ထပ်မံတပ်ဆင်နိုင်ရေးကို ခရိုင်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်အတွက် တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။ **(သတင်းစဉ်)**

# ၂၀၂၀ ခုနှစ်တွင် အီးယူမှ ကူညီထောက်ပံ့ပေးမည့် ချေးငွေကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် မေ ၂၀**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဦးသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ (I-8) ၌ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပထမအတွင်းဝန် Mr.Andreas Magnusson အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဦးနှင့်အတူ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်ရွှေနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးဝင်းတို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံသို့ EU မှ ၂၀၂၀ ခုနှစ်တွင် Euro သန်းပေါင်း ၆၈၈ သန်း ကူညီထောက်ပံ့ပေးသွားမည့် ကိစ္စရပ်များနှင့် SME,SMI ချေးငွေကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ပြည်တွင်းသတင်း

# ဆိုင်ဘာစီးတီးတစ်ခု အကောင်အထည်ပေါ်လာရန် လိုအပ်သည့်ကူညီပံ့ပိုးမှုများကို အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဧပြီ ၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၂)၌ ကျင်းပသည့် Myanmar Software Showcase 2015 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။** (ယာပုံ)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက မြန်မာနိုင်ငံမှ စွန့်ဦးတီထွင် လူငယ်လေးများ၏ တီထွင်ဖန်တီးမှုများနှင့် ICT ကုမ္ပဏီများ၏ ထုတ်ကုန် Software များကို ခင်းကျင်းပြသထားသည့် Myanmar Software Showcase 2015 သည် မြန်မာနိုင်ငံ၏ IT Industry ဖွံ့ဖြိုးမှုကို အရှိန်အဟုန်ဖြင့် ရွေ့လျားနိုင်စေရန် စတင် တွန်းအားပေးလိုက်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ စုစည်းကြိုးပမ်းမှု ပြယုဂ်လည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို တိုးတက်ဖွံ့ဖြိုးသည့် နိုင်ငံများနှင့် အမီလိုက်နိုင်ရန် လုပ်ဆောင်ကြရာတွင် ICT ပညာကို ထိရောက်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် တိုးတက်သည့် နိုင်ငံအားလုံးတွင် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍက ထိပ်ဆုံးတွင်ရှိနေပြီး ITU မှ ထုတ်ပြန်သည့် အချက်အလက်များအရ Telecommunication နှင့် ICT Industry ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတိုးတက်စေရန်၊ ဂျီဒီပီတိုးတက်စေရန် များစွာအထောက်အကူပေးနိုင်ပြီး Broadband penetration ၁၀ ရာခိုင်နှုန်းတိုးတက်မှုသည် GDP per Capital ကို ၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်စေသည်ဟုလည်း သိရှိရပါကြောင်း။

ကမ္ဘာ့ဘဏ်၏ တိုင်းပြည် ၁၂၀ အပေါ် သုတေသနပြုချက်များအရ Mobile penetration ၁၀ ရာခိုင်နှုန်း တိုးတက်လာတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ၀ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်စေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၀ ဒသမ ၆၀ ရာခိုင်နှုန်း တိုးတက်လာစေသည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ICT ကို အသုံးမချနိုင်လျှင် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မရနိုင်ကြောင်းကို လက်ခံလာကြပြီဖြစ်ပါကြောင်း။

ICT ကို အစိုးရဌာနများတွင် အသုံးချမှု၊ စီးပွားရေး လုပ်ငန်းများတွင် အသုံးချမှုနှင့် နိုင်ငံသားများမှ အသုံးချမှု သုံးပိုင်းခွဲခြားနိုင်ပါကြောင်း၊ ယင်းကဏ္ဍသုံးခုတွင် ICT အသုံးပြုခြင်းအားဖြင့် ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ ရရှိစေရန်အတွက် ICT မဖြစ်မနေ အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အစိုးရအသုံးစရိတ်များကို ICT Industry တစ်ခု ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ပါကြောင်း။

စီးပွားရေး လုပ်ငန်းများမှ အထိုက်အလျောက် ICT အသုံးချမှုရှိနေပြီး အထူးသဖြင့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ကုန်တိုက်ကြီးများ၊ ဆေးရုံများတွင် ICT အသုံးပြုမှု ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ ကျန်သည့် လုပ်ငန်းများတွင်လည်း ICT အသုံးချမှု ယခုထက်ပိုမိုတိုးတက်လာစေရေး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံသားများ၏ ICT အသုံးချမှုအပိုင်းတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ ICT အသုံးချမှု၊ ICT ပညာတတ်မြောက်မှုများကို မြှင့်တင်ဆောင်ရွက်သွားခြင်းအားဖြင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး လုပ်ငန်းများတွင် ငွေကြေးနှင့်အချိန်ကို သက်သက်သာသာနှင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

မြို့ကြီးပြကြီးနေ ပြည်သူများနှင့် ကျေးလက်နေပြည်သူများပါ အသုံးပြုနိုင်ရန်အတွက် မြန်မာစာနှင့် အသုံးပြုနိုင်မည့် Application များကို ဦးစားပေးတီထွင် ရေးသားကြရန်လည်း လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ မြန်မာစာသုံး Application များ ရေးသားနိုင်ရန် ပြည့်စုံကောင်းမွန်သည့် မြန်မာစာ"စံ"စနစ် ဖြစ်ပေါ်လာစေရေးကိုလည်း အထူးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်ဘက်မှလည်း လိုအပ်သည့်ပံ့ပိုးမှုများကို ကူညီသွားရမည်ဖြစ်ပါကြောင်း။

အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စရိတ်သက်သာစွာဖြင့် ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံ အထက်ပိုင်းတွင် ရတနာပုံဆိုင်ဘာစီးတီးတစ်ခု ထူထောင်ပေးသကဲ့သို့ အိုင်တီလုပ်ငန်းအများဆုံး စုဝေးတည်ရှိနေသော ရန်ကုန်မြို့အနီးပတ်ဝန်းကျင်တွင်လည်း အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိနိုင်သည့်နေရာကို ရွေးချယ်၍ ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ Sillicom Valley ဟု တင်စားခေါ်ဆိုနိုင်မည့် ဆိုင်ဘာစီးတီးတစ်ခု အကောင်အထည်ပေါ်လာရန် လိုအပ်သည့်ကူညီပံ့ပိုးမှုများကို အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တွေ့ကြုံရမည့် အခက်အခဲများကို IT ပညာရှင်၊ လုပ်ငန်းရှင်များနှင့်အတူ လက်တွဲပူးပေါင်းဖြေရှင်းပေးသွားရမည် ဖြစ်ပါကြောင်း။

ယခုပြပွဲအခမ်းအနားသည် IT Industry ၏ စည်းလုံးညီညွတ်မှု၊ မြန်မာလူငယ်လေးများ၏ တီထွင်နိုင်မှုနှင့် စွမ်းရည်ကိုသက်သေထူပေးသည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း။

လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရန် လက်ရှိကွန်ပျူတာတက္ကသိုလ် ၂၄ ခု၊ အဆင့်မြင့် ကွန်ပျူတာတက္ကသိုလ် နှစ်ခုနှင့် နည်းပညာတက္ကသိုလ်များမှ နှစ်စဉ် ကျောင်းသား ၂၈၀၀ ခန့်ကို မွေးထုတ်နေပြီး ရန်ကုန်တက္ကသိုလ်နှင့် ပုဂ္ဂလိက သင်တန်းကျောင်းများမှလည်း မွေးထုတ်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဤဘွဲ့ရ ကျောင်းဆင်းများအားလုံး IT လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၊ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများ ထူထောင်ပေးနေသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားသော တက္ကသိုလ်များ၊ ICT အသုံးပြုသူ လုပ်ငန်းရှင်များပါဝင်သည့် အဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ Master Plan ကို စနစ်တကျ ရေးဆွဲပြီး တညီတညွတ်တည်း အကောင်အထည်ဖော်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က အဓိကနေရာမှ ပါဝင်လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် အိုင်စီတီလုပ်ငန်းများ တိုးတက်လာစေရေး ဆိုင်ဘာစီးတီးတစ်ခု ပေါ်ပေါက်လာရန်၊ ပြည့်စုံသည့် မြန်မာစာ"စံ"စနစ် ပေါ်ပေါက်လာရန်၊ e-Village ပရောဂျက်ကဲ့သို့သော ကျေးလက်ဒေသမှ ပြည်သူများ အိုင်စီတီအရေးပါပုံ နားလည်သဘောပေါက်လာရန်၊ စွန့်ဦးတီထွင် မြန်မာအိုင်စီတီလူငယ်များအား ပျိုးထောင်ပေးသည့်လုပ်ငန်းများကို ယခုထက်မက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးတို့က ပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက Myanmar Software Showcase 2015 ပြပွဲကို မြန်မာစစ်သူကြီးဂိမ်းပုရပိုက်တွင် အမှတ်တရစာသားရေးထိုးဖွင့်လှစ်ပေးသည်။

ယင်းနောက် Myanmar Software Showcase 2015 ပြပွဲ အထိမ်းအမှတ် အနာဂတ်လူသားသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် အသင့်သုံးဆော့ဖ်ဝဲများ၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် သင်တန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

Myanmar Software Showcase 2015 ပြပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်ရှိ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၄၀၀ ဦး တက်ရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူးကျင်းပသည့် Myanmar Software Showcase Forum များသို့ ပါဝင်တက်ရောက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ပြပွဲ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ အသုံးချ ကွန်ပျူတာဆော့ဖ်ဝဲဆိုင်ရာ နည်းပညာပြခန်းများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ အိုင်တီပြခန်းများ၌ ကြည့်ရှုလေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယနေ့ လူတွေ့စစ်ဆေးမှုကျင်းပ

**ရန်ကုန် ဧပြီ ၂**

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆု ဒုတိယအသုတ် ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့စစ်ဆေးခြင်းကို ဒုတိယနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။

လူတွေ့စစ်ဆေးမှုကို ရန်ကုန်မြို့၌ ကျင်းပလျက်ရှိရာ ဆေးပညာရပ် ကျောင်းသား ကျောင်းသူ ၃၇ ဦးသည် လမ်းမတော်မြို့နယ် ဆေးပညာသင်ကြားရေးဗဟိုဌာန၊ ကွန်ပျူတာပညာရပ် ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် သိပ္ပံဘာသာပညာရပ် ကျောင်းသား ကျောင်းသူ ၁၈ ဦးသည် ကမာရွတ်မြို့နယ် တက္ကသိုလ်စိန်ရတု၊ စီးပွားရေးဘာသာရပ် ကျောင်းသား ကျောင်းသူ ၁၈ ဦးသည် ကမာရွတ်မြို့နယ် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဆရာအတတ်သင်ပညာရပ် ကျောင်းသား ကျောင်းသူ ၂၂ ဦးသည် ကမာရွတ်မြို့နယ် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် အင်္ဂလိပ်စာနှင့် ဘာသာစကားပညာရပ် ကျောင်းသား ကျောင်းသူ ၂၅ ဦးသည် ကမာရွတ်မြို့နယ် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်တို့၌ ယနေ့ နံနက်ပိုင်းမှ စတင်ဖြေဆိုလျက်ရှိသည်။

ထို့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးပညာရပ် ကျောင်းသား ကျောင်းသူ ခုနစ်ဦးသည် မွန်းလွဲ ၂ နာရီမှစတင်၍ နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ လူတွေ့ဖြေဆိုကြကြောင်း သိရသည်။ ယနေ့ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၄ ဦး ဖြေဆိုကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုအတွက် လျှောက်လွှာတင်သွင်းထားသော ကျောင်းသား ကျောင်းသူ ၄၈၈၀ အနက် အရည်အချင်းစစ်စာမေးပွဲကို ၂၇၇၃ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။ ပထမအသုတ် လူတွေ့စစ်ဆေးခြင်းကို ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ၁၄၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ **ပညာရေး**

# သံအမတ်ကြီး ဦးပေါ်လွင်စိန် သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဧပြီ ၃**

ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် ဇာဂရက်မြို့၌ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စစ် ကော်လင်ဒါဂရာဘာကိတာရိုဗစ်ခ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**မိုးညို ဧပြီ ၂** ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် သာယာကုန်းအုပ်စု သာယာကုန်းရွာတွင် ဧပြီ ၁ ရက်က ကျွန်တော့်ရွာစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖွင့်လှစ်သည်။ ကျွန်တော့်ရွာစာကြည့်တိုက်သည် ယခင်အဆောက်အအုံမှာ ၁၀ ပေပတ်လည်သာရှိခဲ့ရာမှ ယခုအခါ NAY NI HTUN ကုမ္ပဏီစီမံခန့်ခွဲမှုအင်ဂျင်နီယာ ဦးသန်းဦးက အလျား ၁၅ ပေ၊ အနံ ၁၂ ပေ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံသစ်ကို ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်သည်။ စာကြည့်တိုက်ဖွင့်ပွဲသို့ မိုးညိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် ဝန်ထမ်းများ၊ အလှူရှင်ဦးသန်းဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းဦးနှင့် စာပေဝါသနာရှင်များတက်ရောက်ကြကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

တပ်မတော်များ ကြားတွင်ပါ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဖနောင်ပင်လေဆိပ်မှ ကမ္ဘောဒီးယားလေကြောင်းလိုင်းဖြင့် ဆီယမ်ရိမြို့ ဆီယမ်ရိလေဆိပ်သို့ ရောက်ရှိရာ ဆီယမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးဦးဆောင်သော အဖွဲ့သည် အန်းကောဝပ် ဘုရားကျောင်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အန်းကောဝပ် ဘုရားကျောင်းသည် အရှေ့တောင်အာရှဒေသ၏ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများအနက် အရေးပါဆုံးဒေသတစ်ခုဖြစ်ကာ အကျယ်အဝန်းအားဖြင့် စတုရန်း ကီလိုမီတာပေါင်း ၄၀၀ ကျော် ကျယ်ပြန့်သည်။ အေဒီ ၉ ရာစုမှ ၁၅ ရာစုအတွင်း ပေါ်ပေါက်ခဲ့သည့် ခမာယဉ်ကျေးမှု၏ ထူးခြားထင်ရှားသော အမွေအနှစ်များကို တစ်စုတစ်စည်းတည်းတွေ့ရှိနိုင်သည့် နေရာလည်းဖြစ်သည်။ ခမာယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကိုအဖွဲ့အနေဖြင့် ကျယ်ပြန့်သော အစီအစဉ်များချမှတ်ကာ The German Conservation Project (GACP) အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံက ပူးပေါင်း ထိန်းသိမ်းလျက်ရှိသည်။ ထို့ပြင် ၁၉၉၅ ခုနှစ်တွင် ထူထောင်သော အန်းကော World Heritage Site ကလည်း ရန်ပုံငွေများထူထောင်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းများ တိုးမြှင့်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်း အန်းကောဝပ် ဘုရားကျောင်းအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ(ဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၀ ၌ လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ဂုဏ်ထူး)ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၂၄၁ ပါးအနက် ၁၁၇ ပါးဖြေဆိုကြသဖြင့် ၄၈ ဒသမ ၅၅ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၈၈၂ ပါးဖြေဆိုကြသဖြင့် ၇၇ ဒသမ ၄၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့ရေး အလေးထားဆောင်ရွက်

**ရန်ကုန် ဧပြီ ၂**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဧပြီ ၁ ရက် နံနက်ပိုင်းက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ရင်ပြင်တော်ပေါ်ရှိ အလှူခံဌာနများ၊ ရွှေသင်္ကန်းအရောင်းဌာန၊ မုဆိုးတောင်စေတီ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်တန်းများ၊ ဘုရားဖူးဧည့်သည် တည်းခိုဆောင်များ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများအားရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကျိုက်ထီးရိုး ဘုရားဖူးလာပြည်သူများအား စားသောက်ဆိုင်၌ လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စေတီတော်ရင်ပြင် ဂေါပကရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဈေးဆိုင်ခန်းပိုင်ရှင်များ၊ ဟိုတယ်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် မှာကြားရာတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတော်တွင်သာမက ကမ္ဘာတွင်ပါ သမိုင်းဝင်ထင်ရှားကျော်ကြားသော စေတီတော်တစ်ဆူဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရေး အလေးထားစီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဘုရားဖူးသံဃာတော်များ သီးသန့် တည်းခိုသီတင်းသုံးနိုင်ရန်အတွက် နေရာများ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဘုရားဖူးသံဃာတော်များအား အသိပေးလျှောက်ထားရန်လည်းလိုကြောင်း၊ ဘုရားဖူးများအတွက် အခမဲ့တည်းခိုဆောင်များဖြစ်သော ဆီမီးကိုးထောင် ဓမ္မာရုံနှင့် ပြည့်စုံဓမ္မာရုံများကို ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေး ပြန်လည်ပြင်ဆင်မွမ်းမံသွားရန် လိုကြောင်းအသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား ခေါင်းဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဧပြီ ၁ ရက်မှ ၂ ရက်အထိ သွားရောက်ခဲ့သည်။**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွန်ချောင်နှင့် ပြည်သူ့ခန်းမဆောင်ကြီးတွင် လည်းကောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ တွေ့ဆုံဆွေးနွေးခဲ့သည်။ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ လက်ထောက်စစ်ဦးစီးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မာယိမင်နှင့်လည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီးဖန်ဖန်းဝေနှင့်လည်းကောင်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံမှုများအတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုက်ပွဲများနှင့်ဆက်စပ်၍ မတ် ၁၃ ရက်ဖြစ်စဉ်တွင် ယူနန်ပြည်နယ်၊ လင်ချန်းခရိုင်၊ တာ့ရှွေ့ရှန်းထုကျေးရွာအနီးနှင့် ကြံစိုက်ခင်းတို့၌ မြန်မာ့တပ်မတော် ဗုံးမတော်တဆ ကျရောက်မှုကြောင့် တရုတ်နိုင်ငံသား ငါးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းအတွက် မြန်မာအစိုးရနှင့် တပ်မတော်ကိုယ်စား တောင်းပန်စကား ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအား ထိုက်သင့်သည့် ပေးလျော်မှုများ ပြုလုပ်သွားရေးကိုလည်း နှစ်ဖက်ဆက်လက် ဆွေးနွေးသွားရန် သဘောတူညီခဲ့ကြသည်။ ယင်းမတော်တဆဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းသိမ်း ဆောင်ရွက်သွားရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြသည်။

ထို့ပြင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်အပေါ် အခြေခံ၍ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်သည် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်ဆုချီးမြှင့်နိုင်ရေးနှင့်ပတ်သက်၍ မြို့နယ်ဆု/ စံပြကျေးရွာဆု ကွင်းဆင်းစိစစ်ရေး အဖွဲ့ငယ်ခေါင်းဆောင်များနှင့် အတူ ဧပြီ ၁ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့် မြို့နယ်ဆုနှင့် စံပြကျေးရွာဆုသည် ၂၀၁၄ ခုနှစ်မှစတင်၍ ချီးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်တစ်မြို့နယ်စီနှင့် စံပြကျေးရွာတစ်ရွာစီကို ပဏာမရွေးချယ်တင်ပြခဲ့ခြင်းအပေါ် ကွင်းဆင်းအဖွဲ့သုံးဖွဲ့ဖြင့် ကွင်းဆင်းစိစစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဆုရွေးချယ်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်တို့အပေါ် အခြေခံရေးဆွဲထားပြီး နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍတို့ကို ဖြည့်စွက်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း။

အမှတ်ပေး စည်းမျဉ်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အမှတ်ပေးရွေးချယ်ရာတွင်လည်း နိုင်ငံတော်စီမံကိန်းများ ဆောင်ရွက်နိုင်မှုထက် ကိုယ့်အားကိုယ်ကိုး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကိုသာ ဦးစားပေးရွေးချယ်အမှတ်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်နှင့် စံပြကျေးရွာများအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိရန် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး ဆုရရှိခဲ့ပါကလည်း ချီးမြှင့်သည့်ဆုနှင့် လျော်ညီအောင် အစဉ်အမြဲထိန်းသိမ်းထားကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူးက မြစ်ကြီးနားမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ဗီဒီယိုဖိုင်များနှင့်တကွ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍဖြစ်သော နန်းကွေ့ကျေးရွာအုပ်စု နန်းကွေ့ကျေးရွာ ဘက်စုံမွေးမြူရေးခြံတွင် မွေးမြူထားရှိမှုအခြေအနေ၊ မြို့ပြအသေးစား၊ အလတ်စားကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော စီတာပူရပ်ကွက် ကျောက်မျက်ရတနာအရောင်းစင်တာရှိ ကျောက်မျက်အရောင်းပြခန်း၊ လုပ်ငန်းရှင် ဒေါ်လုမိုင်၏ ရက်ကန်းစက်ရုံနှင့် ဖိုးရှင်းဖိုင်ဘာဂလပ်(စ်)လုပ်ငန်းတို့ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဖြစ်သော နောင်နန်းကျေးရွာအုပ်စု (၈)မိုင်ကျေးရွာ ဘောမြို့စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ တပ်ကုန်းရပ်ကွက် အထက(၆)၊ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေ၊ မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် မူးယစ်ဆေးစွဲရောဂါကုဆေးရုံတို့၏ ဆေးကုသဆောင်ရွက်မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖြစ်သော မြေမြင့်ရပ်ကွက် လမ်းသွယ်(၂)အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကတ္တရာလမ်း ဆောင်ရွက်နေမှုအခြေအနေ၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍဖြစ်သော မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များကြံ့ခိုင်မှုအခြေအနေ၊ ဒူကထောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့မရဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

Ethnic Political Parties Alliance
NBF NATIONALITIES BROTHERHOOD FEDERATION

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးအတည်ပြုနိုင်ခြင်းအပေါ် ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (NBF) ၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ။ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်။**

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (Nationwide Ceasefire Agreement) စာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) နှစ်ဖက်ကိုယ်စားလှယ်များ၊ ၂၀၁၅ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် Myanmar Peace Centre ၌ သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခြင်းအား ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF) မှ လှိုက်လှဲစွာကြိုဆိုပါသည်။

၂။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးထားသော (Deed of Commitment for Peace and National Reconciliation) အပိုဒ်(၅) တွင်ဖော်ပြထားသည့် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA-Nationwide Ceasefire Agreement) အပြီးသတ်လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အမြန်ဆုံးရေးဆွဲခြင်းနှင့်သဘောတူညီသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ပဏာမနိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲမတိုင်မီ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်" ဆိုသည့် အချက်အား အကောင်အထည်ဖော်ဆောင်နိုင်ရန်တိုက်တွန်းအပ်ပါသည်။

၃။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့် နိုင်ငံသားများလိုလားတောင့်တနေသည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် NCA ကို အမြန်ဆုံးလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အမြန်ဆုံးချမှတ်ကာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (Political Dialogue) ကျင်းပခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရေးအတွက် NCA ကို အမြန်ဆုံးလက်မှတ်ရေးထိုးရန် NBF မှ တိုက်တွန်းအပ်ပါသည်။

**စီမံခန့်ခွဲမှုကော်မတီ**
**NBF**

Chin Progressive Party
ချင်း တိုးတက်ရေး ပါတီ
ဗဟိုဌာနချုပ် ရန်ကုန်
Rgd. No.26 Since March 24, 2010

# ချင်းတိုးတက်ရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကြေညာချက်အမှတ်-(၂/၂၀၁၅)

**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်။**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်၏နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့် အချက်များအားလုံးကို ၂၀၁၅ ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအတွက် တန်ဖိုးမဖြတ်နိုင်သောရလဒ်တစ်ခုဖြစ်ကြောင်း ချင်းတိုးတက်ရေးပါတီကရှုမြင်ပါသည်။

၂။ ယခုကဲ့သို့ ရလဒ်ကောင်းများရရှိလာအောင် တစိုက်မတ်မတ် ကြိုးပမ်းလာခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင်များ၏ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအပေါ်ထားရှိသော မွန်မြတ်စိတ်ထားကောင်းများအပေါ် ချင်းတိုးတက်ရေးပါတီအနေဖြင့် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ရာစုနှစ်ဝက်မက ရှည်ကြာသည့် ပဋိပက္ခများကို အချိန်တိုအတွင်း ဒီမိုကရေစီနည်းကျကျ ဆွေးနွေးညှိနှိုင်းမှုဖြင့် ပြေလည်မှုရရှိလာခြင်းမှာ ခက်ခဲသောလုပ်ငန်းစဉ်ဖြစ်ကြောင်းကို ချင်းတိုးတက်ရေးပါတီအနေဖြင့် နားလည်စာနာသကဲ့သို့ မကြာမီနေပြည်တော်တွင် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ပါကြောင်းနှင့် အများပြည်သူမျှော်လင့်နေသော နိုင်ငံရေးဆွေးနွေးပွဲကြီးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်ခင် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ချင်းတိုးတက်ရေးပါတီ**

# အပစ်အခတ်ရပ်စဲရေး (မူကြမ်း)လက်မှတ်ရေးထိုးနိုင်မှုအပေါ် "အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ သဘောထားကြေညာချက်"

**ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၂)ရက်**

မတ်လ (၃၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတ ရှေ့မှောက်၌ အပစ်အခတ်ရပ်စဲရေးမူကြမ်းကို UPWC နှင့် NCCT နှစ်ဖက်သောအဖွဲ့များမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤသည်မှာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ပင်လုံစိတ်ဓာတ်ဖြင့် လွှမ်းခြုံအပ်သော သမိုင်းဝင်ခြေလှမ်းတစ်ရပ်ဟု ကျွန်ုပ်တို့ NDF ပါတီက မှတ်ယူပါသည်။ ဤသမိုင်းဝင်ခြေလှမ်းကို ငြိမ်းချမ်းရေးအား မြတ်နိုးသူ၊ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာများကို မြင်တွေ့နေလိုသူ မည်သူမဆို ကြိုဆိုကြမည် မလွဲဟူ၍လည်း ယုံကြည်ပါသည်။

တစ်ဖန်တွင်လည်း ဤအပစ်အခတ်ရပ်စဲရေးမူကြမ်းကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်မထိုးမီ ပြည်သူများကို ချပြသွားမည်ဟု (NCCT) တာဝန်ရှိခေါင်းဆောင်များက ထုတ်ဖော်ပြောကြားကြပါသည်။ ဤသို့သော ထုတ်ဖော်ပြောဆိုမှုများသည် အပစ်အခတ်ရပ်စဲရေးမှသည် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် လက်နက်ကိုင်ထားသူများအတွက်သာ မဟုတ်တော့ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်ပါ သက်ဆိုင်သည်ကို အတိအလင်းဖော်ပြရာရောက်ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည် နှစ်ဖက်လက်နက်ကိုင်အဖွဲ့များအတွက်ထက် ပြည်သူများအတွက် ငြိမ်းချမ်းရေးဖြစ်သည်ဟူသော သဘောသက်ဝင်လာပြီဖြစ်၍ ဤသဘောထားကို ကျွန်ုပ်တို့ NDF ပါတီမှ လေးနက်စွာ ထောက်ခံကြိုဆိုလိုက်ပါသည်။

ဤရှေ့ဤမျှအခက်အခဲများကို ကျော်လွှား၍ ပေါင်းစုကြိုးပမ်းမှုကြောင့် လက်ဝယ်ရရှိခဲ့သည့်မူကြမ်းဖြင့် နိုင်ငံနှင့် လူမျိုးများအားလုံးတို့၏ အကျိုးကိုရှေးရှု၍ တိုင်းရင်းသားထိပ်သီးခေါင်းဆောင်များအနေဖြင့်လည်း ပြည်သူများ၏ ငြိမ်းချမ်းရေးလိုလားမှုကြီးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ NDF ပါတီမှ ရိုးသားစွာ ထင်မှတ်လျက်ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံရေးစေတနာ၊ ပြည်သူ့အတွက် ငြိမ်းချမ်းရေးရစေရေး စေတနာတို့၏ စေ့ဆော်မှုဖြင့် ယနေ့ယခု ဆုပ်ကိုင်ထားနိုင်ပြီဖြစ်သော အပစ်အခတ်ရပ်စဲရေးစာချုပ်(မူကြမ်း) ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ( UPCC)နှင့် တိုင်းရင်းသား ထိပ်သီးခေါင်းဆောင်များက ကတိကဝတ်များကိုထိန်းသိမ်းသယ်ဆောင်၍ ငြိမ်းချမ်းရေးခရီး ဖြောင့်ဖြူးစေရန် စိတ်ဝမ်းညီညွတ်စွာဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**

# အထူး ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)၏ တာဝန်ပေးချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)များမှ နှစ်ဖက်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း"** (Final Draft) ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် **Htoo Group of Companies** နှင့် **Htoo Foundation** တို့မှ အထူးပင် ဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးသည် အထူးအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည်ဟု ယုံကြည်မိသည့်အလျောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစိတ်အပိုင်းများတွင် မိမိတို့တတ်စွမ်းသည့်နေရာမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၌ ပါဝင်ကူညီဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းအတွက် မိမိတို့ **Htoo Group of Companies** နှင့် **Htoo Foundation** တို့မှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

HTOO GROUP OF COMPANIES

Htoo Foundation

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်း နေထိုင်ကြသော ပြည်သူလူထုအသီးသီးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုလားတောင့်တလျက်ရှိကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့အကြား တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (National Ceasefire Agreement. NCA)ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါတစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းပြုစုရေးဆွဲနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်အလင်းတန်းများပေါ်ထွက်လာပြီဖြစ်သည့်အပြင် မကြာမီ ငြိမ်းချမ်းရေးရနိုင်ဖို့အတွက်လည်း ဤအသင်းချုပ်အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖော်ပြအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်** (UMFCCI)

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့က ကြေညာချက်များ ထုတ်ပြန်


Yangon, 31 March 2015

LOCAL STATEMENT OF THE EUROPEAN UNION

AND EUROPEAN UNION MEMBER STATE EMBASSIES ACCREDITED TO MYANMAR/BURMA

The Heads of Mission of the European Union accredited to Myanmar welcome the successful conclusion of the 7th round of negotiations between the Myanmar Government and the ethnic armed groups at the Myanmar Peace Centre. Preliminary agreement appears to have been reached among the negotiating teams of all parties on the text for a Nationwide Ceasefire Agreement. We hope that this will prove to be

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယားတို့က မတ် ၃၁ ရက်တွင် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

**ဥရောပသမဂ္ဂ**

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ သံရုံးများ၏ ကြေညာချက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား (၇)ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲအား အောင်မြင်စွာ အဆုံးသတ်နိုင်မှုအပေါ် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ မစ်ရှင်အကြီးအကဲများက ကြိုဆိုကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်စဉ်ကတည်းကပင် ငွေကြေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း ပံ့ပိုးမှုပြုခဲ့သည်ဖြစ်ရာ မိမိတို့အနေဖြင့် ဤသဘောတူညီချက်မူကြမ်းသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဟု မျှော်လင့်ကြောင်း၊ ဥရောပသမဂ္ဂသည် တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းများတွက် ညီတူညီမျှ အကူအညီပေးရန် ကြိုးပမ်းခဲ့ကြောင်း၊ စိန်ခေါ်မှုများနှင့် စိုးရိမ်မှုများရှိနေသည်ဟု သဘောပေါက်လင့်ကစား နှစ်ဖက်စလုံးအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအစား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဖြင့် မကျေနပ်ချက်များ ဖြေရှင်းရန်လိုအပ်သည်ဟု သဘောပေါက်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား လာမည့်ရက်သတ္တပတ်များအတွင်း လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားပြီး နိုင်ငံရေးဆွေးနွေးပွဲ ပူးတွဲမူဘောင်ဆိုင်ရာ လူတိုင်းပါဝင်သောလုပ်ငန်းများကို စတင်တွေ့ရတော့မည်ဟု မျှော်လင့်ကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ဆယ်စုနှစ်များစွာကြာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ဘုံရည်မှန်းချက်များကို အောင်မြင်စေရန် ဆက်လက်ပံ့ပိုးရန်နှင့် မြန်မာပြည်သူများ၏ ကောင်းမွန်သော အနာဂတ်အတွက် အခြေခံအုတ်မြစ်ကို ဖော်ဆောင်ပေးရန် အသင့်ရှိကြောင်းဖြင့် ဖော်ပြထားသည်။

**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဤ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်မှုရရှိရန် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် ပကတိစိတ်ထားအမှန်ဖြင့် ကြိုဆိုကြောင်း၊ ဂျပန်အစိုးရသည် ဂျပန်အစိုးရ၏ အထူးသံတမန်မစ္စတာ ဆာဆာကာဝါနှင့်အတူ မြန်မာအစိုးရနှင့် တိုင်းရင်းသားလူနည်းစုများအကြား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်ရေးလုပ်ငန်းစဉ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံက ၅ နှစ်တာကာလအတွင်း ဂျပန်ယန်းငွေ ၁၀ ဘီလီယံ ထောက်ပံ့မည့်အစီအစဉ်ကို ကြေညာခဲ့ပြီး ပဋိပက္ခဖြစ်ပွားရာနယ်မြေများရှိ ပြည်သူများ၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်ကိုလည်း ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဤသဘောတူညီစာချုပ်၏ ရလဒ်တစ်ခုအဖြစ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ လက်မှတ်ရေးထိုးမှုကို မဆိုင်းမတွဖြစ်ပေါ်လာမည်ဖြစ်ပြီး တိုင်းရင်းသားလူနည်းစုနယ်မြေများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ဦးတည်လာစေမည်ဟု ဂျပန်နိုင်ငံက ခိုင်ခိုင်မာမာ မျှော်လင့်ကြောင်း၊ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း နှစ်ပေါင်း ၇၀ ကြာ ငြိမ်းချမ်းသော လမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

**နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန**

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံအတွင်း ပဋိပက္ခကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီး Borge Brende က ပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ် တည်ဆောက်မှုမလုပ်ဆောင်မီ ဖြေရှင်းရန်လိုအပ်နေသေးသည့် စိန်ခေါ်မှုများမှာ ရှုပ်ထွေးပွေလီလှကြောင်း၊ ယခုသဘောတူညီချက်စာချုပ်မူကြမ်းသည် အလွှာပေါင်းစုံပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်အတွက် ကနဦးခြေလှမ်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားသည့် ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့် အဖြေရှာခြင်းသည် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒီမိုကရေစီ လုပ်ငန်းစဉ်အတွက် အရေးကြီးသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးမူကြမ်းအပေါ် သဘောတူညီချက်ရရှိခြင်းသည် နိုင်ငံတော်အတွင်း တရားမျှတပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ်ရရှိရန် ကြိုးပမ်းအားထုတ်မှုများကို ဖြစ်ပေါ်စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ နော်ဝေအစိုးရအနေဖြင့် ယင်းကြိုးပမ်းအားထုတ်မှုများအပေါ် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နော်ဝေအစိုးရသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့များ၏ ကြိုးပမ်းမှုကို ၂၀၁၂ ခုနှစ်ကတည်းက ကူညီပံ့ပိုးခဲ့ကြောင်းဖြင့် ဖော်ပြပါရှိသည်။

**ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယား**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယား၏ ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာအရေးကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးပွဲများကို ကျယ်ပြန့်စွာ ကျင်းပနိုင်ရန် ပထမခြေလှမ်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် ပြည်သူအားလုံးပါဝင်ပြီး သဟဇာတဖြစ်သည့်အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်တဲ့အတွက် ဝမ်းသာကျေနပ်မိ

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ၂၀၁၅ ခုနှစ် မတ် လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းရရှိရေးအတွက် မြစ်ကြီးနားမြို့၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်နေ့က(UPWC)နှင့် (NCCT)တို့အကြား ပထမဆုံးအကြိမ် စတင်ဆွေးနွေးခဲ့ပြီး ပြည်တွင်းပြည်ပတွင် အလွတ်သဘော(၂၂)ကြိမ်၊ တရားဝင် (၇)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ နှစ်ဖက်သဘောတူညီသည့် စာချုပ်မူကြမ်းပြုစုနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံရေးသမိုင်းတွင် သမိုင်းတွင်သည့် အဖြစ်အပျက်တစ်ခုအပြင် ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်မည့် ခြေလှမ်းသစ်ဖြစ်ခြင်းကြောင့် မင်္ဂလာရှိသည့် နေ့တစ်နေ့ကို မန္တလေးပြည်သူများ၏ ဝမ်းသာပီတိစကားများဖြင့်ဖော်ပြလိုက်ပါသည်။

**ကိုဂျာလ**
**အတွင်းရေးမှူး(မနီစလလူမှုနာမှုကူညီရေးအသင်း)**



၃၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ တွေ့ရတဲ့မြင်ကွင်းလေးက တော်တော်လေးပီတိဖြစ်ရပါတယ်။ နှစ်ပေါင်း ၆၀ ကျော် ပဋိပက္ခတွေနဲ့ ကျီးလန့်စာစား သွားလာနေရတယ်။ အဓိကအနေနဲ့ တောင်တန်းဒေသတွေမှာ ဒုက္ခတွေရောက်နေကြတယ်။ ယခုလို တိုင်းရင်းသားခေါင်းဆောင်တွေ တက်တက်ကြွကြွနဲ့ ပါဝင်ဆွေးနွေးနေကြတာကို ကြည့်ပြီး ကျေးဇူးတင်ဝမ်းသာမိပါတယ်။ နောက်ဆုံးရလဒ်ကလည်း အကောင်းဆုံးဖြစ်ဖို့မျှော်လင့်ပါတယ်။သမ္မတကြီးပြောသွားသလို မြန်မာ့သမိုင်းမှာ အကောင်းဆုံးနေ့ရက်များအဖြစ် ပေါ်ထွက်လာတော့မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ လူမှုကူညီရေးအသင်းအဖွဲ့တွေ ဆိုတာကလည်း မငြိမ်းချမ်းတဲ့ နေရာဒေသတွေမှာ သွားလာရေးခက်ခဲတယ်။ ကူညီဆောင်ရွက်ဖို့တောင် ခဲယဉ်းတယ်။ ကူညီ ဆောင်ရွက်ချင်တာတောင် မငြိမ်းချမ်းတဲ့အတွက် အခက်အခဲဖြစ်နေတာကို စိတ်ပျက်မိတယ်။ ဒါကြောင့် အခုလိုအပစ်အခတ်ရပ်စဲမယ်ဆိုတာကို တကယ်ဖြစ်ချင်မိတယ်။ တကယ်ငြိမ်းချမ်းအောင်လည်း ဆောင်ရွက်ပေးစေချင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံ ငြိမ်းချမ်းရေးအသီးအပွင့်ကို မျှော်လင့်သလို ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့ အားလုံးကလည်း ငြိမ်းချမ်းရေးအလင်းတန်းကြီးကို ထပ်တူမျှော်လင့်လျက်ရှိပါတယ်။

**သီဟသုခမ္မမဏိဇောတရေ၊ သုခမ္မမဏိဇောတရေ ဦးကျော်ဝင်း**
**(ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအသင်း ဥက္ကဋ္ဌ)**



တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်။ ရုပ်ဝတ္ထုတွေ တိုးတက်လာသလို စိတ်ဓာတ်တွေလည်း တိုးတက်ဖို့လိုတယ်။ အခုလို

**မင်းထက်အောင်(မန်းကိုယ်ပွား)**

မတူညီတဲ့သဘောထားတွေကိုညှိနှိုင်းပြီး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်တဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာကျေနပ်မိတယ်။ ဒါကိုသာဆက်လက်ပြီး အတည်ပြုနိုင်မယ်ဆိုရင် နောင် ၅ နှစ်နဲ့ ၁၀ နှစ်အတွင်း နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ မြန်မာနိုင်ငံဖြစ်လာမှာပေါ့။ နိုင်ငံတိုးတက်မှ မိသားစုဘဝ စားဝတ်နေရေး ပြေလည်မှာပါ။ အသက် ၆၀ အတွင်းမှာ ဖဆပလ၊ တည်မြဲ၊ သန့်ရှင်း အဖွဲ့တွေအားလုံးကို မီခဲ့ပေမယ့် အခုမှ တိုင်းရင်းသားတွေ ညီညွတ်စွာ ငြိမ်းချမ်းရေး အုတ်မြစ်ကြီးကို ချနိုင်လိုက်တာပါ။ ဂုဏ်ယူပါတယ်ဗျာ။ နောက်ဆုံး ပြောချင်တာကတော့ အေးချမ်းသာယာပြီး ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဗျာ။

**ဦးမောင်မောင် (စစ်မှုထမ်းဟောင်း အငြိမ်းစား၊ အောင်မြေသာစံမြို့နယ်)**

ပြည်သူတွေရဲ့ ဆန္ဒကလည်း



တည်ငြိမ်အေးချမ်းမှုကို လိုလားနေကြတာပဲလေ၊ ဒီလို အဓိကလိုအပ်ချက်ကို အကောင်အထည်ဖော်ပေးနိုင်တဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူအားလုံးကိုကျေးဇူးတင်ပါတယ်။ တိုင်းပြည်အေးချမ်းမှ နိုင်ငံတိုးတက်မယ်။ စစ်ပွဲတွေချုပ်ငြိမ်းမှ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါကြောင့် ငြိမ်းချမ်းရေးက အဓိကကျတယ်။ လက်ရှိအခြေအနေကို ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ဖို့ ညီညီညွတ်ညွတ် ကြိုးစားပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(မြန်မာ့အလင်း)**

## သင်္ကြန်ကာလအတွင်း လူကုန်ကူးမှုမခံရစေရေး အသိပညာပေးဟောပြော

**လားရှိုး ဧပြီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉) နားမခေါ် အဝေးပြေးယာဉ်ရပ်နားစခန်း၌ အမှတ်(၁၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် သင်္ကြန်ပွဲတော်ကာလအတွင်း လူကုန်ကူးမှုမခံရစေရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂ ရက် နံနက် ၇ နာရီက တရုတ်ပြည်နယ်စပ်သို့ သွားရောက်မည့် ခရီးသည် များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ ကားဝင်းအတွင်းရှိ ဂိတ်မှူးများ၊ ဂိတ်စာရေးများ၊ ပြည်သူများအား အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ **ဇော်လွင်(လားရှိုး)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

ကော့သောင်းမြို့၌ ၃ ဒသမ ၁၁ လက်မ၊ ပူတာအိုမြို့၌ ၀ ဒသမ ၃၂ လက်မနှင့် မော်လိုက်မြို့၌ ၀ ဒသမ ၁၉ လက်မတို့ ဖြစ်ကြသည်။

ပြည်တွင်းသတင်း

# ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားဧည့်သည်များအတွက် ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့



မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှု သိသိသာသာ တိုးတက်လာလျက်ရှိရာ ဧည့်သည်များ သွားလာနေထိုင်မှုများ လုံခြုံအဆင်ပြေစေရန်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှအလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားဧည့်သည်များ သွားလာနေထိုင်မှု လုံခြုံအဆင်ပြေစေရန်အတွက် ကမ္ဘာလှည့်ခရီးသွားများအား သီးခြားအကူအညီ စောင့်ရှောက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်ကစ၍ အသစ်တိုးချဲ့ ဖွင့်လှစ်ဖွဲ့စည်းခဲ့သည်။

ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ကမ္ဘာလှည့်ခရီးသွားများကို လုံခြုံရေးလိုက်ပါ ဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပစ္စည်းပျောက်(ပြန်ရ) ကူညီစောင့်ရှောက်ပေးမှု၊ အပျော်စီး သင်္ဘောခရီးလုံခြုံရေးကူညီစောင့်ရှောက်ပေးမှု၊ မော်တော်ယာဉ်အုပ်စုလိုက် ခရီးစဉ်ကူညီစောင့်ရှောက်ပေးမှု၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ခြေကျင်လမ်းလျှောက်ခရီးစဉ်ကူညီစောင့်ရှောက်ပေးမှုများကိုဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုများကို တပ်ဖွဲ့မှူးရုံး၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦး၊ ရှမ်း၊ ဟန်လင်း၊ မင်းကွန်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ် (ကျိုက်ထီးရိုး) တို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့နောက် ကရင်ပြည်နယ် (မြဝတီ)၊ ချင်းပြည်နယ် (ကန်ပက်လက်)၊ ပဲခူး၊ မော်လမြိုင်၊ ရခိုင်ပြည်နယ်(ငပလီ)၊ ရခိုင်ပြည်နယ် (မြောက်ဦး)နှင့် ရှမ်းပြည်နယ် (တာချီလိတ်) စသည့်ဒေသများတွင်လည်း အသစ်ထပ်မံ တိုးချဲ့ဖွင့်လှစ်ရန်လျာထားလျက်ရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် ပုဂံ-ညောင်ဦးတွင် အသက် ၇၂ နှစ်အရွယ် ကိုရီးယားအမျိုးသမီးတစ်ဦးသည် မတ်လ ၂၉ ရက် ညနေ ၃ နာရီက ဘုရားဖူးရင်းလူစု ကွဲသွားခဲ့ရာ သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့များနှင့်ချိတ်ဆက်၍ စုံစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး အဆိုပါနေရာနှင့် ၁၃ မိုင်ကွာဝေးသည့်နေရာမှ ပြန်လည်တွေ့ရှိခဲ့၍ ဟိုတယ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။ အလားတူ မန္တလေးကျုံးဆည်ကန်ကားဂိတ်တွင် ထိုင်းနိုင်ငံသားတစ်ဦး နှလုံးသွေးကြောကျဉ်းဝေဒနာကို ခံစားနေရသူ (အသက်စိုးရိမ်ရ) ကို နှလုံးခွဲစိတ်ဆောင်တွင် ဆေးကုသမှု ခံယူစေခဲ့ပြီး ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

ငှင်းဖြစ်ရပ်များအပြင် နိုင်ငံခြားဧည့်သည်များ ပိုက်ဆံအိတ်များပျောက်ခြင်း၊ ပစ္စည်းများပျောက်ခြင်းကိုလည်း စုံစမ်းဖော်ထုတ်၍ ပြန်လည်အပ်နှံခြင်းများ၊ သက်ဆိုင်ရာသံရုံးများနှင့် ဆက်သွယ်ပြီး လူမှုရေး၊ ကျန်းမာရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘာလှည့် ခရီးသွားလုံခြုံရေးသည် အနာဂတ်တွင် နိုင်ငံအတွင်း ခရီးသွားများ ပိုမိုဝင်ရောက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သတင်းဆောင်းပါး-ဇူလိုင်မိုး
(မြန်မာ့အလင်း)
ဓာတ်ပုံ-အိမ့်ထက်မှူး



ဧပြီ ၁ ရက် ညနေက ယာဉ်အမှတ် 9I/--- အစိမ်းရောင် ဆယ်ဘီးကားတွင် နိုင်လွန်ကတ္တရာများ တင်ဆောင်ပြီး ပဲခူးမှ သထုံသို့ ရန်ကုန်-မော်လမြိုင် မြဝတီကားလမ်းမကြီးအတိုင်း မောင်းနှင်လာရာ ဝေါမြို့အနီး၌ လမ်းဘေး တိမ်းမှောက် မီးလောင်ကျွမ်းခဲ့သည်ကို တွေ့ရစဉ်။

စိုးဝင်း(SP)

## မူးယစ်နှင့် ယာဉ်စည်းကမ်းအကြောင်း အသိပညာပေး

**ပုသိမ် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလတွင် မှုခင်းများ ကျဆင်းရေးအတွက် မူးယစ်ဆေးဝါး တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက်က အဆိုပါ ဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၄၉)မူးယစ်တပ်ဖွဲ့စုမှ ရဲမှူးမြင့်အောင်က မူးယစ်ဆေးဝါးတားဆီးရေး၌ ရဲတပ်ဖွဲ့ဝင်များထက် အုပ်ထိန်းသူ/မိဘများ ၊ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်း၍ မိမိတို့ မိသားစုအတွင်း ရပ်ကွက်ကျေးရွာများအတွင်း၌ လူငယ်လေးများ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဆေးဆိုင်များ စည်းကမ်းမဲ့ ဥပဒေမဲ့တရားမဝင် မူးယစ်စေသော ဆေးဝါးများ ရောင်းချနေမှု ရှိ/မရှိ စုံစမ်းဖော်ထုတ်ပေးရန် လိုအပ်ကြောင်း၊ အရေးယူဖမ်းဆီးခြင်းပြုလုပ်ရန် မဟုတ်ဘဲ သုံးစွဲသူ လူငယ်များအား ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ပြီး အချိန်မနှောင်းမီ ဆေးဝါးကုသပေးရန် လိုအပ်ကြောင်းနှင့် မူးယစ်ဆေးသုံးစွဲသူတို့သည် မဟာသင်္ကြန်ကာလတွင် များပြားသောကြောင့် အမျိုးသမီးလေးများသည် သူတစ်ပါးတိုက်ကျွေးသော အစားအသောက်များတွင် စိတ်ကြွဆေး၊ မူးယစ်ဆေးများထည့်သွင်း၍ ကျွေးမွေးတတ်သည်ကို သတိပြုရန် လိုအပ်ကြောင်း အသိပေးဟောပြောသွားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ဆိုင်ကယ်နှင့် ဘုရားပွဲသွားသည့် အမျိုးသားနှစ်ဦး ယာဉ်တိုက်မှုကြောင့် သေဆုံး

**ရေတာရှည် ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကျင်းပလျက်ရှိသော သမိုင်းဝင်မယ်ဒက်ကယ်ဘုရားပွဲသို့ ဆိုင်ကယ်ဖြင့် သွားရောက်ကြသည့် အမျိုးသားနှစ်ဦးသည် ဧပြီ ၁ ရက် ည ၁၀ နာရီက ရေတာရှည်မြို့ မြောက်ဘက်သပြေတန်းကျေးရွာ တောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းတွင် ရှေ့မျက်နှာချင်းဆိုင်မှလာသော ကုန်တင်ယာဉ်နှင့်တိုက်မိရာမှ နှစ်ဦးစလုံးပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်းသိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်ချစ်ကိုကိုနှင့်တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သပြေတန်းကျေးရွာ တောင်ဘက်ကားလမ်းပြုပြင်နေသည့်နေရာ မိုင်တိုင်အမှတ် ၁၉၄/၅ နှင့် ၆ အကြားတွင် မြောက်မှတောင်သို့ ဆွာမင်းလမ်းကျေးရွာအုပ်စု ကညင်အိုင်ကျေးရွာနေသူများဖြစ်သော စောမင်းနိုင်(၂၃နှစ်) မောင်းနှင်ပြီး နောက်တွင် လမု(ခ)မိုက်မိုက်(၂၈)နှစ်တို့စီးနင်းလာသော ယာဉ်နံပါတ်မပါ WAVE 110 ဆိုင်ကယ်သည် ရှေ့မျက်နှာချင်းဆိုင်ဘက်မှအောင်ကျော်မိုး(၂၃နှစ်) မောင်းနှင်သည့် 8J/--- နှစ်ဆန်း(၁၂)ဘီးကုန်တင်ယာဉ်နှင့်တိုက်မိခဲ့ပြီး ဆိုင်ကယ်စီးလာသူ နှစ်ဦးစလုံး ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# “တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း”

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို မတ်လ ၃၁ရက်တွင် ရန်ကုန်မြို့တွင် နှစ်ဖက်သဘောတူညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့သမိုင်းတစ်လျှောက် ပထမဦးဆုံးအကြိမ် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်သော သဘောတူညီချက်ဖြစ်၍ နှစ်ပေါင်း ၆၀ကျော် မငြိမ်းချမ်းနိုင်သည့် လက်နက်ကိုင်ပဋိပက္ခများကိုချုပ်ငြိမ်းစေပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားကြရတော့မည်ဟု အခိုင်အမာမျှော်လင့်မိပါသည်။

နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏သမိုင်းတွင် မော်ကွန်းမှတ်တိုင်တွင်ရစ်မည့် **“ဒုတိယပင်လုံ”**၏ ပထမခြေလှမ်းအဖြစ်လည်း အခိုင်အမာယုံကြည်မိပါသည်။

သို့ပါ၍ ပြည်တွင်းငြိမ်းချမ်းရေး ခရီးကြမ်း၊ ခရီးရှည်ကြီးကို ခိုင်ခိုင်မာမာလျှောက်လှမ်းခဲ့ကြသော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ကူညီပံ့ပိုးခဲ့ကြသူများ၊ မီဒီယာများအားလုံးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုယ်စား ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း၊ သမိုင်းတွင်ရစ်တော့မည့် ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဆက်လက်၍လည်း များမကြာမီကာလတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ Code of Conductများ ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းစသည့် သမိုင်းတွင်ရစ်မည့်အဆင့်များကိုလည်း ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ကြရသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်များကိုရှေးရှုလျက် ပင်လုံစိတ်ဓာတ်၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်မှုများဖြင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မွေးရေ/ကျေးလက်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်လူငယ်များနှင့် မြစိမ်းရောင်အသင်းအဖွဲ့များ**

# သကြၤန်အကြိုကာလ ခါးပိုက်နှိုက်ဖမ်းဆီး



**ရန်ကုန် ဧပြီ ၂**

ရန်ကုန် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် သကြၤန်အကြို ကာလ ခါးပိုက်နှိုက် ဖမ်းဆီးရေး စီမံချက် ဆောင်ရွက်နေစဉ် မတ် ၂၇ ရက် နံနက် ၅ နာရီ ၂၅ မိနစ်က မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းခွဲ ကားမှတ်တိုင်သို့ ဆိုက်ရောက်လာသော အမှတ် (၄၃) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်တွင် ယခင် ပြစ်ချက်ဟောင်းရှိသူ စန်းမြင့် (ခ) ဝေထွန်း၊ ဝင်းမြင့်သန်း၊ မဲအောင် (ခ) ကတုံးတို့သုံးဦးကို တွေ့ရှိ၍ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ စန်းမြင့်(ခ) ဝေထွန်းထံမှ Sport တံဆိပ်ပါ ကျောပိုးအိတ် အလွတ်တစ်လုံးနှင့် ငွေရောရာ ငွေကျပ် ၂၆၂၀၀ တို့ကို တွေ့ရှိ၍ မင်္ဂလာဒုံ မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မိုးကို**

# လှိုင်သာယာမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အမှတ် (၁၂) ရပ်ကွက် မန္တလေးလမ်းရှိ သဟပုညကာရီ ဓမ္မာရုံ၌ မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းနှင့် ကတ်ပြားများပေးအပ်ခြင်း အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် ရန်ကုန် မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက မိုးပွင့်အထူးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်အတွင်းရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၀ ကို ပေးအပ်ခဲ့သည်။ ရပ်ကွက်/ကျေးရွာအုပ်စု ၂၉ စုသို့ ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ထားသူဦးရေမှာ ၇၅၉၉ ဦးရှိပြီဖြစ်ကြောင်း သိရသည်။


**သန်းထိုက်(လှိုင်သာယာ)**

ပြည်တွင်းသတင်း

# ခရီးသည်တင်မှန်လုံယာဉ် ဆိုင်ကယ်နှစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး၊ ယာဉ်ပေါ်ပါ ခရီးသည် ၁၄ ဦးဒဏ်ရာရ

**စစ်ကိုင်း ဧပြီ ၂**

စစ်ကိုင်းမြို့နယ် ပြူကံကျေးရွာ ခရိုင်လဝကရုံးအနီးတွင် မဟာစံခရီးသည်တင်မှန်လုံယာဉ်နှင့် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦး သေဆုံးပြီးမော်တော်ယာဉ်ပါ ခရီးသည် ၁၄ ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဧပြီ ၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က စစ်ကိုင်းမြို့မ ရဲစခန်းမှ ရဲအုပ်မင်းလွင်ထွန်း စခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ခန့်ညီဝင်း အမှတ်(၆) ရာဇပတ္တာလမ်း ပခုက္ကူမြို့နေသူ မောင်းနှင်လာသော မဟာစံယာဉ်လိုင်း မန္တလေး-ပခုက္ကူ ခရီးသည်တင် မှန်လုံယာဉ်သည် ခရီးသည်များတင်ဆောင်၍ မန္တလေး-မုံရွာ ကားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် စစ်ကိုင်းမြို့နယ် ပြူကံကျေးရွာ ခရိုင်လဝကရုံး အရှေ့အရောက်တွင် အဆိုပါလမ်းအတိုင်း မြောက်မှတောင်သို့ စစ်ကိုင်းမြို့ အမှတ် (၁၆) ရဲတပ်ရင်း တပ်ခွဲ (၁)မှ ရဲတပ်သားကောင်းသူလွင်မှ ရဲတပ်သား မင်းမင်းဦးအား ဆိုင်ကယ်နောက်မှ တင်ဆောင်၍ ၃၈ယ/--- ဆိုင်ကယ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းနည်းပညာတက္ကသိုလ် စတုတ္ထနှစ် (လျှပ်စစ်စွမ်းအား) ကျောင်းသားများဖြစ်သော မောင်သူရိန်မောင်းနှင်ပြီး လှိုင်မျိုးဝေနှင့် လှိုင်မိုးတို့ကို တင်ဆောင်လာသော ၃၉ယ/---- ဆိုင်ကယ်အားလည်းကောင်း မျက်နှာချင်းဆိုင်တိုက်မိပြီး ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ဖြတ်ကျော်သွားကာ လမ်းဘေးရှိ ခရိုင်လဝကရုံးရှေ့ ဝင်ပေါက်အုတ်ခုံ ကိုတိုက်မိပြီး သစ်ပင်အား ဆက်လက် တိုက်မိကာ ရပ်သွားသည်။

ယာဉ်တိုက်မှုကြောင့် ရဲတပ်သားကောင်းသူလွင်၊ ရဲတပ်သား မင်းမင်းဦး၊ နည်းပညာတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသားများဖြစ်သော သူရိန်မင်း၊ လှိုင်မျိုးဝေ၊ လှိုင်မိုးနှင့် မော်တော်ယာဉ်ပါ ခရီးသည်များ ဒဏ်ရာရရှိခဲ့ပြီး ရဲတပ်သား ကောင်းသူလွင်မှာ စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားသည်။

သို့ဖြစ်ပါ၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ခန့်ညီဝင်းအပေါ် စစ်ကိုင်းမြို့မရဲစခန်းက စစ်ဆေးလျက်ရှိသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်သောင်း၊ ရဲတပ်ရင်း (၁၆) မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဝင်များ လာရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**



# " Novotel Yangon Max " ဟိုတယ်ကြီး ဖွင့်လှစ်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက်
အထောက်အကူပြုသောရင်းနှီးမြှုပ်နှံဆောင်ရွက်မှုဖြစ်သည့်

## " Novotel Yangon Max "

ဟိုတယ်ကြီးကို

**Max Myanmar Holding နှင့် Accor တို့မှ**

စမ်းနားဝင့်ထည်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းသာပီတိ
ဖြစ်ရပါကြောင်းနှင့် စဉ်ဆက်မပြတ် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပြုအပ်ပါသည်။

**Ayeyar Hinthar Holdings Co., Ltd**

---

# " Novotel Yangon Max " ဟိုတယ်ကြီး ဖွင့်လှစ်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

## " Novotel Yangon Max "

ဟိုတယ်ကြီးကို
**Max Myanmar Holding** နှင့် **Accor** တို့မှ စမ်းနားဝင့်ထည်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက်
များစွာဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါကြောင်းနှင့် စဉ်ဆက်မပြတ် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပြုအပ်ပါသည်။

| | |
|---|---|
| ဦးအောင်မြင့် | Mother Trading & Construction Co., Ltd |
| ဦးမောင်မောင်အေး | မိုးထက်ကမ္ဘာ Co., Ltd |
| ဦးအောင်ကျော်မိုး | ငြိမ်းမိုးအောင် Co., Ltd |
| ဦးအောင်မင်း | First Top Co., Ltd |
| ဦးဝင်းလွင် | မြတ်မိတ္တ Co., Ltd |
| ဦးလှမိုး | ရတနာမိုး Co., Ltd |
| ဦးထင်အောင်ကျော် | Golden Cougar Co., Ltd |
| ဦးနိုးညီညီ | Feel Group |
| ဦးမင်းထွန်း | Aung Kyaw Myint Co., Ltd |
| ဦးမျိုးလွင် | ရွှေကာအဝါ |
| ဦးနိုင်းကိုကိုအောင် | ခေတ်သစ်ဦး Co., Ltd |
| ဦးသက်ဦး | သိဒ္ဓိထက် Co., Ltd |
| ဦးမင်းအောင် | Bright Time Co., Ltd |
| ဦးစော်ဝင်းဦး | Bright Time Co., Ltd |
| ဦးမျိုးသိန်း | စနေသီတာ Co., Ltd :d |
| ဦးထွန်းထွန်း(မန္တလေး) | Themis Services Co., Ltd |
| ဦးကျော်မျိုးထွန်း | Trust First Co., Ltd |
| ဦးလှမျိုး | အောင်မြင်သူ Co., Ltd |
| ဦးထူးထူးဇော် | ရွှေတောင်ဝေ Co., Ltd |
| ဦးဖိုးရှိ | AdvaMed Medical Technology Co.,Ltd |
| ဦးနိုးမိုးနိုင် (ကိုတာတူ) | ဖိုးလမင်း Co., Ltd |
| ဦးမင်းလွင်အောင် | သိင်္ဃရတနာ Co., Ltd |
| ဦးစံလင်း | KIA Car Co., Ltd |
| ဦးရဲလင်းထွန်း | San Trading Co., Ltd |
| ဦးကျော်လင်း | L O P Co., Ltd |
| ဦးရဲမြတ်နိုး | Horizon Telecom Co., Ltd |
| ဦးမောင်မောင်နိုင် | Myittar Moe Printing |

# မီးလောင်မှုများနှင့် လျှပ်စစ်

မောင်မောင်-လျှပ်စစ်

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လူနေမှုစနစ် မြင့်မားရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ လုံခြုံရေးစသည့် ကဏ္ဍအသီးသီးတို့တွင် လျှပ်စစ်ဓာတ်အားကို တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြရာဝယ် "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး" ဟူသော ဆိုရိုးစကားအတိုင်း လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာ သုံးစွဲကြသဖြင့် လျှပ်စစ်ဓာတ်အားကြောင့် ဖြစ်ရသည့် မီးလောင်မှုများ၊ ဓာတ်လိုက်မှုများ စသည့်ဆိုးကျိုးများကို တွေ့ကြုံကြရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် "ပွင့်လင်းရာသီ" ဟု တင်စားထားသည့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သောနွေရာသီဝယ် "မီးလောင်မှု" များ အများအပြား ဖြစ်ပွားလေ့ရှိရာ မီးဘေးကြိုတင် ကာကွယ်ရေးများကို တိုင်းဒေသကြီးအနှံ့၊ ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်မကျန် တပ်လှန့်နှိုးဆော်လျက်ရှိရုံသာမက အရေးပေါ် မီးငြိမ်းသတ်ရေး၊ ပညာပေးလုပ်ငန်းများကိုလည်း ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်၊ မြို့နယ်များ၌ ဇာတ်တိုက်လေ့ကျင့်နေသည်ကို သတင်းစာများတွင် မကြာခဏတွေ့မြင် ဖတ်ရှုနေရသည်။

တာဝန်ရှိသူတို့က မည်သို့ပင် ကြိုးစားဆောင်ရွက် သတိပေးနေသော်လည်း ပြည်သူတို့ဘက်မှ တာဝန်မသိ၊ သတိမရှိ၊ ပေါ့ဆကြပါက အရာရောက်မည် မဟုတ်ပေ။

မီးလောင်ရာတွင် "ပေါ့ဆမီး၊ ရှို့မီး" အလိုအလျောက်လောင်သော "တောမီး"နှင့် လျှပ်စစ်ဓာတ်အားကြောင့် လောင်သောမီးဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

အဆိုပါ မီးလောင်ခြင်းအမျိုးမျိုးအနက် လျှပ်စစ်ဓာတ်အား သုံးစွဲသူများ၏ ပေါ့ဆမှု၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၏ အရည်အသွေးညံ့ဖျင်းမှု၊ သတ်မှတ်စံချိန်စံညွှန်းမကိုက်ညီမှု၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ချွတ်ယွင်းမှုတို့ကြောင့် လောင်သောမီးမှာ နေ့၊ ည မရှောင်၊ ရာသီမရွေး ဒုက္ခပေးနေသည်ကိုလည်း တွေ့မြင်ကြားသိရပေသည်။

စာရေးသူသည် လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ မီးလောင်မှုဖြစ်ရသည့် သတင်းများကို မှတ်သားစုဆောင်းလေ့ရှိရာ ယခုနှစ် ၂၀၁၅ ခုနှစ်၏ နှစ်ဦးပိုင်းအစ ဇန်နဝါရီလ တစ်လအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ မီးလောင်ကျွမ်းမှု ဖြစ်ရသည်များအနက် မြန်မာ့အလင်းသတင်းစာပါ မီးလောင်မှုများသတင်းကို မှတ်မှတ်ထင်ထင် လေ့လာကြည့်ရာဝယ်-

ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက် ဖန်စက်လမ်းနေ ကိုရဲလင်းနိုင်၏ နေအိမ်၌ "လျှပ်စစ်ဓားမိန်းခလုတ်" ခုံမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီကျော်ခန့်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဦးချစ်မောင်အိမ်ရာရှိ "စုံတွဲကြိုးကြာ" ကုမ္ပဏီရုံးခန်း၌ လေးပေမီးချောင်းချပ်မှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၈ ရက် ည ၁၀ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မကျီးတန်းရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၂၃၈)(ဘီ)တွင် လူမရှိဘဲ ရေခဲသေတ္တာဖွင့်ထားရာမှ အပူလွန်ကဲပြီး ဘေးနံရံ သုံးထပ်သားမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ဇန်နဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ် (၁၀) ရပ်ကွက်၊ ဝန်းတန်းလမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ "ဗဟိုစည်" ဆေးရုံ၊ ခြောက်လွှာရှိ သားဖွားဆောင် ဧည့်ခန်းမျက်နှာကြက်တွင် တပ်ဆင်ထားသော လေးပေမီးချောင်းချပ် အပူလွန်ကဲရာမှ အောက်ဘက်ရှိ ဆိုဖာထိုင်ခုံပေါ်သို့ ပြုတ်ကျ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်က မုဒုံမြို့နယ် တောင်ကူးကျေးရွာ၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (မ/၆၅)နေ ဦးသန်းထွန်း၏ နေအိမ်အပေါ်ထပ် တွင် MP3 Song Box ကို တစ်ညလုံးမီးပလပ်ထိုး၍ လျှပ်စစ်ဓာတ်အားသွင်းထားရာမှ အပူရှိန်လွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ပြည်လမ်းမကြီးနှင့် ဘောဂလမ်းထောင့် လုံးချင်းတိုက်ခံနှစ်ထပ်တိုက်ပေါ်တွင် အိမ်ခေါင်မိုးပြုပြင်ရန် မော်တာဖြတ်စက်အသုံးပြုရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ကျွဲခြံကုန်းရပ်ကွက် ဦးဝင်းနိုင်၏ နေအိမ်တွင် လျှပ်စစ်ထမင်းပေါင်းအိုးတည်ပြီး အပြင်ထွက်သွားရာ ပလပ်ခေါင်းအပူ လွန်ကဲပြီး နံရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ဇန်နဝါရီ ၂၉ရက်က မင်းဘူးခရိုင် ငဖဲမြို့ ဇီးတောကျေးရွာအုပ်စု ရှောက်ဝကျေးရွာရှိ ရှောက်ဝဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော် သီတင်းသုံးနေထိုင်ရာ အခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

လျှပ်စစ်ဓာတ်အားကို စနစ်တကျတပ်ဆင်သုံးစွဲကြရန် လျှပ်စစ်ဝိုင်ယာကြိုးများနှင့်တကွ မီးခလုတ်၊ မီးချောင်း၊ ပန်ကာ၊ ဘရိတ်ကာ၊ မီးပူ၊ လျှပ်စစ်မီးဖို၊ ရေခဲသေတ္တာ၊ လေအေးပေးစက် စသည့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို သတိထား သုံးစွဲကြရန်၊ ပျက်လျှင်ပြင်ကြရန် အက်ကွဲလျှင် မသုံးကြရန် သတိပေးလိုပါသည်။

အချုပ်ဆိုရပါမူ -

"သင့်ကြောင့် -မီးမလောင်ပါစေနှင့်"

" လျှပ်စစ်ကြောင့်- မီးမလောင်ပါစေနှင့်"

" မည်သည့်အကြောင်းကြောင့်မှ- မီးမလောင်ပါစေနှင့်"

"မီးဘေးရှောင်လို့ မလောင်ခင် တားကြပါ။"

"လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများနှင့် ဝိုင်ယာကြိုးများ၊ လျှပ်စစ်ဓာတ်အား ဆက်သွယ် တပ်ဆင်သုံးစွဲ။" ။

ပြည်တွင်းသတင်း



## ပန်းချီအထူးသင်တန်းဖွင့်ပွဲနှင့် ပန်းချီကားချပ်များ ခင်းကျင်းပြသ

**မော်လမြိုင် ဧပြီ ၂**

မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှင့်မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(မော်လမြိုင်မြို့နယ်) မှပူး ပေါင်းဖွင့်လှစ်သော ဒုတိယအကြိမ် ပန်းချီအထူးသင်တန်းဖွင့်ပွဲ နှင့်ပန်းချီကားချပ်များ ခင်းကျင်းပြသပွဲကို မော်လမြိုင်မြို့ အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(မော်လမြိုင်မြို့နယ်) ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပန်းချီဝါသနာရှင်များ၊ မူလတန်း၊ အလယ်တန်း ၊ အထက်တန်းအဆင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းရှေ့ရှိ ပန်းချီအထူးသင်တန်း မုခ်ဝကို မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ တိုးတိုးအောင်နှင့် မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ ဦးနေဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော ပန်းချီ၊ ပန်းပု ကားချပ်များကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ ပန်းချီအထူးသင်တန်းကို ဖွင့်လှစ်ရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅၀ တို့က ပန်းချီကားချပ်များကိုရေးဆွဲကြပြီး သင်တန်းကို မတ် ၂၄ ရက်မှဧပြီ ၈ရက်ထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**



**မတ် ၂၇ ရက်က ကနီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့် ခေါင်းဆောင်သောအဖွဲ့နှင့် ကနီမြို့မရဲစခန်းက ဒုရဲအုပ် နေလင်း ဦးခေါင်းဆောင်သော ပူးပေါင်းအဖွဲ့မှ ချိုင်ကျေးရွာအနီး ချင်းတွင်းမြစ်ကြောင်းတွင် သတင်းအရ ရှာဖွေဖမ်းဆီးရမိသော ပိုင်ရှင်မဲ့ အစိမ်းရောင် အသားခွဲစက်လှေနှင့် တရားမဝင် တမလန်းခွဲသား လေးတန်ခန့်ကို တွေ့ရစဉ်။**

(မြန်မာ့အလင်း)

## ပြည်ထောင်စုထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**သံတွဲ ဧပြီ ၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်တွင် မတ်လ စတုတ္ထပတ်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စန်ရွှေနှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းတို့က ကျေးလက်ဦးစီးရန်ပုံငွေ ပြည်ထောင်စုထောက်ပံ့ငွေတို့ဖြင့် ဆောင်ရွက်နေသောရွာရှည်-သံဒီလမ်းကျောက်ချောခင်းခြင်း ၂/၀ မိုင်၊ ဂျိတ္တော- အဘဲ-ရွှေသာချိုင်- ဆတ်လည်မျှော်-မရွတ်ကြီး- မရွတ်ကလေး-မဲနယ်ကွင်း မြေသား ၇/၁ မိုင် လမ်းဖောက်လုပ်မှု လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အလေအလွင့်မရှိစေရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီသော ပစ္စည်းများဖြင့် တည်ဆောက်ရေးတို့ကို ကုမ္ပဏီမှတာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **၁၅၇**

# ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း စီးပွားရေးလုပ်ငန်းများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်နစ်နာမှုမရှိစေရန် ပူးပေါင်းကူညီသင့်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန်အတွက် မြန်မာနိုင်ငံတော်အစိုးရ၊ UNESCO နှင့် နိုင်ငံတကာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO ရုံးခွဲ (ရန်ကုန်၊ ဗန်ကောက်) တို့ ပူးပေါင်းပြီး ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် Capacity Building For Safeguarding Cultural Heritage in Myanmar Phase II စီမံကိန်းအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် Consultation Meeting; Towards World Heritage ညှိနှိုင်းဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ပြည်တွင်း/ပြည်ပ ပညာရှင်များပူးပေါင်း၍ ပုဂံဒေသအတွက် Management Plan များ ရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးဆောင်ရွက်ရာတွင် မြို့ပြဧရိယာများ တိုးချဲ့ခြင်း၊ ခရီးသွားလုပ်ငန်း၏ အခြေခံအဆောက်အအုံများ တိုးချဲ့လာခြင်းစသည့် စိန်ခေါ်မှုများအပြင် ယဉ်ကျေးမှုဇုန်အတွင်း ရှေးဟောင်းအဆောက်အအုံများတွင် အုတ်ဖုတ်လုပ်ငန်းများ ပြုလုပ်နေခြင်းသည်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထိုသို့ ယဉ်ကျေးမှုဇုန်အတွင်း အုတ်ဖုတ်လုပ်ငန်းများကြောင့် မူလမြေမျက်နှာသွင်ပြင် ပျက်စီးစေသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ-၃၀ ပုဒ်မခွဲ(ခ) အရ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်(Ancient Monumental Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone) များတွင် လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် ၂/၂၀၁၄ ၏ စာပိုဒ် ၁ စာပိုဒ်ခွဲ (ဃ) တွင် မူလမြေမျက်နှာသွင်ပြင် ပျက်စီးစေနိုင်သည့် အောက်ပါဆောင်ရွက်ခြင်းများကို မပြုလုပ်ရန် ဖော်ပြထားသည်-

(၁) ရွှေကျင်ခြင်း၊ အုတ်စိမ်းရိုက်ခြင်း၊ အုတ်ဖုတ်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အမှိုက်များ စုပုံစွန့်ပစ်ခြင်း၊

(၂) သဘာဝ ကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်းနှင့် ရေစီးရေလာ ပိတ်ဆို့တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

ဤကဲ့သို့ စည်းကမ်းချက်များ ထည့်သွင်းသတ်မှတ်ရခြင်းမှာ အလားတူဖြစ်ရပ်မျိုးကို ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့သော ပျူမြို့ဟောင်း သုံးမြို့အနက် သရေခေတ္တရာမြို့ဟောင်းကို ICOMOC အဖွဲ့ဝင်များ လာရောက်စစ်ဆေးစဉ် နန်းတော်ရာ၌ ရွှေကျင်နေခြင်းကြောင့် မြေမျက်နှာပြင် ပျက်စီးနေမှုနှင့် သရေခေတ္တရာဇုန်အတွင်း စည်ပင်သာယာမှစွန့်ပစ်အမှိုက်ပုံများကြောင့် UNESCO မှ ကန့်ကွက်မှုများကို ဌာနအနေဖြင့် တာဝန်ယူဖြေရှင်းခဲ့ရသော သာဓကများရှိခဲ့သည်။

ယခုလည်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အုတ်လုပ်ငန်းရှင်များက အုတ်ဖုတ်လုပ်ငန်းဆောင်ရွက်လိုကြောင်း သိရပါသည်။ ၎င်းတို့ဆောင်ရွက်လိုသော နေရာများသည် ပုဂံဒေသ၏ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိ ရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone) အတွင်းကျရောက်နေသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၇(က) (ဂ) (စ) တို့အရ ခွင့်ပြု၍မရသော နေရာများဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို မြန်မာသာမက ကမ္ဘာကပါ စိတ်ဝင်တစားဖြင့် ဝိုင်းဝန်းစောင့်ကြည့်ပြီး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသော ကာလဖြစ်သည့်အတွက် ပုဂံဒေသခံများ အနေဖြင့်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမရှိစေရန် ယဉ်ကျေးမှုဇုန်နှင့် လွတ်ကင်းရာတွင် အုတ်ဖုတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ပူးပေါင်းကူညီထိန်းသိမ်းရန် လိုအပ်မည်ဖြစ်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း



# သုံးခွကျွန်းဒေသနှင့် မအူပင် ဆက်သွယ်မည့် ပံတပွတ်တံတားတည်ဆောက်

**နေပြည်တော် ဧပြီ ၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့်အတူ မအူပင်မြို့နယ် သုံးခွကျွန်း ဒေသဖွံ့ဖြိုးရေးအတွက် ပံတပွတ် တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေသည့် မအူပင်ဘက်ကမ်းရှိ တည်ဆောက်ရေးလုပ်ငန်းခွင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ပံတပွတ်တံတားတည်ဆောက်ရေးရှင်းလင်းဆောင်တွင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် တံတားဆောက်လုပ်ရေး အထူးအဖွဲ့ ၁၂မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမြင့်က ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ပံတပွတ်တံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးအထူးအဖွဲ့ ၁၂ သို့ လုပ်ငန်းအပ်နှံဆောင်ရွက်နေသော အရှည် ပေ ၇၂၀ ၊ အကျယ် ပေ ၃၀၊ ရေလမ်း ကင်းလွတ်အကျယ် ပေ ၂၂၀ ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၃၀ ရှိတံတားဖြစ်ပြီး လမ်းအထူးအဖွဲ့ ၄မှ အရှည် ၂၄၇၂ ပေရှိ ချဉ်းကပ်လမ်းများကို ဖောက်လုပ်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီဖြစ်ကြောင်း၊ တံတားအသစ်ကြီး ပြီးစီးသွားပါက သုံးခွကျွန်းဒေသတစ်ခုလုံးရှိ ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၆ ရွာရှိ လူဦးရေ ၇၅၀၀၀ ကျော်ခန့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အချိန်တိုအတွင်း မအူပင်မြို့သို့ အဆင်ပြေချောမွေ့စွာ ဆက်သွယ် ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မအူပင်မြို့ရှေးဟောင်းမြို့ဦး ပေါ်တော်မူစေတီတော်မြတ်ကြီး မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋ္ဌိတိုက်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ စေတီတော်မြတ်ကြီး မြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ရရှိသည့် ခွင့်ပြုရန်ပုံငွေကိုစနစ်တကျ ထိန်းသိမ်းပြီး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆောင်ရွက်လျက်ရှိသည့် မြို့ ဦးပေါ်တော်မူ စေတီတော်မြတ်ကြီး မြစ်ကမ်း ထိန်းသိမ်းရေးလုပ်ငန်းသည် မြေဝင် ပေ ၆၀ မှ ဘိုးပိုင် ၆၉ လုံးဖြင့် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ တမံ အလျား ၃၀၄ ပေ၊ Wing Wall မြေထိန်းနံရံ အလျား ၂၆၅ ပေကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းအောင်**

# ဓမ္မတာမျိုးဆက်ခြင်းမှထွက်ရှိသော ထင်းများဖြန့်ဝေ

**ပုလဲ ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဝမ်းပြင်ကျေးရွာတွင် သဘာဝတောကျန်များ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီး ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀မှ ထွက်ရှိသော ထင်း ၆ ဒသမ ၈တန်အား ကျေးလက်နေပြည်သူများထံသို့ ဖြန့်ဝေခြင်း အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုလဲမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးအရာရှိက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သဘာဝတောကျန်များ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီး ဓမ္မတာမျိုးဆက်ခြင်း၊ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်နွယ်ဖြတ် ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဧက ၁၀၀မှ ထွက်ရှိသော ထင်း ၆ ဒသမ ၈တန်အား ဒေသခံပြည်သူများ သုံးစွဲနိုင်ရန်အတွက် ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပုလဲမြို့နယ် ဝမ်းပြင်ကျေးရွာနေသူတစ်ဦးက "မီးဖိုချောင်သုံးထင်းအနေနဲ့ကတော့ အဒေါ်တို့ ငယ်ငယ်တုန်းကဆိုရင် ရွာအနောက်ဘက်တောထဲ ဝင်လိုက်ရင် ပေါမှပေါပဲ။ အခုတော့ ထင်းကရှားလာပြီ။ အခုလို မြို့နယ်စိမ်းစိုဦးစီးဌာနက ထင်းတွေကိုအခမဲ့ပေးတော့ ဝမ်းသာပါတယ်။ ဝယ်ပြီးသုံးရမယ်ဆိုရင် ထင်းလှည်းတစ်စီးတိုက်ကို ငွေကျပ် ၅၀၀၀ လောက်ပေးရတယ်လေ။ မြို့နယ် သစ်တောဦးစီးဌာနကလည်း မကြာမီ ကျေးရွာသုံး ထင်းစိုက်ခင်းတစ်ဧကကို ထူထောင်ပေးမယ်လို့ သိရတဲ့အတွက်ကြောင့်လည်း တာဝန်ရှိသူတွေကို ကျေးရွာသူ ကျေးရွာသားတွေကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ရမည်းသင်း ဧပြီ ၂**

ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှ လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း (ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က ရမည်းသင်းမြို့ မြို့မရဲစခန်းဓမ္မာရုံ၌ ကျင်းပသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်(၄)ရပ်ကို လေးစားစွာ လိုက်နာဆောင်ရွက်ရေး၊ လူ့အခွင့်အရေး ချိုးဖောက်သူများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအား လေးစားလိုက်နာပြီး စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံမှု၊ သည်းခံမှုများဖြင့် စနစ်တကျကိုင်တွယ်ဖြေရှင်းပေးကြရန် ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ ခရိုင်အတွင်းရှိ ရဲစခန်း၊ ရဲကင်းများမှ သင်တန်းသား စုစုပေါင်း ၆၅ ဦး တက်ရောက်ကြပြီး ဧပြီ ၁၀ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၁၁)**

# မသန့်ရှင်းသောရေ သောက်သုံးမိရာက ဝမ်းပျက်ဝမ်းလျှောဖြစ် လေးဦးသေဆုံး

**ရေတာရှည် ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အနောက် မိုင် ၂၀ ကျော်ခန့်အကွာ သစ်တောကြိုးဝိုင်းဒေသ မရိုးခုံ(စကွေး) ကျေးရွာအုပ်စု မြို့ကတော်ကျေးရွာတွင် မတ် ၃၁ ရက်မှစ၍ တကြီးချောင်းအတွင်း သဲလက်ယက်တွင်းများ သောက်သုံးရာမှ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေကြောင်း သတင်းအရ တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ် ဦးမောင်မောင်သက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်သူသူလွင်နှင့် ကျန်းမာရေး ဝန်ထမ်းများသည် မြို့ကတော်ကျေးရွာရှိ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း၌ ကူးစက်ရောဂါ ထိန်းချုပ်ရေးစခန်းဖွင့်လှစ်ကာ အထွေထွေရောဂါသည် ၁၉ ဦး၊ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ၁၃ ဦး၊ ဝမ်းကိုက်ရောဂါသည် ခြောက်ဦး စုစုပေါင်း ၃၄ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ရေတာရှည်မြို့နယ်ဆေးရုံတွင် အမျိုးသားတစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

အဆိုပါ ကျေးရွာသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ ကျေးလက်ဆေး ပေးခန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရှိသော ကျေးရွာနှင့် ၁၀ မိုင်ကျော်ကွာဝေးသည့်အတွက် ကနဦးရောဂါဖြစ်ပွားသူများအနက် အမျိုးသမီး နှစ်ဦး၊ အမျိုးသား နှစ်ဦး ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသွားခဲ့ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်သူသူလွင်တို့က ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မသန့်ရှင်းသော ရေများကို သောက်သုံးခြင်းမပြုရန်၊ ရေကို ကျိုချက်ပြီးမှ သောက်သုံးရန်၊ သောက်သုံးရေအတွက် စက်ရေတွင်းတူးဖော်ပေးမည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးအကြောင်းကြားရန် လိုအပ်ကြောင်း ပြောကြားသည်။

"ကျွန်တော်နေတာက သက်ကယ်ကျင်းရွာမှာ၊ မြို့ကတော်မှာနေတဲ့ အမေဝမ်းလျှောလို့ သေသွားပြီဆိုလို့သွားမေးရင်း ကျွန်တော်ပါကူးစက်ခံရတာ" ဟု ဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ဦးထွန်းလှက ပြောသည်။

**ကိုလွင်(ဆွာ)**



# နွေစပါးစိုက်ပျိုးရန် ရေမလုံလောက်၍ တောင်သူများအခက်တွေ့

**နေပြည်တော် ဧပြီ ၂**

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် ပုလဲသွယ်စပါးကို နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်း၌ GAP စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ လယ်ဝေးမြို့နယ် သက္ကယ်ချင်းကျေးရွာအုပ်စု မှန်တောကျေးရွာ ကွင်းအမှတ်(၁၈၁၁) ဧကပေါင်း ၃၀၀ ကျော် တောင်သူဦးရေ ၇၀ ခန့်နှင့် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ ကွင်းအမှတ် (၁၈၁၂)၊ (၁၈၁၄)၊ (၁၈၁၃) တို့တွင် နွေစပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးရေကို လုံလောက်စွာ ရရှိခြင်းမရှိသဖြင့် လယ်မြေများ ပက်ကြားအက်ကာ စပါးပင်များ အဝါရောင်သန်း၍ ရှင်သန်ဖို့အတွက် စိုးရိမ်ရကြောင်း သိရသည်။

"ကျွန်တော်တို့ ပြီးခဲ့တဲ့ ဇန်နဝါရီလက MAPCO နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး စာချုပ် ချုပ်ဆိုခဲ့တယ်။ သက်ဆိုင်ရာ ဌာနများနဲ့ပါ ညှိနှိုင်းဆောင်ရွက်ခဲ့လို့ အခုလို နွေစပါးကိုစိုက်ခဲ့တာပါ၊ စိုက်ပျိုးရေသာ အလုံအလောက်ရရင် အောင်မြင်ပါတယ်။ ညဘက်ဆိုလည်း အိပ်ရတယ်မရှိဘူး၊ ကိုယ့်လယ်ရေရရှိဖို့အတွက် ရေလိုက်ရတယ်၊ ကြာရင် အချင်းချင်းပြဿနာဖြစ်မှာတောင် ကြောက်ရတယ်" ဟု မှန်တောကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ နွေစပါးစိုက်ပျိုးသည့် လယ်ယာများအတွက် စိုက်ပျိုးရေပေးသွင်းသော်လည်း မလုံလောက်ကြောင်း တောင်သူများထံမှ သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

# အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု အခမ်းအနားကျင်းပ

**မိတ္ထီလာ ဧပြီ ၂**

မိတ္ထီလာတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက်က ကံကြီးကျေးရွာအုပ်စု ပိတောက်ပင်ကျေးရွာ အမှတ် (၄၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သည့် မိတ္ထီလာတက္ကသိုလ်မှ ဒေါက်တာကျော်ကျော်ဝင်း ပါမောက္ခ ရှုပဗေဒဌာနက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် တက္ကသိုလ်၏ ပါဝင်ကူညီဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် စာတတ် မြောက်ရေးလုပ်ငန်းများ အရှိန်တိုး မြှင့်ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဦးသက်လေးဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး) က ပြောကြားသည်။

ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကံကြီး၊ ပိတောက်ပင်၊ ကျောင်းရွာ၊ ကုက္ကိုပင်၊ အုတ်ဖိုနှင့် ညောင်ပင်သာကျေးရွာ ခြောက်ရွာမှ စာမတတ်သူ ဒေသခံ ၁၄၇ ဦးအား မိတ္ထီလာတက္ကသိုလ်မှ လုပ်အားပေးကျောင်းသူ ၁၅ ဦး၊ ကြီးကြပ်သူ ဆရာမ နှစ်ဦးတို့က ဧပြီ ၁ ရက်မှ မေလ ၁၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဟိုပင်၌ မီးငြှိမ်းသတ်ရေး လေ့ကျင့်

**ဟိုပင် ဧပြီ ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအနေဖြင့် မတ် ၁၈ ရက်က အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားသုံးစီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားတစ်စီး၊ အုပ်ချုပ်ရေးယာဉ်နှစ်စီးတို့ဖြင့် တာဝန်ရှိသူများ၊ မြို့အထောက် အကူပြု ကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နှစ်နှစ်ခန့်ကြာအောင် ပျောက်ဆုံးနေသောကားကို ပြန်လည်တွေ့ရှိ

**ရန်ကုန် ဧပြီ ၂**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ၂၀၁၃ ခုနှစ် ဧပြီလက ပျောက်ဆုံးသွားသော ကားတစ်စီးကို အချိန် နှစ်နှစ်နီးပါးကြာပြီးနောက် ၂၀၁၅ မတ်လတွင် ဖြူးမြို့နယ် ဇေယျဝတီမြို့၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နေ ဦးကူးမားသည် ၄င်းပိုင်တိုယိုတာကိုရိုလာ ယာဉ်အမှတ် သ/.... ကို ၂၀၁၃ ခုနှစ် ဧပြီ ၆ ရက် နံနက် ၉ နာရီခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရထားရပ်ကွက် ဘူတာဝန်ထမ်းလိုင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၌ ရပ်တန့်ထားစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ယာဉ်ပျောက်ဆုံးပြီးနောက် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့ကာ စခန်းကစစ်ဆေးခဲ့ပြီး နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများတွင် ကြော်ငြာများထည့်သွင်းခဲ့သော်လည်း အကြောင်းမထူးခဲ့ကြောင်း ယာဉ်ပိုင်ရှင် ဦးကူးမားက ပြောသည်။

ယာဉ်ပျောက်ဆုံးချိန်မှ နှစ်နှစ်နီးပါးအကြာ ယခုနှစ် မတ် ၆ ရက်တွင် ယာဉ်ပိုင်ရှင် ဦးကူးမားသည် ဇာတိမြို့ဖြစ်သော ဖြူးမြို့နယ် ဇေယျဝတီမြို့၌ ကျင်းပသည့် ဟိန္ဒူဘာသာဝင်တို့၏ ပွဲတော်များသို့ သွားရောက်ခဲ့ရာမှ ပျောက်ဆုံးနေသော ကားနှင့် ပုံစံတူသည့်ကားတစ်စီးကို မတ် ၈ ရက် ညနေပိုင်းတွင် ဇေယျဝတီသကြားစက်ရုံလမ်း၌ တွေ့ရှိခဲ့ကြောင်း၊ ယာဉ်အမှတ်မှာ ၇က/.... ဖြစ်သော်လည်း ပျောက်ဆုံးနေသည့် ကားဖြစ်နိုင်ကြောင်း မသင်္ကာသဖြင့် ဆက်လက်စုံစမ်းခဲ့ရာ ပျောက်ဆုံးသည့်ကားဖြစ်ကြောင်း အသေအချာသိရှိခဲ့သဖြင့် ဇေယျဝတီရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့ကြောင်း ယာဉ်ပိုင်ရှင်ဦးကူးမားက ဆက်လက်ပြောပြသည်။

ဇေယျဝတီရဲစခန်းမှတာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ဆက်သွယ်သတင်းပို့ခဲ့ပြီး ရဲစခန်းမှ သွားရောက်စစ်ဆေးခဲ့ရာ အင်ဂျင်အမျိုးအစားကို လဲလှယ်တပ်ဆင်ထားကြောင်း၊ အခြားသိသာထင်ရှားသော အမှတ်အသားများကိုလည်း ပြောင်းလဲထားကြောင်း၊ သို့သော်ယာဉ်၏ ဘောင်အမှတ်ကို စစ်ဆေးရာတူညီနေပြီး လက်ရှိယာဉ်ပိုင်ရှင်အနေဖြင့် ပိုင်ဆိုင်ကြောင်းအထောက်အထားများမပြနိုင်ဘဲ စစ်ဆေးဖော်ထုတ်တွေ့ရှိချက်များအရ ပျောက်ဆုံးနေသော ကားဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်ပြီးနောက် ယာဉ်ကို မတ် ၉ ရက်တွင် ရန်ကုန်သို့ ပြန်လည်သယ်ဆောင်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးယာဉ်မှာ နှစ်နှစ်ခန့်အထိ သတင်းမရသော်လည်း သတင်းရချိန်မှစ၍ ဇေယျဝတီရဲစခန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သဖြင့် ၂၄ နာရီအတွင်း ပြန်လည်ဖော်ထုတ်တွေ့ရှိခဲ့ရာ တာဝန် ရှိသူများအား ကျေးဇူးတင်ကြောင်း ယာဉ်ပိုင်ရှင်က ပြောသည်။

ပျောက်ဆုံးသည့် ၂၀၁၃ ခုနှစ်က ကား၏ ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၁၅၀ ခန့်ရှိသော်လည်း ယခုပြန်တွေ့ချိန်တွင် ကျပ်သိန်း ၅၀ ဝန်းကျင်ခန့်သာ ရှိတော့ကြောင်း၊ အပ်ကားဖြစ်သော်လည်း ယာဉ်ပျောက်ဆုံးနေခဲ့သဖြင့် မအပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ အပ်ကားများလက်ခံချိန်လည်း ကုန်ဆုံးနေပြီဖြစ်ရာ ယခင်ရရှိခဲ့သော ကားဟောင်းအပ်ပါက ကားသစ်တင်သွင်းရာတွင် အခွန်လျှော့ချသည့် အခွင့်အရေးကို မရရှိနိုင်တော့ကြောင်းလည်း ယာဉ်ပိုင်ရှင်က ဆက်လက်ပြောကြားခဲ့သည်။

**ခင်ဆိုင်**



# ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက် အသိပေးရှင်းလင်း

**ချောင်းဦး ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ ယူနီဆက်နှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဦးဆောင်သောအလုံးစုံ ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက် မြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို ချောင်းဦးမြို့ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

စီမံချက်ရှင်းလင်းပွဲတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုအမှုဆောင်ကော်မတီမှ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်က အသင်းအကြောင်းနှင့် အသင်းမှ ဆောင်ရွက်နေသော စီမံချက်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျေးရွာ ၃၄ ရွာ၌ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သည့် လူထုဦးဆောင်သောအလုံးစုံ ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက် အောင်မြင်မှုအခြေအနေများကို အဖွဲ့ခေါင်းဆောင်ဒေါ်ခင်မိုယ်းဝေက ရှင်းလင်းဆွေးနွေးခဲ့ကာ စီမံချက်အောင်မြင်ပြီး ကျေးရွာ ၂၇ ရွာမှ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ပေါင်းစည်းကျေးလက်ကျန်းမာရေးစီမံချက် ဆန်းစစ်ဆွေးနွေး

**မင်းကင်း ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အဆင့် ပေါင်းစည်းကျေးလက်ကျန်းမာရေးစီမံချက် ဆန်းစစ်ဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်က အမှာစကားပြောကြားပြီး ကွင်းဆင်းအရာရှိ ဒေါက်တာညွန့်စိန်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းတို့က လုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား(ipord)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မလှိုင် ဧပြီ ၂**

မလှိုင်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘွတ်ကုန်းကျေးရွာ၌ မတ် ၃၀ ရက်နှင့် ၃၁ ရက်တွင် ဖွင့်လှစ်သည်။



သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပေါ်ပေါက်လာပုံနှင့် ကျေးလက်ဒေသများအတွက် ဦးစီးဌာနက ဆောင်ရွက်ပေးနေသော လမ်း၊ တံတား၊ ရေပေးရေးနှင့် ကျေးလက်မီးလင်းရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် လူထုဗဟိုပြုစီမံကိန်းများအကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကာကွယ်ရန်နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူနိုင်ရေး၊ တိရစ္ဆာန်စားကျက်နှင့် အာဟာရဗေဒအကြောင်း စသည့်အကြောင်းအရာများကိုလည်းကောင်း ပို့ချခဲ့သည်။

သင်တန်းသို့ ကုန်းတဲ၊ လယ်ကြီး၊ သိမ်ကုန်း၊ မှရိုး၊ ဖက်ကုန်း၊ ထမ္မကြီး၊ ရွာသစ်၊ သဘွတ်ကုန်း၊ ရုံးပင်ဇောက်၊ ကံကြီး၊ ကူကြီး စသည့်ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ ကျေးရွာ ၅၈ ရွာမှ လူငယ် ၂၉၀ တက်ရောက်ခဲ့သည်။

"လူငယ်တွေကိုရွေးချယ်ပြီး သင်တန်းများပေးခြင်းဖြင့် မိမိတို့ရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါ အထောက်အကူဖြစ်ရန်နဲ့ မှန်မှန်ကန်ကန်ဦးဆောင်နိုင်စေရန် ရည်ရွယ်တာပါ၊ ဒါ့အပြင် အရောင်းအဝယ်လုပ်ငန်းဖြစ်စေ၊ မွေးမြူရေးဖြစ်စေ၊ တစ်ပိုင်တစ်နိုင်မှတစ်ဆင့် စီးပွားဖြစ်မွေးမြူလုပ်ကိုင်နိုင်ဖို့နဲ့ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်တတ်စေဖို့လည်း ရည်ရွယ်ပြီး ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး(ဆင့်ပွား) သင်တန်းတွေကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်" ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဟိန်းထက်ကျော်က ပြောသည်။

**အောင်ဌေး(မလှိုင်)**

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ မဟာသင်္ကြန်အကြိုအထူးအစီအစဉ်
ဗုဒ္ဓဂါယာဘုရားဖူး ကံစမ်းမဲ ကုသိုလ်ပြုနေပါသည်။ ၁-၄-၂၀၁၅ မှစ၍ ရတနာချစ်သူတို့အား ကျေးဇူးတုံ့ပြန်ခြင်း
စိန်လက်ဝတ်ရတနာဝယ်ယူသူအပေါင်းအား ငွေသား လက်ငင်းကံစမ်းမဲများဖြင့်၎င်း
ရွှေလက်ဝတ်ရတနာထည်များဝယ်ယူသူတို့အား လက်ငင်းရွှေသားကံစမ်းမဲများဖြင့်၎င်း
ဒိုးထည်ဝယ်ယူသူများကို မေတ္တာလက်ဆောင်ကံစမ်းမဲများဖြင့် လက်ဆောင်ပေးပါမည်။
ရတနာသည်သင့်အတွက်ထာဝရ
ရတနာစုလိုက
ရွှေဥရာစုသစ်
ရတနာချစ်သူများ သင်္ကြန်အကြိုမှစတင်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၍ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ လန်းပြာစေကြောင်း မေတ္တာရေဖြန်း ဆုတောင်းအပ်ပါသည်။
အစဉ်အမြဲမိဘပြည်သူတို့အားလေးစားလျက်
သို့ကြွခဲ့ပါ
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃-လမ်းနှင့် ဗိုလ်ရွှေလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၇၃၂၀၂၅၂၂

အမည်ပြောင်း

အမည်ပြောင်း

သန္တာသုခ သဘင်ရုံ
APR 13
APR 13
: 09 423 743 233, 09 4210 14940

အမည်ပြောင်း

ပြင်ဆင်ဖတ်ရှုပါရန်
၂၁-၃-၂၀၁၅ ရက်ထုတ် ဤသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ပါကြောင်း စည်ပင်သာယာရေးကော်မတီ၏ ကြော်ငြာစာပါ မြေကွက်တည်နေရာအမှတ် (၁၂)အစား မြေကွက်တည်နေရာအမှတ်(၁၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်း

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ မှုခင်းလျော့နည်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အသိပညာပေးဟောပြော

**မူဆယ် ဧပြီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများနှင့် တားမြစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်သုံးစွဲမှုမရှိစေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲကို အောင်ဆန်းသူရိယအေးချိုရိပ်သာခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦးက ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် မှုခင်းကျဆင်းရေးတွင် အရေးကြီးသောအချက်များအား အသေးစိတ်ရှင်းလင်းဟောပြောသည်။ ထို့နောက် မူဆယ်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းက မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ၏ အန္တရာယ်အကြောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၂)မှ ရဲမှူးတီခေါင်လွမ်းက မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်သုံးစွဲမှုအခြေအနေများနှင့် တားဆီးကာကွယ်ရန် နည်းလမ်းများအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင်က မူးယစ်ဆေးဝါးများ သောက်စားမောင်းနှင်မှုကြောင့်ဖြစ်ပွားနိုင်သော ယာဉ်အန္တရာယ်များအကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက မှုခင်းဖြစ်ပွားမှုအခြေအနေနှင့် ကြိုတင်ကာကွယ်မှုများ၊ တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေး ဆောင်ရွက်ချက်များအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့မြို့ဟာ နယ်စပ်ဒေသဖြစ်တဲ့အတွက် အခုဟောပြောပွဲခေါင်းစဉ်မှာပါတဲ့ အကြောင်းအရာတွေအားလုံးကို ပညာပေးခြင်း၊ ဟောပြောခြင်း၊ စည်းရုံးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေသလို သင်္ကြန်ကာလမှာတင် မဟုတ်ဘဲ အမြဲသတိရှိရှိနဲ့ အားလုံးပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းပါတယ်။



ဒါမှလည်း မှုခင်းတွေကျဆင်းလာမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟောပြောပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ကြီးကြပ်ရေးကော်မတီအောက်ရှိ ယာဉ်လိုင်းများမှ ယာဉ် မောင်းများ၊ သုံးဘီးဆိုင်ကယ်ယာဉ်မောင်းများနှင့် ဆိုင်ကယ်ကယ်ရီ အသင်းများ တက်ရောက်ခဲ့သည်။

**သိန်းဇော်(ရွှေလီဦး)**

# ဖြူးမြို့မဈေးတွင် မီးငြှိမ်းသတ်ရေးလက်တွေ့သရုပ်ပြ

**ဖြူး ဧပြီ ၂**

ဖြူးမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

စည်ပင်သာယာ မြို့မဈေးရှေ့ ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းဘေးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသက်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် လက်တွေ့မီးငြှိမ်းသတ်နည်းများကို ဆောင်ရွက်ပြသခဲ့ပြီး ဈေးသူဈေးသားများက လက်တွေ့ပါဝင်လေ့ကျင့်ကြသည်။ မီးငြှိမ်းသတ်မှု လေ့ကျင့်ရာသို့ မြို့နယ်မီးဘေးတားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့မဈေးကြီးကြပ်ရေးကော်မတီဝင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

**ဖြူးမြင့်ဦး**

# ကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ်သင်တန်းသို့ ထောက်ပံ့

**ဘားအံ ဧပြီ ၂**

ကရင်ပြည်နယ်တွင် ကရင်စာပေတိုးတက်ပြန့်ပွားစေရေးအတွက် ကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ်သင်တန်းသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို မတ် ၃၁ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေ



ကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ် ကရင်စာပေယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးဥက္ကဋ္ဌ ဦးစောအေးမြထံ ပေးအပ်သည်။ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းကျောင်းသား ကျောင်းသူများ စားရေးသောက်ရေးအစရှိသည့် ကိစ္စများတွင် အဆင်ပြေစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားစေရေးအတွက် ကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ်မွမ်းမံသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သော သင်တန်းအပါအဝင် (၄၅)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လျက်ရှိသည့် (၄၅)ကြိမ်မြောက် သင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ ကရင်တိုင်းရင်းသားလူငယ် ၈၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကာ သင်တန်းကာလမှာ ၁၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဘားအံ ဧပြီ ၂**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ အမိတာရာမဘုန်းတော်ကြီးကျောင်း၌ ပြည်သူ



အကျိုးပြုလုပ်ငန်းများကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ မတ် ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး(ပ)ဦး/ရေး/ထောက် ဒုတိယရဲမှူးကြီးသန်းဌေးလွင် ဦးစီး တပ်ဖွဲ့ဝင် ၁၀၀ နှင့် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးသက်စိုး ဦးစီးသည့်အဖွဲ့ဝင် ၁၀၀ စုစုပေါင်းရဲတပ်ဖွဲ့ဝင် ၂၀၀ တို့က အမိတာရာမဘုန်းတော်ကြီးကျောင်းအတွင်းရှိ မြေချိုင့်ကျင်းများကို မြေဖို့ခြင်း၊ သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းနှင့် ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းကာရံခြင်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် ဒေသတွင်းသန့်ရှင်းသာယာလှပရေးစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


**ထွန်းထွန်းထွေး(ဘားအံ)**




## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၉၆၊ မြေကွက်တည်နေရာအမှတ် ၆၉၆၊ ဝရဇော ၆လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ကျင်ဆိုင်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ကျင်ဆိုင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင်မော်၊ ဒေါ်လှထယ်တို့ ကွယ်လွန်သဖြင့် ဦးသက်ဝေ ၁၂/မဂတ(နိုင်)၀၃၃၈၀၆၊ ဒေါ်သက်မေ ၁၂/ဥကတ(နိုင်)၀၆၀၁၈၁၊ ဒေါ်ခင်လေးသွယ် ၁၂/ဥကတ(နိုင်)၁၃၃၆၁၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့်ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ မြို့နယ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်၊ သရက်ခြံ ၂လမ်း၊ အမှတ် ၃၃၈နေ ဦးတင်သန်း ၁၂/အစန(နိုင်)၁၅၁၆၆၆-ဒေါ်ရင်နု ၁၂/အစန(နိုင်)၀၇၆၈၈၂တို့၏ သမီး မနန္ဒာလင်း ၁၂/အစန(နိုင်)၁၉၈၂၁၉သည် မိဘများအား စိတ်ဆင်းရဲအောင်နှင့် စိတ်ဒုက္ခရောက်အောင်ပြုလုပ်နေပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မနန္ဒာလင်းနှင့်ပတ်သက်သည့်ကိစ္စအဝဝနှင့် အကြောင်းအမျိုးမျိုးတို့ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးတင်သန်း-ဒေါ်ရင်နု**

ပြည်တွင်းသတင်း

# တောင်သမန်ဖလား အားကစားပွဲတော်၌ နွားအလုနှင့် နွားလှည်းဒုန်းစိုင်းပြိုင်ပွဲများ ကျင်းပ

**အမရပူရ မေ ၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ မတ် ၃၁ ရက်က ကျင်းပသော တောင်သမန်အားကစားဖလားပွဲတော်တွင် မြန်မာ့ရိုးရာပြိုင်ပွဲများဖြစ်သည့် နွားပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

တိမ်မြုပ်ပျောက်ကွယ်လုနီးနေပြီဖြစ်သော မြန်မာ့ရိုးရာပြိုင်ပွဲများဖြစ်သည့် နွားအလုပြိုင်ပွဲ၊ နွားလှည်းဒုန်းစိုင်းပြိုင်ပွဲနှင့် နွားလှည်းအကျော့မောင်းပြိုင်ပွဲများသို့ ဒေသတွင်းကျေးရွာများမှ နွားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

နွားလှည်းဒုန်းအငယ်တန်းပြိုင်ပွဲတွင် သပြေရိုးရွာမှ မိုက်ညီနောင်အသင်းက ပထမ၊ ဘို့စောင်းရွာမှ မိုးဇော်-ကောင်းတင်အသင်းက ဒုတိယနှင့် ဆင်တပ်ရွာမှ ပျံလွှားညီနောင်အသင်းက တတိယဆုများ ရရှိခဲ့သည်။ အကြီးတန်းပြိုင်ပွဲတွင် ပေါ်ပေါ့ပေါ်တော်တီနောင်အသင်းက ပထမ၊ မီးတောင်စော်ရဲအသင်းက ဒုတိယနှင့် ရော်နယ်ဒိုအသင်းက တတိယဆုများ ရရှိခဲ့သည်။

နွားလှည်းအကျော့မောင်းပြိုင်ပွဲတွင် အငယ်တန်းပြိုင်ပွဲ၌ ဇီးပင်ကွေ့ကျေးရွာမှ မာယာကျည်ဆံအသင်းက ပထမ၊ ဘုံးအိုးကျေးရွာမှ ကျော်ကျော်ပိုအသင်းက ဒုတိယနှင့် ငါန်းဇွန်မှ ပေါက်ကျိုင်းအသင်းက တတိယရရှိခဲ့သည်။ အကြီးတန်းပြိုင်ပွဲတွင် စွမ်း-သာဂရအသင်းက ပထမ၊ ဝမ်းဘတ်-ဇီးအုပ်အသင်းက ဒုတိယနှင့် တောင်ပေါ်သား-ကျောက်ဆောက်အသင်းက တတိယဆုများ ရရှိခဲ့သည်။

တောင်သမန်ဖလား အားကစားပွဲတော်ကို အမရပူရမြို့နယ် ဘုံးအိုးကျေးရွာ အားကစားနှင့် ကာယပညာကော်မတီက ဦးစီးကျင်းပခဲ့ခြင်းဖြစ်ပြီး နွားအလုနှင့် နွားလှည်းပြိုင်ပွဲများအပြင် အလွတ်တန်းဘောလုံးပြိုင်ပွဲနှင့် အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲများကိုလည်း ကျင်းပခဲ့သည်။



နွားအလုနှင့် နွားလှည်းပြိုင်ပွဲများ၊ ဘောလုံးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကိုလည်း ပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် အမရပူရမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးနိုင်ကျော်၊ မြန်မာနိုင်ငံခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ပြိုင်ပွဲကို ပံ့ပိုးသောအလှူရှင်များက ဆုတံဆိပ်များ၊ ဆုဖလားများနှင့် ဆုကြေးငွေများကို ချီးမြှင့်ခဲ့သည်။ **တင်မောင်(မန္တလေး)**

## ကျေးရွာသောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**အင်းတော် မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် သိန်း ၂၀ ကိုချထားပေးခဲ့ရာ ရေရရှိရေးလုပ်ငန်းများကို ကျေးရွာရေရရှိရေးကော်မတီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ပင်ဝယ်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် ရွာရဲ့အရှေ့ဘက် ၂ မိုင်ခန့်အကွာမှာရှိတဲ့ ကြို့ပင်ချောင်းဖျားမှာ အလျား ပေ ၄၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၀ ပေရှိတဲ့ ရေစုကန်ကို တည်ဆောက်ခဲ့ပြီး ရေစုကန်ကနေရွာထဲကို ရေပိုက်လိုင်းသွယ်တန်းနိုင်ဖို့အတွက် ဆယ်အိမ်စုတစ်စုကို ပေ ၁၀၀ အကွာအဝေး ရေပိုက်လိုင်းကျင်းတူးတဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပါတယ်။ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းပြီးစီးသွားပြီဆိုရင် ပင်ဝယ်ကျေးရွာအတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေအနေနဲ့ တစ်နှစ်ပတ်လုံး ရေလုံလောက်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပင်ဝယ်ကျေးရွာ ရေရရှိရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပင်ဝယ်ကျေးရွာသည် သောက်သုံးရေရယူသုံးစွဲနိုင်သည့် ချောင်းမြောင်းများမရှိခြင်းကြောင့် နှစ်စဉ်နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်လေ့ရှိကြောင်း သိရသည်။ **နီတိုး(မော်လူး)**



နိုင်ငံတကာအားကစား

# ဘိုင်ယန်အတွက် လာထားသုံးမှတ်

မိုးမြင့်လင်းလက်



ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၄ ရက်နဲ့ ၅ ရက်တွေမှာ ဂျာမနီမြေက ဘွန်ဒက်လီဂါ ပွဲစဉ်(၂၇)ကို ဆင်နွှဲတာ မြင်တွေ့ရပါဦးမယ်။ ဒီတစ်ပတ်မှာတော့ ပရိသတ်တွေ စိတ်ဝင်စားစရာ အကောင်းဆုံးပွဲစဉ်ကတော့ ဒေ့ါမွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ရဲ့ပွဲဖြစ်ပြီး ဒေ့ါမွန်ကွင်းမှာ ဘယ်လောက်အထိ တုံ့ပြန်မှုပြင်းထန်မလဲဆိုတာ ကြည့်ရှုခံစားရပါဦးမယ်။

**ဒေ့ါမွန်နှင့် ဘိုင်ယန်မြူးနစ်**

ခြေစွမ်းပြန်တက်လာတဲ့ ဒေ့ါမွန်တို့ဟာ အိမ် ကွင်း မှာ အ မှား

အယွင်းမရှိ ကာကွယ်နိုင်ဖို့အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဥရောပဝင်ခွင့်ရဖို့အထိ ကြိုးစားလာတဲ့ ဒေ့ါမွန်ရဲ့ မျှော်မှန်းချက်ကို ဘိုင်ယန်မြူးနစ်တို့ ချေဖျက်ပစ်နိုင်မလားကြည့်ရမှာပါ။ ဘိုင်ယန်မြူးနစ်တို့က ဒီနှစ်ဘွန်ဒက်လီဂါမှာ အကောင်းဆုံးရလဒ်တွေနဲ့ ဖြတ်သန်းနေပြီး တိုက်စစ်မှူးတွေက အကောင်းဆုံး ဂိုးသွင်းမှုတွေနဲ့ ပြသထားနိုင်ပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ရှက်တာဒိုးနက်ကို ခုနစ်ဂိုးပြတ်နိုင်ပြီး ဝါဒါဘရီမင်ကို လေးဂိုးပြတ် နိုင်ပွဲဆက်ထားပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိအနေအထားအရ ဘိုင်ယန်မြူးနစ်တို့ပဲ နိုင်ပွဲရဖို့များနေပြီး ဒီပွဲစဉ်မှာတော့ လာထားသုံးမှတ်အပြည့်ယူမယ့်ပွဲပါပဲ။

**ဝုဖ်ဘတ်နှင့် စတုဂတ်**


ဒီနှစ် ဘွန်ဒက်လီဂါမှာ အိမ်ကွင်းလုံးဝရှုံးပွဲမရှိသေးတဲ့ တစ်သင်းတည်းသော ဝုဖ်ဘတ်တို့ရဲ့ အိမ်ကွင်းနိုင်ပွဲဆက်ဦးမယ့် ပွဲဖြစ်ပါတယ်။ ဝုဖ်ဘတ်တို့ဟာ စတုဂတ်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် နိုင်ပွဲတွေချည်း ရရှိခဲ့တာမို့ အခုပွဲမှာလည်း စတုဂတ်တို့ မလွယ်ပါဘူး။ တန်းစီဇယားအောက်ဆုံးက စတုဂတ်တို့ဟာ အဝေးကွင်းမှာ မထင်မှတ်တဲ့ ခြေစွမ်းပြတတ်တာမို့ ဝုဖ်ဘတ်တို့ သတိထားကစားလိုက်ရင် အနိုင်သုံးမှတ်ဟာ အိမ်ရှင်တို့အတွက်ပဲ ဖြစ်မှာပါ။

**ဟော့ဖန်ဟိန်းနှင့် ဂလာဘတ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် ဂလာဘတ်တို့နိုင်ပွဲများခဲ့ပေမယ့် ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတာချည်းပါပဲ။ ဂလာဘတ်တို့က အဝေးကွင်းဆိုရင် သရေပွဲများတတ်တာမို့ သေသေချာချာပြင်ဆင်ကစားမှရပါလိမ့်မယ်။ ဟော့ဖန်ဟိန်းတို့က အိမ်ကွင်းမှာ ခြေစွာတတ်တာမို့ ဂလာဘတ်တို့အတွက် တစ်မှတ်ဆိုရင် ကျေနပ်ရမှာပါ။

**လေဗာကူဆင်နှင့် ဟမ်းဘတ်**

အိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းရနေပြီး ပြိုင်ဘက်တွေကို အရှုံးမပေးတတ်တဲ့ လေဗာကူဆင်ဟာ တန်းဆင်းဇုန်ထဲက ဟမ်းဘတ်ကို အကြိတ်အနယ်ကစားရမှာဖြစ်ပါတယ်။ ။



## ရီးရဲမက်ဒရစ်နောက်တန်းကိုရောက်လာမယ့် ပေါ်တိုခံစစ်မှူး

ရီးရဲမက်ဒရစ်က ပေါ်တိုအသင်းမှ ဘရာဇီး ညာတောင်ပံနောက်ခံလူ ဒန်နီလိုအား ဒီနှစ်ရာသီအကုန်မှာ ပေါင် ၂၃ သန်းနဲ့ ခေါ်ယူသွားဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ် ဒန်နီလိုဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကတည်းက နိုင်ငံအသင်းမှာ ပုံမှန်ကစားခွင့်ရရှိလာပါတယ်။ ပေါ်တိုအသင်းကိုလည်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အထိ ပို့ပေးနိုင်ခဲ့ပါပြီ။ ဒန်နီလိုကို ရီးရဲမက်ဒရစ်အသင်းက ပေါင် ၂၃ သန်းပေးပြီး ၂၀၂၁ နွေရာသီအထိ စာချုပ်သွားမယ်လို့ ဆိုပါတယ်။ လက်ရှိအခြေအနေမှာ ရီးရဲမက်ဒရစ်ညာတောင်ပံ နောက်တန်းကစားသမားများအဖြစ် ဒန်နီကာဗာဂျယ်နဲ့ လီဗာပူးကစားသမားဟောင်း ဘာဘီလိုယာတို့ ကစားလျက်ရှိပါတယ်။ ဒန်နီလိုဟာ ပေါ်တိုနောက်တန်းအတွက် အားထားရတဲ့ကစားသမားဖြစ်ပါတယ်။

## ပွဲပေါင်း ၅၀၀ အနိုင်ရတဲ့ မာရေး

အင်ဒီမာရေးဟာ မီယာမီအိုးပင်းကွာတားဖိုင်နယ်ပွဲမှာ လက်ရှိချန်ပီယံကီဗင်အန်ဒါဆင်ကို အနိုင်ရလိုက်တဲ့အတွက် ပွဲပေါင်း ၅၀၀ မြောက် အနိုင်ရလိုက်တဲ့ ပထမဆုံး ဗြိတိန်နိုင်ငံရဲ့ တင်းနစ်ကစားသမားဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့အဆင့်(၃) အင်ဒီမာရေးဟာ တောင်အာဖရိကတင်းနစ်ကစားသမား အန်ဒါဆင်ကို ၆-၄၊ ၃-၆၊ ၆-၃နဲ့ အနိုင်ရလိုက်တာဖြစ်ပါတယ်။ မာရေးဟာ မီယာမီအိုးပင်းစတင်ကတည်းက ပွဲပေါင်း ၅၀၀ မြောက်အဖြစ် အနိုင်ရတဲ့ ၄၆ ဦးမြောက် တင်းနစ်ကစားသမားဖြစ်လာခဲ့ပါတယ်။ သို့ပေမယ့် ဗြိတိသျှတင်းနစ်ကစားသမားအနေဖြင့် ပထမဆုံးဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။




APEX Airlines
The Smart Way to Fly
SPECIAL SMART PACKAGE
Nay Pyi Taw
APEX Airlines ၏နေပြည်တော် - ရန်ကုန် - ထားဝယ် - မြိတ် - ကော့သောင်း လေကြောင်း
ခရီးစဉ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို
Online မှတစ်ဆင့်သော်လည်းကောင်း၊ အောက်ပါ တယ်လီဖုန်းနံပါတ်များမှ တစ်ဆင့်မှာယူပြီး
မိမိတို့နှင့် နီးစပ်ရာ APEX Airlines လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များထံတွင်
ဝယ်ယူနိုင်ပါသည်။
Inclusive:
- Return Airfare
- Hotel with Breakfast
- Airport Transfer
from
100,000 Ks
USD 100
Starting From
7th April 2015
APEX Airline Public Company Limited
Ground Floor, Seasons of Yangon International Airport Hotel,Mingalardon Township (11021), Yangon, Myanmar.
Tel : 95 - 1 - 53 3300-311 Fax : 95 - 1 - 53 3312
Email : tro@apexairline.com, smkto@apexairline.com
Website : www.apexairline.com
Book Online: www.apexairline.com


ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏
Gandamar Grand Ballroom ကို
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်
Gandamar Wholesale Level (III)၌
၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Gandamar
Grand Ballroom
*အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ ( ၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ညစာစားပွဲ များ အတွက်လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting , Seminar,Workshop,Product Launch များအတွက်လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။
*Fashion Show, Live Show, Stage Show များကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အမြင့် ၂၀ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။
*Dinner Party, Birthday Party, Staff Party နှင့်Gathering များလည်းကျင်းပပေးနိုင်ပါသည်။
*Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။
*ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။
Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

ကြော်ငြာ


Up to
30 % Off
Forever by Gems
ရွှေနန်းတော်
၂၀၁၅ မတ်လ(၁၂)ရက်နေ့ မှ ဧပြီလ(၁၂)ရက်ထိ
သင်္ကြန်နှစ်သစ်ကူးအထူးအစီအစဉ်
ရွှေနန်းတော်မှ ရတနာချစ်သူများအားလုံးအတွက်
၂၀၁၅ မင်္ဂလာနှစ်သစ် တွင် ဖန်တီးထုတ်လုပ်ထားသော
၁၅ပဲရည်ပြည့် ရွှေဆွဲကြိုး၊ ရွှေဟန်းချိန်းနှင့်
အခြား လက်ရာဆန်းသစ်သော အရည်အသွေးမီ
ဒီဇိုင်းသစ်ပေါင်းများစွာဖြင့် နွေးထွေးစွာ ကြိုဆိုလိုက်ပါသည်။
ချက်ခြင်းပေါက်ချက်ခြင်းယူ
ဗလာမပါကံစမ်းမဲများ
သိန်း(၆၀)ဖိုးဝယ်ယူသူတိုင်း
ငွေ (၂၅၀၀၀) ပြန်ရရှိမည်။
GIA/HRD Certificate ခံနိုင်များ
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
❖ ၁ကျပ်ခွဲ သားရွှေဆွဲကြိုး (၃)ဆု
❖ ၁ကျပ် သားရွှေဆွဲကြိုး (၅)ဆု
❖ ၁၂ပဲ သားရွှေဆွဲကြိုး (၅)ဆု
❖ ၈ပဲ သားရွှေဆွဲကြိုး (၅)ဆု
❖ ၄ပဲ သားရွှေဆွဲကြိုး (၁၀)ဆု
❖ ၂ပဲ သားရွှေဆွဲကြိုး (၂၀)ဆု
❖ ၁ပဲ သားရွှေလက်စွပ် (၃၀)ဆု
Junction Square Shopping Centre : ဖုန်း 09 731 45462, 09 731 45463
အမှတ် (၇၄၃)၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 227212,229409, 210572 အမှတ် (၇၀၀/၇၀၃)၊ မဟာဗန္ဓုလလမ်းနှင့် စဦးအိုးတန်းလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01 228751,226977, 211728

ကြော်ငြာ

## စစ်တက္ကသိုလ်
## အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း
## (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား
## အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ
# ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၅ခုနှစ် ဧပြီ ၇ရက်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နေပြည်တော်၊ ပြင်ဦးလွင်၊ ရန်ကုန်ရှိ ကျောင်းဆင်းသူငယ်ချင်းများမှ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေပြည်တော်။** ။ ၄-၄-၂၀၁၅ရက် နံနက် ၉နာရီအရောက် အေလာခေတ်အေးကျေးရွာရှိ ကိုယ်အင်္ဂါစွန့် စစ်မှုထမ်းဟောင်းများသို့ လိုအပ်သည်များ လှူဒါန်းခြင်းနှင့် ၁၉း၀၀နာရီမှ ၂၂း၀၀နာရီအထိ (Sky Palace) ဟိုတယ်တွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်**- ဖုန်း-၀၉-၇၉၆၇၁၇၀၈၈ သက်နောင်

**ပြင်ဦးလွင်။** ။ ၄-၄-၂၀၁၅ရက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ ဓမ္မစံရိပ်ငြိမ်သာသနာရိပ်သာ၊ ရွှေမြင့်သာကျေးရွာ၊ ရပ်ကွက်ကြီး(၁၄) အလှူတော်မင်္ဂလာပြုလုပ်ခြင်းနှင့် ၁၈း၀၀နာရီမှ ၂၁း၀၀နာရီထိ စုပေါင်းမင်္ဂလာခန်းမတွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်**- ဖုန်း-၀၉-၃၃၂၁၉၄၀၅ နေလင်းထွန်း

**ရန်ကုန်။** ။ ၇-၄-၂၀၁၅ရက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ၁၉း၀၀နာရီမှ ၂၂း၀၀နာရီထိ မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်**- ဖုန်း-၀၉-၃၁၃၃၃၈၆၉၊ ၀၉-၄၀၁၅၉၇၉၇၇၊ ၀၉-၅၁၇၁၆၇၁

## စစ်ကိုင်းတိုင်းဒေသကြီး
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## ကလေးခရိုင်၊ ကလေးမြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရက်စွဲ။ ၃၀-၃-၂၀၁၅

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကလေးခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းကျောက်မျိုးစုံအား မြို့နယ်အလိုက်၊ လမ်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၄-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ
၃။ **တင်ဒါစိစစ်မည့်ရက်/အချိန်** - ၂၆-၄-၂၀၁၅ ရက်၊ ၁၄း၀၀ နာရီ
၄။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်လိပ်စာ**
**ခရိုင်အင်ဂျင်နီယာမှူးရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ကလေးခရိုင်၊ ကလေးမြို့၊**
**ဖုန်း-၀၇၃-၂၁၀၅၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
# (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၁၆)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၃-၄-၂၀၁၅ရက်မှစ၍ ၂၇-၄-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့်ပုံစံအရေအတွက် တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် ကြည့်ရှုနိုင်ပြီး ၂၇-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း ၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

# အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာတန်ဖိုးမျှ ပြည်သူ့ဝန်ထမ်းအိမ်ရာအား လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း ၉၀၀၀၀၀၀၀၀ ကျော်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၄၆၈၀၉၆၄၀၀ ကျော်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း ၄၁၈၇၈၇၄၀၀၀ ကျော် စုစုပေါင်း ကျပ်သန်း ပေါင်း ၇၅၅၅၉၇၀၄၀၀ ကျော် ကျခံသုံးစွဲပြီး စီမံဖော်ထုတ်ပေးလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့်ရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ပြီး ဝယ်ယူခွင့်လျှောက်လွှာများကို ၈-၄-၂၀၁၅ ရက် နံနက် ၈ နာရီ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကော်မတီ(၃)ရပ်မှ ကိုယ်စားမဲနှိုက်သည့် မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံများကို အောက်ဖော်ပြပါအတိုင်း တည်ဆောက်လိုပါသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၁)တွင် တင်ဒါလျှောက်လွှာပုံစံများကို ဝယ်ယူနိုင်ပါကြောင်းနှင့် လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအချက်အလက်များပါဝင်သည့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော အဆောက်အအုံပုံစံဒီဇိုင်းနှင့်အတူ တင်သွင်းရမည်-

(က) နှစ်ထပ်အဆောက်အအုံ စုစုပေါင်းကြမ်းခင်းဧရိယာ (၃၂၀၀)စတုရန်းပေ(ပေါ်တီကိုမပါ/လှေကားခန်းဧရိယာအပါအဝင်)၊
ပေါ်တီကိုဧရိယာ(၁၅ပေ×၁၅ပေ)=၂၂၅ စတုရန်းပေ
(ခ) ခြံစည်းရိုးအုတ်တံတိုင်း၊ ခုံထူအမြင့် Plinth Level+1'-6" အုတ်တံတိုင်းအမြင့် From Plinth Level to top of Fencing wall 6'-0"၊ (၁၂ပေ)အကျယ် သံပန်းတံခါး Slide Door နှင့် တစ်ဖက်တွင် (၄)ပေအကျယ် လူဝင်ပေါက်သံပန်းတံခါး၊ Roof=Steel Structure, Roofing=4 LAmcan with Gutter
(ဂ) (၂")အဝီစိတွင်း (၁)တွင်း၊ ရေစုပ်စက်(Compressor+ရေတင်စက်ပါ)၊ Motor Pump, 1600 gls Ground Tank, 400 gls Over Head Tank (PVC Tank) Steel Structure trestle with Angle iron
(ဃ) အတွင်းလျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်း (အဆောက်အအုံပတ်လည် လုံခြုံရေးမီးအပါအဝင်)
(င) အောက်ထပ်တံခါးမကြီးတွင် သံဘာဂျာတံခါးနှင့် ကျွန်းတံခါး၊ ပြတင်းပေါက်များတွင် သံပန်းများတပ်ဆင်ပေးရန်
(စ) အပေါ်ထပ်တက်သည့်လှေကားတွင် သံဘာဂျာတံခါးတပ်ဆင်ပေးရန်

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** - ၆-၄-၂၀၁၅ရက်မှ ၁၀-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း
၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ
၄။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၂၈၆၊ ၄၃၀၁၄၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ရုံးသုံးစက်ကိရိယာများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးအသုံးအဆောင်ပစ္စည်းများ
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၇၃၁၀၆၊ ၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

## ပြည်ထဲရေးဝန်ကြီးဌာန
## e-Passport ထုတ်လုပ်ရေးလုပ်ငန်းအတွက်
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Readable Passport)စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဦးဆောင်သည့် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါ e-Passportလုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်း မြန်မာနိုင်ငံသားနည်းပညာကျွမ်းကျင်သည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာကို ၂၀၁၅ ခုနှစ် ဧပြီ ၆ရက် (တနင်္လာနေ့)မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၈)တွင် ဝယ်ယူနိုင်ပြီး ၂၀၁၅ခုနှစ် ဧပြီ ၃၀ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ် (၃၈)သို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ နည်းပညာလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည် ဖြစ်ပါသည်။
၃။ တင်ဒါဖွင့်လှစ်မည့်ရက်ကို နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) သတင်းရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၄၁၁၅၆၇၊ ၀၆၇-၄၁၁၅၈၀
(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ ဖုန်း-၀၁-၅၄၆၆၂၄

# အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပါရမီလမ်း၊ ကွင်းအမှတ် ၁+၁၀၊ ဦးပိုင်အမှတ် ၇၉၊ မြေချိန်ဧရိယာ ဝဒသမ ၀၉၆ဧကမှာ ကျွန်တော်ဦးတင်အုန်း ၁၃/ကလတ(နိုင်)၀၀၁၈၈၄ အမည်ပေါက်ပိုင်ဆိုင်သော မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်အုန်း ၁၃/ကလတ(နိုင်)၀၀၁၈၈၄**

# အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ (ဘ) ဦးအောင်ဝင်းထွန်း၏သား မောင်ဝင်းလွင်ထွန်း ၁၂/ဒဂတ(နိုင်)၀၆၃၀၇၅ သည် ဦးသန်းညွှန့်လွင်၏သမီး မခင်ဖြိုးဖြိုးသူနှင့် ၈-၃-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရှေ့မှောက်၌ နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားခြင်း ကတိစာချုပ်အား ပြုလုပ်ပြီးနောက်ပိုင်း နှစ်ဖက်မိဘများ၏ သဘောဆန္ဒအရ ပေါင်းသင်းနေထိုင်ပြီး မခင်ဖြိုးဖြိုးသူသည် ၃၀-၃-၂၀၁၅ရက်တွင် မောင်ဝင်းလွင်ထွန်း၏ အဒေါ်ဖြစ်သူ ဒေါ်ဝါဝါခိုင်၏နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက် အကြောင်းမဲ့ထွက်ခွာသွားပါ၍ ၎င်းနှင့်ပတ်သက်ပြီး ကိစ္စအဝဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အောင် LL.B**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၃၁၃၃၉၆၇**
**အခန်းအမှတ်(၁)၊ ရှေ့နေများနားနေခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးဝင်း**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၄/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**
(က) စက်နှင့်စက်အရန်ပစ္စည်းများ -Flexible Water Hose
(ခ) ကုန်ကြမ်းပစ္စည်းများ- Woven Polypropylene Bag (WPP Bag), Low Density Polyethylene(LDPE)
(ဂ) ဓာတုဗေဒပစ္စည်းများ- Hydrochloric Acid, Calcium Hypochloride (Bleaching Liquid), Sulphuric Acid

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**
(က) ဓာတုဗေဒပစ္စည်းများ -Merox Catalyst Reagent No.1 (MCR-No.1) Unicor LHS (Corrosion Inhibitor), Propylene Dichloride(PDC) Silica Gel and Fluorescent Indicator Dyed Gel, Antifoaming Agent
(ခ) စက်နှင့်စက်အရန်ပစ္စည်းများ- PCB Variable Guide Vane Amplifier, Low Voltage Manager (BDM-100), Spare Parts for Urea Hydrolyzer Feed Pump, Urea Solution Pump, MP Absorbent Return Pump & Diaphargm Disc Pack

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**- ၂-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၅-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မနူဟာ၊ မြေကွက်/ဦးပိုင်အမှတ် ၁၈၊ ဧရိယာ ဝဒသမ ၈၉၅ဧကရှိ မြေကွက်အား ဒေါ်သိန်းရှင် (ဘ) ဦးချစ်ပို ၉/တကန(နိုင်)၀၁၂၃၆၇က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉အေ၁၊ မြေကွက်အမှတ် ၇၀ဘီ/၃၊ မြေကွက်တည်နေရာအမှတ် ၃၁၄၊ ဦးဝိစာရလမ်း ဒေါက်တာဖေသိန်း(ဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်၊ မန္တလေး)အမည်ပေါက် မြေပိုင်မြေအား မြေအမည်ပေါက် ခင်ပွန်းဖြစ်သူ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါက်တာကြူကြူဆွေ ၁၂/မရက(နိုင်)၀၂၈၀၂၃က သေစာရင်း၊ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ၎င်းထံမှ GP ၂၇၂၄/၁၈-၆-၁၂ ဖြင့်ရရှိသူ ဦးအေးကြူ ၉/မရမ(နိုင်)၀၁၀၀၀၀၁မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊
## အောင်ရတနာလမ်း၊ အမှတ်(၁၇)ရှိ (၁)ခန်းတွဲ (၄)ထပ်တိုက်၏
## ကန်ထရိုက်တာပိုင် မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍
# ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကန်ထရိုက်တိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ(STAKE CONSTRUCTION GROUP)မှ ကန်ထရိုက်တာ ဦးထွန်းထွန်း ၁၄/ညတန(နိုင်)၀၉၃၅၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေအချို့ကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန့်စန္ဒာဝင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**LL.B, D.B.L, D.M.L, D.I.L, P.D.S.W(Psy;), C.A.E.S(ASEAN)B.D.S(MOFA)**
**Ph:09-799776544**

# မြန်မာ့ရိုးရာအတာသင်္ကြန် နှစ်သစ်ကူးအကြိုဈေးရောင်းပွဲ

## ၄-၄-၂၀၁၅ မှ ၅-၄-၂၀၁၅ အထိ

Fashion Euphoria မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော အတာသင်္ကြန်နှစ်ကူးအကြို ဈေးရောင်းပွဲကို Fashion Euphoria ၏ အစဉ်အလာအတိုင်း အံ့သြပျော်ရွှင်ဖွယ် ဈေးနှုန်းများဖြင့် အထူးရောင်းချပေးမည်ဖြစ်ပါသည်။ ၂၀%မှ ၈၀% အထိ ပျော်ရွှင်စွာ ဝယ်ယူနိုင်မည့်အစီအစဉ်ကို ပါဝင်ဆင်နွှဲနိုင်ကြပါရန် မိတ်ဆွေဟောင်း မိတ်ဆွေသစ်များအား ဖိတ်ကြားအပ်ပါသည်။

**အချိန်** - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

**နေရာ** - အမှတ် ၅၀၂၊ သုတလမ်းထိပ်၊ ပါရမီမီးပွိုင့်အနီး၊ ဝေဇယန္တာလမ်းမပေါ်၊ တောင်ဥက္ကလာ

**ဆက်သွယ်ရန်** - ဖုန်း-၀၁-၅၇၀၀၂၁၊ ၀၉-၅၁၀၅၄၇၁


## သူရ(၁၃)ရဲအရာရှိများ နှစ်ပတ်လည်မိတ်ဆုံစားပွဲ

အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၅-၄-၂၀၁၅ ရက်(တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ အထိ
သံဃာတော်များ ဆွမ်းကပ်လှူခြင်း၊ အမှူးပေးဝေခြင်းနှင့် မိတ်ဆွေများ မိတ်ဆုံစားပွဲ

**နေရာ** - စစစ ဓမ္မာရုံ၊ မူလကမ္ဘာအေးစေတီအနီး (ရွှေတိဂုံစေတီ မြောက်ဘက်မုခ်)၊ သွေးဆေးကန်မှတစ်ဆင့် ဝင်လာပါ။
(သီးခြားဖိတ်စာမပို့ပါ)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးကျော်ကျော်ပိုင် **နှင့်** ၁။ ဒေါ်နန်းလွန်းမြ
၂။ ဦးအောင်ထွန်း
၃။ ဦးကျော်ဝေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၁၈၆/ခ)နေ တရားပြိုင် (၁)ဒေါ်နန်းလွန်းမြ၊ (၂)ဦးအောင်ထွန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မြစ်ကြီးနားခရိုင်တရားရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၉**

ဒေါ်သန္တာလင်း **နှင့်** ဒေါ်ခင်ဌေး (MKA-၀၄၁၃၆၆)

**တရားလို** **တရားပြိုင်**

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်နေ ဒေါ်ခင်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန္တာလင်းက 'မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆို ပေးစေလိုမှု' ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၇ ခုနှစ် ကဆုန် လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(မြင့်ဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်နိုင်လင်းထွန်း ၁၂/လမတ(နိုင်)၀၃၇၄၃၇ သည် မိဘနှစ်ပါးက သဘောမတူသည့် အမျိုးသမီးနှင့်ပေါင်းသင်းရန် အိမ်မှဆင်းသွားပြီးဖြစ်ပါသည်။ ဤသို့မိဘ၏ ဆုံးမသွန်သင်ခြင်းကို မနာခံသည့်အပြင် မိဘ၏ဂုဏ်သိက္ခာ ကျဆင်းစေခြင်း၊ စိတ်ဆင်းရဲစေခြင်းအမှုများကို ပြုလုပ်ခဲ့သောကြောင့် ၁၄-၃-၂၀၁၅ ရက်မှစ၍ ၄င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စတစ်စုံတစ်ရာကိုမျှ မိဘများက တာဝန်မယူကြောင်းနှင့် စုံစမ်းခြင်းကိုလည်းမပြုလုပ်ကြရန် ကြေညာ အပ်ပါသည်။

**ဦးစိုးနိုင်-ဒေါ်မြမြညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာသွယ်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၆၆၈၈**
**ဖုန်း-၀၉-၅၀၂၁၈၁၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားမရုံး**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉**

ဦးလီရှင်ချွန်း(ခ)ဦးစိန်ထွန်း **နှင့်** ၁။ ဦးစိန်လှိုင်
၂။ ဒေါ်မေရီ

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်နေ ဒေါ်မေရီ အား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလီရှင်ချွန်း(ခ)ဦးစိန်ထွန်းက သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ-၄၂ အရ တရားလိုသည် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ် ၁၈၊ အလျားပေ၄၀၊ အနံပေ ၆၀ရှိသော မြေကွက်ကို လက်ရှိထားပိုင်ဆိုင်ခွင့်ရှိကြောင်း၊ မြွက်ဟကြေညာပေးစေလိုမှု လျှောက် ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၅ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့် ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း ၂၀)**

**စဉ့်ကိုင်မြို့နယ်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၃**

မနွယ်နွယ်ဝေ **နှင့်** ကိုမင်းသူအေး

**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ကိုမင်းသူအေး အကွက် ၈၅၄၊ ချမ်းမြသာစည် တောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။

သင့်အပေါ် တရားလို မနွယ်နွယ်ဝေက လင်မယားကွာရှင်းပြတ်စဲပေးစေ လိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်အသီးသီးတို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၇ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆုဆုပြည့်ဖြိုး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၂၉၈)၊ ခြောက်လွှာ/ဘီ၊ (၁၃×၅၀)ပေအကျယ်ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေ သည် ပိုင်ရှင် ဒေါ်တင်ရတနာဖြိုး ၁၂/သကတ(နိုင်)၁၄၀၈၂၃ ထံသို့ စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါ၍ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံစွာဖြင့် လာရောက်ဆက်သွယ် ကန့်ကွက်နိုင် ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရတနာခိုင်ဖြူမြင့် LL.B၊ အထက်တန်းရှေ့နေ (စဉ်-၂၈၃၂၆)**
**ဖုန်း-၀၉-၇၃၀၉၆၁၈၀၊ ၀၉-၇၉၈၄၆၂၇၈၇**

## ချမ်းမြေ့အောင်နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိန်းတန် ၅/ခဥတ(နိုင်)၀၃၅၆၂၅၏ လွှဲအပ်ညွှန်ကြားချက် အရ သိစေအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင် နေထိုင်သော ဦးကျော်ဇင်၏သား မောင်ချမ်း မြေ့အောင် ၅/ခဥတ(နိုင်)၀၆၈၆၂၀ သည် မိဘများဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများအပေါ် ရန်သူသဖွယ်ပြုမူဆောင်ရွက်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသောကြောင့် ယနေ့မှ စ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား မိဘတို့အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ချမ်းမြေ့အောင်နှင့် အများသိစေ ရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မိုး(ကော့မှူး)၊ ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း ၁၁/၁၂အေ၊ ပထမထပ်၊ အမှတ် ၅၀၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၇၁၀၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ ၇ လမ်း၊ အမှတ် ၁၇ဟုခေါ် တွင်သော (၁၃ ၁/၂×၅၀)ပေရှိ နှစ်ခန်းတွဲခြောက်ထပ်အဆောက်အအုံ၏ မြေညီထပ်(ဝဲ)ဘက်ခြမ်း တိုက်ခန်းတစ်ခန်းကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဟု ဝန်ခံကတိပြုသူ ဒေါ်စုစီလာ ၁၂/လကန(နိုင်)၁၃၅၇၅၁ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီး အပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံး သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်ဇာလှိုင် LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၁/၁၂)**
**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၁၃၅၂၆၊ ၀၉-၇၉၉၆၀၇၃၇၉**

## (၃၀-၃-၂၀၁၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ရင်မေဝင်း၏ အများသိစေရန်ကြေညာချက်အပေါ် ရှင်းလင်းကြေညာခြင်း

ဒေါ်ရင်မေဝင်း၏ ကြေညာချက်ကို ကျွန်ုပ်တို့မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြား ချက်အရ ရှင်းလင်းပါသည်။ ဒေါ်ရင်မေဝင်းက ကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် ၄၀၂၇/၂၀၁၃ ကို ဦးကျော်မြင့်၏ဇနီး ဒေါ်သူဇာထံလွှဲပေးသော ကိုယ်စားလှယ်လွှဲစာ သည် ရုပ်သိမ်းပယ်ဖျက်ကြောင်း ကြေညာချက်ပါရှိသည့် ၃၀-၃-၂၀၁၅ရက် မတိုင်မီ ဆောင်ရွက်ထားသော အရောင်းအဝယ်ကိစ္စရပ်များသည် တရားဝင်ဖြစ်၍ ဒေါ်ရင်မေ ဝင်း၏ ဆောင်ရွက်ချက်သာဖြစ်သည့်အပြင် ၄-၂-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ၌ ကြေညာချက်ထည့်သွင်းပြီးဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမြင့်သောင်း** | **ဦးစိန်မြင့်** |
| **စဉ်-၄၀၄၄** | **စဉ်-၁၀၉၁၆** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကွင်းအမှတ် ၇၈၃/ A.S (သပြေကုန်းအနောက်)၊ ဦးပိုင်အမှတ် ၃၂၊ ဧရိယာ ၀ ဒသမ ၃၇ ဧကရှိ မြေကွက် ကြီးအနက်မှ ယင်းမြေကွက်၏အနောက်ဘက်ခြမ်း၊ ဧရိယာ ၃၂ပေ×၂၂၅ ပေရှိ မြေကွက် အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၆၉၊ ရွာမလမ်း၊ မြို့လှပိုင်း၊ ၁၁ ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော (၄)ပင်(၃)ခန်း နေအိမ် အဆောက်အအုံနှင့် ယင်းအဆောက်အအုံ၌စွဲကပ်တည်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် တို့ကို လက်ရှိတရားဝင်အမွေဆက်ခံပိုင်ဆိုင်လျက်ရှိသော ဒေါ်ရီရီခင် (ဘ)ဦးထွန်းမြတ် ၁၂/ခရန(နိုင်)၀၁၂၈၅၂ ထံမှ အပြီးအပိုင်ဝယ်ယူမှုပြုရန် သဘောတူညီမှုပြုခဲ့ပြီးနောက် ရောင်းချမှုတန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာစာပါ ရှိသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်သည့်အထောက်အထား စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်မှုပြုနိုင်ပါသည်။ သတ်မှတ်ထားသည့် ၁၄ ရက် ကျော်လွန်ခဲ့ပြီးနောက် ကန့်ကွက်သူတစ်စုံတစ်ရာမရှိခဲ့ပါက အထက်ပါမြေကွက်နှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဟန် B.A(Law), LL.B, (D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)**
**တိုက်အမှတ်(၂၈)၊ အခန်းအမှတ်(၄)၊ သုံးလွှာ၊ ၄၀လမ်း၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၃၂၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ မြေကွက် အမှတ်(၉၉)အမည်ပေါက် ဦးရွှေအင် JE-၀၀၃၈၄၂ ၏ မြေချပါမစ်သည် ရောင်းချခွင့် ရှိသူဟုဆိုသော ဦးရဲကျော်စွာအောင် ၁၂/ဥကတ(နိုင်)၁၄၂၀၂၁ ထံမှ ဒေါ်နန်းဖြူဖြူ အောင် ၁၂/တမန(နိုင်)၀၅၇၆၉၄ သည် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ပြီး၍ ခုနစ်ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းဖြူဖြူအောင်**
**ဖုန်း-၀၉-၇၉၉၂၆၁၀၁၅**

# ဆန်စပါးကုန်သွယ်မှု၊ စွမ်းအင်၊ ခရီးသွားကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**ဖနောင်ပင် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံးတည်ရှိရာ ငြိမ်းချမ်းရေးနန်းတော်သို့သွားရောက်ကာ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် နှစ်နိုင်ငံပူးတွဲကော်မရှင်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (စီအယ်လ်အမ်ဗွီ)နှင့် ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်စ်)ကဲ့သို့သော ယန္တရားများမှတစ်ဆင့် ဆန်စပါးကုန်သွယ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ စသည့်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်ထောက်ခံမှုပြုရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက လွှတ်တော်များနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ◆

## ယမ်းခိုးနံ့ကင်းဝေးခြင်းမှသည် စီးပွားရေးရောင်နီဦးဆီအရောက်လှမ်းရန် မျှော်မှန်း

ခင်ရတနာ



ဦးဝင်းအောင် (ဥက္ကဋ္ဌ) မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း



Ross Cormack (အမှုဆောင်အရာရှိချုပ်) အော်ရီဒူးမြန်မာ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း

**ရန်ကုန် မေ ၂၀**

မြန်မာငြိမ်းချမ်းရေးစင်တာမှာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးမူကြမ်းကို မတ် ၃၁ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ မကြာမီကာလအတွင်းမှာလည်း ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲတွေကို အောင်မြင်စွာ ကျင်းပနိုင်တော့မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာမှာရော၊ ဒေသတွင်းနိုင်ငံတွေကြားမှာ စီးပွားရေးအလားအလာကောင်းတဲ့ နိုင်ငံတစ်ခုအဖြစ်နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ ပဋိပက္ခတွေကြောင့် တိုင်းပြည် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု အားနည်းနေရခြင်းဟာ စီးပွားရေးရောင်နီဦးကို ဖျက်ဆီးသလိုဖြစ်နေရတယ်လို့ စီးပွားရေးကဏ္ဍမှ ပညာရှင်တွေကသုံးသပ်ပါတယ်။ အခုလို တည်ငြိမ်အေးချမ်းမှု သမိုင်းဝင်အလားအလာကောင်းကို အခွင့်ရှည်ထိန်းသိမ်းဖို့နဲ့ ဆက်လက်ညှိနှိုင်းကြိုးပမ်းကြဖို့ စီးပွားရေးလုပ်ငန်းရှင်တွေက သုံးသပ်ပြောကြားပါတယ်။

**ဦးဝင်းအောင်(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

နိုင်ငံတည်ငြိမ်အေးချမ်းမှု ကျန်တဲ့အရာတွေကို ဆက်လက်ပြီး လှုပ်ရှားဆောင်ရွက်နိုင်မယ်လို့

*စာမျက်နှာ ၆ ကော်လံ ၁* ❁

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ်ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့က ကြေညာချက်များထုတ်ပြန်

*သတင်း၊ စာမျက်နှာ-၁၁*

## မြန်မာယူ-၂၀ အသင်း မက်ဆီဒိုးနီးယား ပထမတန်းကလပ်နှင့်ခြေစမ်း

**ရန်ကုန် မေ ၂၀**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းသည် မေ ၁ ရက် ညပိုင်းက မက်ဆီဒိုးနီးယား ပထမတန်းကလပ် Shkendija (ခ)အသင်းနှင့် မက်ဆီဒိုးနီးယားနိုင်ငံ Tetovo Sports Center တွင် ခြေစမ်းကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာယူ ၂၀-အသင်းသည် နန္ဒကျော်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ အောင်သူ၊ မျိုးကိုထွန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး စိုးထွန်းနှင့်နိုင်လင်းထွန်းတို့ကိုလည်း ပွဲထွက်လူစာရင်း၌ အသုံးပြုခဲ့သည်။ ၃၈ မိနစ်တွင် မြန်မာအသင်း ဂိုးပေးခဲ့ရသော်လည်း ၆၅ မိနစ်တွင် စိုးထွန်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် ဆားဘီးယားနိုင်ငံမှတစ်ဆင့် မက်ဆီဒိုးနီးယားနိုင်ငံ သို့သွားရောက်နေခြင်းဖြစ်ပြီး မတ် ၃၁ ရက်မှ စ၍ လေ့ကျင့်လျက်ရှိသည်။

ညီမြတ်သော်တာ





ကြည့်မြင်တိုင် ဖုန်း ၀၉-၇၃၁၀၀၈၃၀ ၀၉-၇၃၁၀၀၈၃၁၊ မြောက်ဥက္ကလာပ ဖုန်း ၀၉-၄၉၃၁၀၄၄၉၊ ပေါက်တောဝ၊ အင်းစိန် ဖုန်း ၀၁-၆၄၃၇၃၅၈ ၀၉-၃၃၁၂၆၀၅၇ ၀၉-၃၁၄၇၁၆၅၄
ဥ-ခိုင်၊ ပြည်လမ်း ဖုန်း ၀၉-၄၃၀၄၉၃၅၆၊ မန္တလေး ဖုန်း ၀၉-၄၂၁၀၈၈၄၂၂ ၀၉-၆၅၀၀၄၁၃၊ နေပြည်တော် ဖုန်း ၀၉-၄၉၂၀၈၈၈၀ ၀၉-၃၁၁၃၆၂၆၁

R/488 မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

# လူမှုစီးပွားအားကစား

၂၀၁၅ ခုနှစ်၊ ဧပြီ ၃ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

**နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို လျှပ်စစ်မီးအလင်းရောင်ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့သော ဟိုပုံး/ကျောက်တန်း**

စာ - ၃



လူမှုစီးပွား

**ကျေးရွာနေပြည်သူများအတွက် စိမ့်စမ်းရေ သွယ်ယူပေး**

စာ - ၄



# အနိုင်မှတစ်ပါးအခြားမရှိခေါင်းစဉ်နဲ့အောက်က အီမရိတ်တိုက်ပွဲ




အာဆင်နယ်နဲ့ လီဗာပူး။

ဒီပွဲကို ရင်ခုန်တိမ်းမူးဖွယ်ကောင်းမယ့်ပွဲအဖြစ် အားလုံးက ယူဆလက်ခံကြတယ်။ ပြိုင်ဘက်နှစ်သင်းရဲ့ ခြေစွမ်းခြေစကို အသာထား။ အနိုင်အရှုံးအတွက် ချင့်ချိန်တွက်ဆမှုတွေကို ခဏဘေးဖယ်။ ဒီပွဲဟာ ပွဲရလဒ်ရဲ့စေစားနိုင်အားကပါ ပြင်းပြင်းပြပြ ရှိတယ်ဆိုတော့ ဒီပွဲကနေ ထွက်ပေါ်လာမယ့် ပြိုင်ဆိုင်မှုရဲ့ ဂယက်နဲ့ ဖျော်ဖြေနိုင်အားဟာ အတော်ပြင်းထန်မယ်လို့ ဆိုကြတယ်။ အရှင်းဆုံးပြောရရင် ဒီနှစ်သင်းစလုံးရဲ့ ပစ္စက္ခအဓိက ဦးတည်ရာဟာ ချန်ပီယံလိဂ်ဝင်ခွင့်ဆိုတာကလွဲလို့ အခြားမရှိဘူး။ ဒီတော့ ဦးတည်ရာတူပြီး အဲဒီဦးတည်ရာနေရာဟာလည်း နှစ်သင်းစလုံးတိုးဝင်ဖို့ သိပ်ခက်တဲ့အခါ။ ဒီပွဲရလဒ် အနိုင်အရှုံးရဲ့ စေစားမှုဟာ ခန့်မှန်းလို့ မရနိုင်လောက်အောင် ပြင်းရှရှနိုင်လွန်းတယ်လို့ ဆိုသလို အဲဒါဟာ ဒီပွဲရဲ့ အသက်၊ ဒီပွဲရဲ့ ရသနဲ့ ဒီပွဲကနေထွက်ပေါ်လာမယ့် ဖျော်ဖြေမှုပဲ ဖြစ်ပါတယ်လို့ ဆိုကြတယ်။

စာမျက်နှာ ၇ သို့


**Asian Green Adventure**

**Travel & Tour Co., Ltd.**

စိမ်းလန်းစွန့်စား ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ခရီးစဉ်များကို အဓိက စီစဉ်သည့် AGA Tour!!!

- ငွေတောင်ပြည် လှိုင်ကော်အလှနှင့် ထင်ရှားမြို့တော် ကလောမြို့အလှ (5 Day / 4 Night)
- ငွေဆောင်ကမ်းခြေနှင့် သဘာဝကျွန်းအလှ (4 Day / 3 Night)

18 April 2015 ခရီးစဉ်ထွက်မည်။

Tel : 01-552 156, 542 168, Hp : 09-732 055 29, 09-252 169 092,09-302 008 26,09-799 884 684.
Add : 62. Awba Street, Kyauk Myaung Ward, Tamwe Township, Yangon.
Email : asiangreenadventure travels@gmail.com, www.asiangreenadventure.com.

**iStock®** ကုန်ပစ္စည်းထိန်းကွပ်မှုစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763

Galaxy Software Co.,Ltd.
www.galaxy.com.mm

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို လျှပ်စစ်မီးအလင်းရောင်ဖြင့် ဂုဏ်ပြုကြိုဆိုခဲ့သော ဟိုပုံး/ကျောက်တန်း

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို နိုင်ငံတစ်ဝန်းလုံး၌ အမျိုးမျိုးသော ဂုဏ်ပြုမှုများ ပြုလုပ်ခဲ့ကြသည်။ လောက်ကိုင်ဒေသတွင် စွန့်စွန့်စားစား တိုက်ပွဲဝင်လျက်ရှိသော တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ စုပေါင်းလှူဒါန်းခြင်း၊ ကျဆုံး ဒဏ်ရာရအရာရှိ စစ်သည်များ၊ ကျန်ရစ်သူမိသားစုများကို ကူညီထောက်ပံ့မှုများပေးခြင်း၊ သွေးများစုပေါင်းလှူဒါန်းခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖောက်လုပ်ပြီးလမ်းများ၊ တည်ဆောက်ပြီးတံတားများ ဖွင့်လှစ်ခြင်း၊ ဆေးရုံဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်အဆောက်အအုံများ ဖွင့်လှစ်ခြင်းအပါအဝင် မွန်မြတ်သောလုပ်ငန်းပေါင်းများစွာ ကျက်သရေမင်္ဂလာရှိသော အခမ်းအနားပေါင်းများစွာ ကျင်းပ၍ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုခဲ့ကြသည်ကိုတွေ့မြင်ခဲ့ရသည်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနေဖြင့်လည်း နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုမှ ကျေးရွာပေါင်းခုနစ်ရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေး သွယ်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီက ကျောက်တန်းကျေးရွာ၌ ကျင်းပခဲ့ကြသည်။ ယင်းအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်သူ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုလျှပ်စစ်မီးလင်းရေးကော်မတီဝင်များ၊ ဟိုပုံး၊ ကျောက်တန်းဒေသမှ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။ အစီအစဉ်အရ ကျောက်တန်းကျေးရွာအုပ်စု ကျေးရွာခုနစ်ရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေး အခမ်းအနား အဝင်မုခ်ဦးကို ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦး တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရွာလယ်ရှိ ထရန်စဖော်မာရုံ အနီး စိုက်ထူထားသော ကမ္ပည်းမော်ကွန်းကျောက်စာကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးအမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ ယင်းနောက် ဖွင့်ပွဲအခမ်းအနားတတိယပိုင်း အစီအစဉ်ကို ကျောက်တန်းကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးဗိုလ်ချုပ်တင်အောင်ချစ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က အမှာစကားပြောကြားခဲ့ကြပြီး ဒေသခံတိုင်းရင်းသားများကိုယ်စား ကျောက်တန်းကျေးရွာအုပ်စုလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးခွန်ကျော်ငွေက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က တပ်မတော်သားဘဝ စစ်ဆင်ရေးတာဝန်ဖြင့် သွားလာနေထိုင်ခဲ့ဖူးသော ကျောက်တန်းကျေးရွာ။ ထိုအချိန် ထိုကာလ ထိုငယ်ဘဝပုံရိပ်များကို ပြန်လည်တမ်းတသတိရမိသောကြောင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကျွန်တော် ကျောက်တန်းကျေးရွာသို့ ရောက်ခဲ့သည်။ ထိုခရီးစဉ်ကိုအကြောင်းပြု၍ ရေးခဲ့သော ဆောင်းပါးခေါင်းစဉ်အတိုင်း ပြောပြရလျှင် ဟိုပုံး၊ ကျောက်တန်းလွမ်း၍ သွားခဲ့သည်ဟူ၍ ပဲဆိုကြပါစို့။ တကယ်လည်း ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်အမှတ်ရမိပါသည်။ စခန်းဟောင်းလေးနေရာ၊ တစ်မိုင်ခန့်ဝေးသော နမ့်ဟူးကျေးရွာရေချိုးဆိပ်၊ ထီတခု/နောင်ဒေးရွာဘက်သို့သွားသည့် လှည်းလမ်းကလေးတွေ၊ ကျောက်တန်းရွာအရှေ့ဘက်ယွန်းယွန်း ပွန်ချောင်းအနီးက ရွာကလေးများ၊ အနောက်ဘက်ဆီက မိုင်းပြင်း/လက်သဲ့ ကျေးရွာများ စသည်-----စသည်ဖြင့်။ သို့သော်ငြားလည်း ဟိုစဉ်က ကျောက်တန်းနှင့် ယခုကျောက်တန်းကတော့ တော်တော်ကွာခြားသွားပြီ ဖြစ်ကြောင်း သတိပြုမိသည်။ ဟိုပုံး-ကျောက်တန်းကားလမ်းက ကတ္တရာလမ်းအဖြစ်နှင့် တွေ့ရပြီး ထီတခု/ နောင်ဒေးရွာတွေဘက်ကိုလည်း ကားလမ်းပေါက်ခဲ့ပြီ။ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့၍ နမ့်ဟူးရွာသို့ ရေသွားချိုးရန် မလိုတော့ပြီ။ ထောပတ်သီးစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေကြောင်းတွေ့ရ၏။



ကျောက်တန်းကျေးရွာအုပ်စု ကျေးရွာခုနစ်ရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယခုလည်း ၂၄ နာရီ လျှပ်စစ်မီးလင်းသွားပြီမို့ ကျောက်တန်းရွာ၏ အနေအထားက အသေးစားဆန်စက်လုပ်ငန်းများ၊ ဝပ်ရှော့နှင့် တွင်ခုံလုပ်ငန်းများ၊ ဒေသထွက်ကုန်၊ ကုန်ကြမ်းများကို အဆင့်မြှင့်ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်မည် ဖြစ်ပေသည်။ ပအိုဝ်းတိုင်းရင်းသားများ၏ မိရိုးဖလာလုပ်ငန်း ဖြစ်သော သနပ်ဖက်လှော်ခြင်းလုပ်ငန်းများတွင်လည်း ရှေးရိုးစဉ်လာ ရေနံဆီမီးဖိုအသုံးပြုခြင်း၊ တတ်နိုင်သူများက ဒီဇယ်အင်ဂျင်သုံး၍ အပူပေးခြင်းစသည်တို့နေရာတွင် လျှပ်စစ်မီးကို ကောင်းစွာအသုံးချလာနိုင်မည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသား ကလေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက်ကိုလည်း ကြီးစွာသော အထောက်အပံ့ဖြစ်စေမည်မှာမလွဲပါ။ ကျောက်တန်း အထကသည် ရှေးယခင်ကာလ တွဲဖက်အထကကျောင်း အဖြစ်နှင့်ရှိနေစဉ်ကတည်းက ၁၀ တန်း အောင်ချက်ရာခိုင်နှုန်း မြင့်မားခဲ့သည်။ အစဉ်အလာ ကောင်းခဲ့သည်။

ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ကျေးရွာပေါင်းခုနစ်ရွာ မီးလင်းရေးအတွက် ဒေသခံများက ကိုယ့်အားကိုယ်ကိုးဖြင့် ငွေကျပ်သန်း ၄၀၀ ကျော် စုပေါင်းထည့်ဝင်၍ ၃၃ ကေဗွီဓာတ်အားလိုင်းမှ ၁၃ မိုင် သွယ်တန်းခြင်း၊ ထရန်စဖော်မာငါးလုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုနယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေ ၄၀၅ ဒသမ ၄၈ သန်းဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာနှစ်လုံး ထပ်မံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကျောက်တန်းဒေသအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စာကြည့်တိုက်တစ်ခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံ တစ်ခု၊ နမ့်ဟူးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ဆောက်ပေးခဲ့ပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း ဧက ၂၀၀ ဆောင်ရွက်ပေးခဲ့သည်။ စင်စစ်သော်ကား ကျောက်တန်းဒေသသည် နတလနှင့်မစိမ်း။ အဘဦးအောင်ခမ်းထီ ခေါင်းဆောင်သော PNO အဖွဲ့ ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးနောက် ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှစ၍ ကျောက်တန်းကျေးရွာ တိုက်နယ်ဆေးရုံကို စတင်တည်ဆောက်ပေးခဲ့သည်။ ကျောက်တန်း အထက ကျောင်းဆောင်သစ်အတွက်လည်း ၁၉၉၆-၁၉၉၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွင့်ပြုပေးခဲ့သည်။

ယခုကျင်းပခဲ့သော ကျောက်တန်းကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းရေး သွယ်တန်းဖွင့်လှစ်ခြင်းအခမ်းအနားသည် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ တာဝန်ထမ်းဆောင်မှု(၄)နှစ်ပြည့် အချိန်ကာလနှင့်လည်း တိုက်ဆိုင်လျက်ရှိပေသည်။ (၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ရုံးသစ်ကြီးကို မတ် ၃၁ ရက်က ဖွင့်လှစ်ခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့်က ဟိုပုံး/ကျောက်တန်းဒေသကို လွမ်းခဲ့၍ ကျွန်တော် သွားခဲ့သည်။ ယခု ကားလမ်းများပေါက်ပြီး သွားလမ်းလာလမ်းသာ၍ လျှပ်စစ်မီးရောင် ထိန်ထိန်ညီးညီးဖြစ်နေသော ကျောက်တန်းကိုလည်းပဲ နောင်နှစ်အတန်ကြာသောအခါ၊ တစ်နည်းအားဖြင့် ကျွန်တော်ဝန်ထမ်းဘဝက အနားယူပြီးချိန်၌ ထပ်၍လွမ်းခွင့်ရဦးမည်ထင်ပါသည်။ ထိုသောအခါ ကျောက်တန်းဒေသသို့ တတိယတစ်ခေါက် ရောက်ဖြစ်ဦးမည်လား မဆိုနိုင်ပေ။

မြင့်စိုး(နတလ)



ကျောက်တန်းကျေးရွာအုပ်စု ကျေးရွာခုနစ်ရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားများ။

**ပဲခူးတိုင်းဒေသကြီး**

## နွားယဉ်ကြော့အလှ အမောင်းပြိုင်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်ကျင်းပသော နွားယဉ်ကြော့အလှ အမောင်းပြိုင်ပွဲကို မတ် ၃၁ ရက်က ကျောက်တံခါးမြို့ ကွင်းတောင်ရပ်ကွက်အားကစားကွင်း၌ ကျင်းပသည်။

နွားယဉ်ကြော့အလှ အမောင်းပြိုင်ပွဲတွင် နွားအကြီးတန်း ၁၂ စီးနှင့်နွားလေးတန်း ၂၃ စီးတို့ ယှဉ်ပြိုင်မောင်းနှင်ခဲ့ကြပြီး နွားလေးတန်း တစ်ကောင်ချင်း အလှမောင်းပြိုင်ပွဲများလည်းကျင်းပခဲ့၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ရဲ့ရှေးအစဉ်အလာရှိခဲ့တဲ့ နွားယဉ်ကြော့အလှ အမောင်းပြိုင်ပွဲများကို နေရာဒေသအသီးသီးနဲ့ ဘုန်းကြီးပျံပွဲနဲ့ဘုရားပွဲတွေမှာလည်း ထည့်သွင်းယှဉ်ပြိုင်ကြပါတယ်၊ နွားတစ်ကောင်ချင်းအလှ အမောင်းပြိုင်ပွဲနဲ့ နွားလှည်းတစ်စီးနဲ့တစ်စီး ဇွဲလုံ့လရှိစွာ၊ စည်းလုံးညီညွတ်စွာဖြင့် ပန်းတိုင်မရောက် ရောက်အောင် အောင်ပွဲခံမောင်းနှင်နေသော နွားယဉ်ကြော့အလှ အမောင်းပြိုင်ပွဲများကိုကြည့်ရတာပျော်ရွှင်စရာကောင်းပါတယ်။ နောင်နှစ်များမှာလည်း ဆက်လက်ကျင်းပသွားမှာပါ"ဟု ကွင်းတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က ပြောသည်။

ခင်ကို(ကျောက်တံခါး)

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE — WE DEFINE LIFESTYLE

# 68 RESIDENCE CONDOMINIUM

DEVELOPED BY: UNITED GP — Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ တိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







5 % Discount
+
Interior Decoration Package with fully furnished facilities
( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စည်းရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်ခန်းတည်းတွင် ဧည့်ခန်းနှင့်နေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than 84% Sold Out

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
လှေခါးဒဏ်ကိုရစ်ချက်တာစစေအနည်းဆုံး(၈)ခံနိုင်အောင်
တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည်
အလွန်နိုင်မာသေချာရေးနှင့်ပြည့်စုံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

မြန်မာ့အလင်း
၃-၄-၂၀၁၅ (သောကြာနေ့)

ဘောလုံးလောကဟာ ရှည်လျားပေမယ့် ထိပ်တန်းအဆင့်မှာ တာရှည်စွာရပ်တည်နိုင်တဲ့ ကစားသမားကတော့ ရှားပါတယ်။ ကစားသမားအများစုဟာ ငယ်ရွယ်စဉ်မှာ ခြေစွမ်းပြကစားနိုင်ပေမယ့် အသက် ၃၀ ကျော် ရောက်ရင်တော့ ခြေစွမ်းပိုင်းတွေဟာ ယိုယွင်းလာပြီး အောက်ခြေကလပ်အသင်းတွေကို ပြောင်းရွှေ့ကြရတဲ့ ကစားသမားတွေက များတယ်လို့ ဆိုရမှာပါ။ ဒါပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ခံစစ်မှူး တယ်ရီတစ်ယောက်ကတော့ အသင်းနဲ့အတူ နှစ်ပေါင်းများစွာကြာအောင် မှတ်တိုင်သစ်တွေစိုက်ထူနေတဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာပါ။

အောင်က

# ချယ်လ်ဆီးအသင်းရဲ့ ဂန္ထဝင်မှတ်တိုင်ရှင် သို့မဟုတ် တယ်ရီ

တယ်ရီရဲ့ လက်ရှိအသက်ဟာ ၃၄ နှစ်ရှိပြီဖြစ်ပေမယ့် လက်ရှိရာသီမှာတော့ အသင်းရဲ့ ပြိုင်ပွဲအားလုံးမှာ ၃၂ ပွဲပါဝင်ပြီး အကောင်းဆုံးခြေစွမ်းပြနေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းဟာ တယ်ရီကို လာမယ့်ရာသီအထိ အသင်းမှာ ဆက်လက်ရှိနေဖို့အတွက် တစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းဟာ အသင်းရဲ့မူဝါဒဖြစ်တဲ့ အသက် ၃၀ ကျော်ကစားသမားတစ်ဦးကို တစ်နှစ်ထက်ပိုပြီး စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိဘူးဆိုတဲ့ မူဝါဒကိုတော့ ဆက်လက်ကိုင်တွယ်ထားဆဲလည်းဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့တဲ့ မန်နေဂျာ မော်ရင်ညိုကတော့ သူ့ရဲ့တပည့်ဟောင်း တယ်ရီကို အသင်းမှာဆက်လက်ရှိနေစေတဲ့အတွက် ကျေနပ်ပျော်ရွှင်မှု ရရှိနေပြီး ဒါဟာ အသင်းမှာ အကောင်းဆုံးကစားပေးနေတဲ့ တယ်ရီအတွက်တော့ ထိုက်သင့်တဲ့ ဆုလာဘ်တစ်ခုလို့လည်း ဆိုထားပါတယ်။

လန်ဒန်မြို့အရှေ့ဘက်ပိုင်း ဘာကင်းအရပ်မှာ မွေးဖွားခဲ့တဲ့ တယ်ရီဟာ ကနဦးပိုင်းမှာတော့ ဝက်စ်ဟမ်းအသင်းရဲ့ လူငယ်အကယ်ဒမီကို ကွင်းလယ်ကစားသမားတစ်ဦး အနေနဲ့ စတင်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ တယ်ရီဟာ အသက် ၁၄ နှစ်အရွယ်မှာတော့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ကစားခဲ့ပြီး ချယ်လ်ဆီးအသင်းရဲ့လူငယ်အသင်းမှာ ဗဟိုခံစစ်မှူးတစ်ဦးစတင် ကစားခဲ့ပါတယ်။ အဲဒီနေရာဟာ လက်ရှိတယ်ရီကစားနေခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။

တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာတော့ ၁၉၉၈ ခုနှစ်က စတင်ပါဝင်ကစားနေခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ တယ်ရီဟာ ကိုယ်ကာယပိုင်းတောင့်တင်းရုံသာမက ကျားကုတ်ကျားခဲနဲ့ အင်တိုက်အားတိုက်ကစားတတ်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ ဘောလုံးလုယူနိုင်မှုနဲ့ ပြိုင်ပွဲအခြေအနေတွေအပေါ် သုံးသပ်နိုင်မှုတွေမှာလည်း နာမည်ကြီးတဲ့ ခံစစ်မှူးတစ်ဦး ဖြစ်ပါတယ်။ သူဟာ နောက်ပိုင်းမျိုးဆက်သစ်ကစားသမားတွေထဲမှာတော့ အကောင်းဆုံး ဗဟိုခံစစ်မှူးတစ်ဦးလို့လည်း ဆိုနိုင်တဲ့သူ ဖြစ်ပါတယ်။ တယ်ရီဟာ ၂၀၀၅ခုနှစ်မှာလည်း AFP ရဲ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ၆၆၁ ပွဲ ပါဝင်ကစားထားတာကြောင့် အသင်းရဲ့ ပွဲ ၅၀၀ ကျော်ကစားထားတဲ့ ကစားသမား ငါးဦးထဲက တစ်ဦးအပါအဝင်လို့ ပြောရမှာပါ။ တယ်ရီဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဆုဖလား၊ အက်ဖ်အေဆုဖလား၊ ကတ်ပီတယ်ဝမ်းဆုဖလား၊ ယူရိုပါလိဂ်ဆုဖလားနဲ့ ချန်ပီယံလိဂ် ဆုဖလားတွေကိုလည်း ရယူနိုင်ခဲ့တဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းရဲ့ သမိုင်းကိုကြည့်မယ်ဆိုရင်တော့ တယ်ရီရဲ့ အခန်းကဏ္ဍဟာ ကြီးမားစွာ ပါဝင်ပတ်သက်မှုရှိနေတာကိုလည်းတွေ့ရမှာပါ။ တယ်ရီရဲ့ ချယ်လ်ဆီးအသင်း ကစားသမားဘဝကို ကြည့်မယ်ဆိုရင်လည်း ၂၀၁၂-၁၃ ရာသီသာ ဒဏ်ရာနဲ့ ရုန်းကန်နေရတာကြောင့် ခက်ခဲမှုတွေ၊ ဝေဖန်မှုတွေနဲ့အတူ ရုန်းကန်နေရပေမယ့် ကျန်ရှိနေတဲ့ အချိန်တွေကတော့ အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ကစားနေစဉ်အတွင်း ခံစစ်မှူး ကစားဖော် ၂၁ဦးတိတိ ပြောင်းရွှေ့မှုတွေ ရှိနေခဲ့ပေမယ့် သူကတော့အသင်းမှာ ဆက်လက်ရှိနေဆဲ၊ သမိုင်းမှတ်တိုင်တွေ စိုက်ထူနေဆဲ ကစားသမားတစ်ဦးဖြစ်တယ်။

တယ်ရီရဲ့ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် တယ်ရီဟာ ကလပ်အသင်းမှာသာ ခြေစွမ်းပြကစား နိုင်တာတော့ မဟုတ် ပါဘူး။ သူဟာ အင်္ဂလန်အသင်းရဲ့ အကောင်းဆုံး ဗဟိုကွင်းလယ်ကစားသမားတစ်ဦးအဖြစ်သာမက ကပ္ပတိန်တစ်ဦးအဖြစ်ပါ ပါဝင်ကစားခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

တယ်ရီဟာ အင်္ဂလန်အသင်းမှာ ၂၀၀၃ ခုနှစ်က စတင် ပါဝင်ကစားခဲ့တာဖြစ်ပြီး စတင်ပါဝင်ကစားခဲ့စဉ် ကတည်းက အင်္ဂလန်အသင်းရဲ့ အဓိက ကစား သမားအဖြစ် ပါဝင်ကစားခွင့်ရရှိထားခဲ့တဲ့ သူလည်း ဖြစ်ပါတယ်။ တယ်ရီဟာ အင်္ဂလန်အသင်းမှာ ၇၈ပွဲ ပါဝင်ကစားကာ ခြောက်ဂိုး သွင်းယူပေးထားခဲ့သူဖြစ်ပြီး အင်္ဂလန်ဘောလုံးသမိုင်းရဲ့အကောင်းဆုံး ခံစစ်မှူးတစ်ဦးလို့ သတ်မှတ်ထားခြင်း ခံထားရသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း တယ်ရီဟာ လက်ရှိအချိန်မှာ အသက် ၃၄ နှစ်ရှိပြီ ဖြစ်ပေမယ့် နိုင်ငံအသင်းနဲ့အတူ အကောင်းဆုံးကစားနိုင်ခဲ့သလို လက်ရှိချယ်လ်ဆီးအသင်းအတွက်တော့ အရေးပါတဲ့ ကပ္ပတိန်တစ်ဦးအဖြစ် ကစားနေပြီး အနာဂတ်မှာ ဘယ်လို အောင်မြင်မှုတွေကို ထပ်မံရယူပြီး သမိုင်းမှတ်တိုင်စိုက်ထူနိုင်မလဲ ဆိုတာကတော့ . . . . . .




## ပရီးမီးယားလိဂ်ပွဲစဉ်(၃၁)

**စနေနေ့ (၄-၄-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | အဲဗာတန် | - | ဆောက်သမ်တန် |
| ည ၈း၃၀ | လက်စတာ | - | ဝက်စ်ဟမ်း |
| ည ၈း၃၀ | မန်ယူ | - | ဗီလာ |
| ည ၈း၃၀ | ဆွမ်ဆီး | - | ဟားလ် |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | - | ကျူပီအာ |
| ည ၁၁း၀၀ | ချယ်လ်ဆီး | - | စတုတ် |

**တနင်္ဂနွေနေ့ (၅-၄-၁၅)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဘန်လေ | - | စပါး |
| ည ၉း၃၀ | ဆန်းဒါးလန်း | - | ကာဆယ် |

**တနင်္လာနေ့ (၇-၄-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ | ပဲလေ့စ် | - | မန်စီးတီး |

**ချယ်လ်ဆီးအသင်းဟာ တယ်ရီကို လာမယ့်ရာသီအထိ အသင်းမှာဆက်လက်ရှိနေဖို့အတွက် တစ်နှစ် စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းဟာ အသင်းရဲ့မူဝါဒဖြစ်တဲ့ အသက် ၃၀ကျော်ကစားသမားတစ်ဦးကို တစ်နှစ်ထက်ပိုပြီး စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိဘူးဆိုတဲ့ မူဝါဒကိုတော့ ဆက်လက်ကိုင်တွယ်ထားဆဲလည်းဖြစ်ပါတယ်။**

PUN HLAING HOSPITAL

Call us
684433
8:00 am to 5:00pm

ထင်နှင့်ထင့်မီထားစုအတွက် လက်လှတ်မခံထင့်သော အခွင့်အရေး
15 March ~ 15 June

| | |
|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေရှိ/မရှိစစ်ဆေးခြင်း (Calcium Score) | 9,900 ks |
| တင်ပါးဆုံအဆစ်နှင့်ခြေထောက်အနေအထားမှန်/မမှန်စစ်ဆေးခြင်း (Hip & Club Foot) | 4,900 ks |
| သားအိမ်ခေါင်းကင်ဆာ စစ်ဆေးခြင်း (Pap Smear) | 4,900 ks |
| ဆီးကျိတ်ကင်ဆာ စစ်ဆေးခြင်း (PSA) အမျိုးသားများသာ | 9,900 ks |
| အစာအိမ်အူလမ်းကြောင်းတွင် သွေးယိုစိမ့်မှုရှိ/မရှိ စစ်ဆေးခြင်း (Faecal Occult Blood) | 3,900 ks |
| ရင်သားဓာတ်မှန်ရိုက်စစ်ဆေးခြင်း (Mammogram) | 9,900 ks |
| အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်း (Hep B Screening) HBsAg & HbsAb | 9,900 ks |

လာရောက်စစ်ဆေးသူတိုင်းအား အရိုးပွမှုတိုင်းတာခြင်းကိုအခမဲ့ ပြုလုပ်ပေးမည်ဖြစ်ပါသည်...

Amazing Price

ပန်းလှိုင်ဆေးရုံ တွင်သာ

LIKE US ON facebook
Pun Hlaing Hospital